www.burmeseclassic.com


# ဗညားဦး [အိမ်မဲ]

သတင်းထောက် ဒီပကော်

နှင့်

## ညကာရက်ထားသောလ

သည်း ထိတ် ဆန်း စုံ ထောက် ဝ တ္ထု များ



BURMESE CLASSIC .com

design by : win htut

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် □□ ၂၀၁၃ ခုနှစ် ၊ ဩဂုတ်လ ၁

အုပ်ရေ □□ ၅၀၀

မျက်နှာဖုံးဒီဇိုင်း □□ ညီပုလေး (မဟာ)

အတွင်းပန်းချီ □□ မင်းထက်နိုင်

ကွန်ပျူတာစာစီ □□ ဌေမာန်

■

ပုံနှိပ်သူ

ဦးကျော်ရင် (၁၀၀၉၈)

ရွှေခြည်သွေးပုံနှိပ်တိုက်

၁၇၉ ၊ ၃၁လမ်း ၊ ပန်းဘဲတန်း ၊ ရန်ကုန်မြို့

■

ထုတ်ဝေသူ

ဒေါ်သင်းသင်းမွန် (သင်းစာပေ)

အမှတ် (၁၀)၊ ရတနာမြိုင်လမ်း ၊ လှည်းတန်း

ကမာရွတ် ၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

■

ဖြန့်ချိရေး

ရွှေဗညားစာပေ

ဖုန်း – ၃၁၁၅၉၀၃၃

## ကျွန်တော့်ရင်တွင်းစကား

ကျွန်တော့်ရင်တွင်းမှ
အနုပညာဖြစ်သော
ဤစာအုပ်ဖြင့်
ကွယ်လွန်သွားပြီဖြစ်သော
ဖေဖေ . . . မေမေ. . .
စာပေဝန်းကျင်မှ
သင်ဆရာ ၊ မြင်ဆရာ ၊ ကြားဆရာ
အပေါင်းအားလုံးလည်းကောင်း
ဘဝအိမ်မှ
သင်ဆရာ ၊ မြင်ဆရာ ၊ ကြားဆရာ
အပေါင်းအားလုံးကိုလည်းကောင်း
ဦးညွှတ်ကန်တော့လိုက်ပါ၏

မေတ္တာရည်တဲ့
**ဗညားဦး(အိမ်မဲ)**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်နှင့်ဗညားဦး(အိမ်မဲ)


ဆရာဗညားဦး(အိမ်မဲ)၏သတင်းထောက်ဒီပဇော်နှင့် ညက ဝှက်ထားသောလ အမည်ရှိသောစုံထောက်ရသဝတ္ထုကို စုစည်းမှု စာမူကျွန်တော်စားပွဲပေါ်သို့ ရောက်နေသည်ကို သတိထားမိသည်။ စားပွဲချင်းယှဉ်နေသည့်လုပ်ဖော်ကိုင်ဖက်ဖြစ်သူက ဆရာဖတ်ပြီး အမှာစာရေးပေးပါလို့ ဗညားဦး(အိမ်မဲ)က ပြောပြီးထားသွားတယ်။ သူ့ အချိန်မရလို့ ဆရာကိုမစောင့်တော့ဘူးတဲ့။ နောက်နေ့မှ သူလာခဲ့မယ် လို့ဆိုတယ်။

သြော်. . . ဗညားဦး(အိမ်မဲ)ပင်လျှင် စုံထောက်ဝတ္ထု စာအုပ် (၃)အုပ်မြောက်ကို ထုတ်လိုက်နိုင်ပြီပဲ။ ဤသို့မုဒိတာပွားရင်း သူ၏ညက ဝှက်ထားသော လစာမူကိုသေချာကြည့်လိုက်သောအခါ ကျွန်တော် ဖတ်စရာမလိုတော့သည့် စာမူများဖြစ်ကြောင်းတွေ့ရသည်။ ညကဝှက် ထားသောလစုံထောက်ဝတ္ထုတွင်ပါဝင်သည့် ဝတ္ထုများသည် ကျွန်တော် ၏ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းတွင် ကျွန် တော်ကိုယ်တိုင် အကြိုက်တွေ့ သဖြင့် ရွေးချယ်ဖော်ပြပေးခဲ့သော စုံထောက်ဝတ္ထုများဖြစ်သည်။ ဗညားဦး (အိမ်မဲ)သည် ရှားပါးလာပြီဖြစ်သော စုံထောက်ရသဝတ္ထုများကို တစိုက် မတ်မတ်ရေးသားနေသည့် စာရေးဆရာဖြစ်သည်။ သူ၏လက်ရာများ ကိုဖြစ်မှုမဂ္ဂဇင်းမြင်ကွင်းစုံမှုခင်းမဂ္ဂဇင်းများတွင်လည်း ရေးသားသူ ဖြစ်သဖြင့်သူ့ကို စာဖတ်သူများနှင့် အထူးတလည်မိတ်ဆက်ပေးစရာ လိုမည်မထင်ပါ။ စုံထောက်ဝတ္ထုများကို အားပေးဖတ်ရှုနေကြသော စာဖတ်သူများမှာ သူနှင့်ရင်းနှီးပြီးသား ဖြစ်ပါလိမ့်မည်။ ဗညားဦး (အိမ်မဲ)၏ သတင်းထောက်ဒီပဇော်နှင့် ညက ဝှက်ထားသောလဝတ္ထု ထဲက ဗညားဦး(အိမ်မဲ) ဖန်တီးထားသော ဇာတ်ကောင်သတင်းထောက် ဒီပဇော်ကို အားပေးချစ်ခင်မြတ်နိုးစွာ ဖတ်ရှုနိုင်ကြလိမ့်မည်ဟု ယူဆ ရကြောင်း ----

**မောင်သစ်နွယ်**
တာဝန်ခံအယ်ဒီတာ
ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း

# သတင်းထောက် ဒီပဇော် နှင့် ညကဝှက်ထားသောလ

## ဗညားဦး(အိမ်မဲ)




- သတင်းထောက်ဒီပဇော်နှင့် [illegible] ၉
- သတင်းထောက်ဒီပဇော်နှင့် [illegible] သမား ၂၆
- သတင်းထောက်ဒီပဇော်နှင့် [illegible] ၄၉
- [illegible] ၆၇
- [illegible] ၈၈
- [illegible] - ၁၀၆
- [illegible] - ၁၂၈
- [illegible] - ၁၄၃

www.burmeseclassic.com






# သတင်းထောက်ဒီပဇော်

# နှင့်

# ထောင်ချောက်ကြမ္မာ

## (၁)

မှောင်ရီသန်းနေပြီ ....။

''လာဟာ ချယ်ရီ''

''ဘယ်သွားမလို့လဲ အတာ''

''ဟို ... အိမ်ကြီးထဲ သွားကြည့်ကြရအောင်''

အတာလက်ညှိုးထိုးပြနေသော အိမ်ကြီးသည် အိမ်အိုကြီး။ ကုန်းမြင့်မြင့်ပေါ်မှာ တည်ရှိလျက်။

ချယ်ရီဆောင်း၏ခြေလှမ်းများသည် တုံ့ခနဲရပ်သွားသည်။

''ဘယ်သွားမလို့တုန်း အတာ ၊ ချယ်ရီမသွားချင်ပါဘူး''

''ဘိုးဘိုးတို့ ဘွားဘွားတို့ နေသွားတဲ့အိမ်ကြီးပဲ၊ သွားကြည့်ချင်သို့

www.burmeseclassic.com



ချယ်ရီ"

အတာက ချယ်ရီဆောင်းလက်ကို ဆုပ်ကိုင်ထားသည်မှာ တင်းတင်းကျပ်ကျပ်၊ အိမ်အိုကြီး၏ပတ်ဝန်းကျင်မှာ သစ်ခက်သစ်ရွက်များအုပ်အုပ်ဆိုင်းဆိုင်း၊ အိမ်အိုကြီး၏အမိုးများ ပြိုကျတွယ်ခိုနေလျက်။ တံခါးပေါက်များလည်း ပြုတ်ကျပျက်စီးနေလေပြီ။

အိမ်အိုကြီးအတွင်းမှ လင်းနို့ငှက်များ ဖြတ်ကနဲထပျံသန်းသွားသည်မှာ တစ်ကောင်၊ နှစ်ကောင်သုံးကောင်...။ အမှောင်ရိပ်က အိမ်ကြီးအတွင်းမှာ ကြီးစိုးနေပြန်သည်။

"ပြန်မယ် အတာ... ပြန်မယ် ချယ်ရီကြောက်တယ်"

"ဘာလို့ကြောက်ရမှာလဲ... လာပါချယ်ရီ ဟား... ဟား...ဟား..."

အတာသည် ချယ်ရီဆောင်း၏ လက်ကို အတင်းဆွဲခေါ်ရင်း ရယ်မောနေလိုက်သည်။ ချယ်ရီဆောင်းက အတာဆုပ်ကိုင်ထားသော လက်ကို ရုန်းလိုက်သည်။ သို့ပေတည့် အတာ လက်ထဲမှ မရုန်းသာသူမှာ ချယ်ရီဆောင်း။ အတာအတင်းဆွဲခေါ်ရာသို့ လိုက်ပါသွားရသည်။

"အတာ...ချယ်ရီကြောက်တယ်။ ကြောက်တယ်... ချယ်ရီမလိုက်ရဲဘူး"

ချယ်ရီဆောင်းက အသံကတုန်ကယင်ဖြင့်ပြောရင်း အတာလက်ထဲမှ အတင်းရုန်းထွက်ရန် ကြိုးစားသည်။

"ဘာလို့ကြောက်ရတာလဲချယ်ရီ၊ အတာတစ်ယောက် လုံးရှိပါတယ်။ မကြောက်စမ်းပါနဲ့... လာပါချယ်ရီ"

ထိုအချိန်တွင် လေပြင်းဝှေ့ရမ်းတိုက်ခိုက်သွားသည်။ အိမ်အိုကြီးအတွင်းမှ လင်းနို့ငှက်များ ထပျံကုန်ကြသည်။

"ချယ်ရီ မလိုက်ရဲဘူး အတာ၊ ချယ်ရီကြောက်တယ်..."





"ချယ်ရီကလည်းကွာ... ကလေးကျနေတာပဲ... ကြောက်တတ်ရဲ့ကော ဟား... ဟား.... ဟား... မကြောက်စမ်းပါနဲ့ လာပါချယ်ရီရာ"

အတာက ချယ်ရီဆောင်းကို အတင်းဆွဲခေါ်သည်။ အိမ်အို ကြီး၏အဝပေါက်ဝကို ရောက်သွားသည်။

"ချယ်ရီမလိုက်ရဲဘူး ... ချယ်ရီကြောက်တယ်အတာ"

ချယ်ရီဆောင်းသည် ချောက်ချောက်ချားချားနှင့်ရှိသမျှ ခွန်အားတွေဖြင့် ရုန်းလိုက်သည်။ အတာဆုပ်ကိုင်ထားသော လက်မှလွတ်ထွက်သွားပြီး အိမ်အိုကြီး၏အပြင်ဘက်ကို ရောက်သွားသည်။

အတာသည် ချယ်ရီဆောင်းကို အတင်းဆုပ်ကိုင် ဆွဲထားသည့် အရှိန်ကြောင့် အိမ်အိုကြီးအတွင်းကိုရောက်ရှိသွားပြီး အိမ်အိုကြီး၏ တိုင်တစ်တိုင်ကို လှမ်းဖက်တွယ်လိုက်သည်။ ထိုအခါတိုင်ကြီးသည် အောက်ခြေမှ ကျွတ်ထွက်ပြီး လဲကျသွားသည်။

ထိုအခါ အိမ်အိုကြီး၏အပေါ်ပိုင်းများ ပြုတ်ကျလာပြီး အတာ၏ကိုယ်ခန္ဓာပေါ်ကို အရှိန်ပြင်းစွာကျခဲ့လေသည်။

"အား ..."

"ဝုန်း ..."

"ဒုန်း ..."

"အတာ... အတာ... အတာ ..."

အိမ်အိုကြီး၏ ဝန်းကျင်တွင် အသံဗလံများဟိန်းညံတုန်ခါသွားတော့သည်။

xxx



www.burmeseclassic.com

www.burmeseclassic.com



(၂)

လွင့်ပျံ့ရိုက်ခတ်လာသည့် အိမ်အိုကြီး၏ ဝေညံသံနှင့်အတူ ချယ်ရီဆောင်း၏အသံသည်လည်း စူးရှတုန်ခါ ပဲ့တင်ထပ်သွားတော့သည်။

ဒေါ်ခင်စပယ်သည် တုန်ဟည်းညံသွားသော အိမ်ပြိုသံကြောင့် တိုက်အတွင်းမှ ပြေးထွက်လာသည်။

"လုပ်ကြပါဦး ... ကျွန်မသားလေးကို ကယ်ကြပါဦး"

အိမ်အိုကြီးအတွင်းမှ အသံဗလံများ တိတ်ဆိတ် ငြိမ်သက်သွားသည်။

အိမ်အိုကြီးရှေ့တွင် ရပ်ငေးနေသူမှာ ချယ်ရီဆောင်း။ ဒေါ်ခင်စပယ်သည် ချယ်ရီဆောင်းကို ကြည့်နေသည်မှာ စိမ်းစိမ်း စူးစူး။

"ချယ်ရီ ... နင် ... ငါ့သားကို ဘယ်လိုလုပ်လိုက်တာလဲ၊ ပြောစမ်း ချယ်ရီ"

"ဒေါ်လေး ... ချယ်ရီ ... အတာကို ဘာမှ မလုပ်ပါဘူး"

"နင် ငါ့သားကို လုပ်ကြံတာမဟုတ်လား ချယ်ရီ"

ထိုစဉ် ဦးသိုက်ကျော်ပြေးလာသည်။

"ဒေါ်ခင်စပယ် ... ချယ်ရီကို အရမ်းမစွပ်စွဲပါနဲ့ ... ကျုပ် မြက်ပေါက်နေရင်း လှမ်းကြည့်နေတယ်၊ အတာက ချယ်ရီကို အတင်းဆွဲခေါ်သွားတာ ခံရတာပါ... ချယ်ရီနဲ့မဆိုင်ပါဘူး"

ထိုအချိန်တွင် မြို့ထဲသို့ ဆိုင်ကယ်နှစ်စီး ပြေးလွှားဝင်ရောက်လာသည်။ ဆိုင်ကယ်နှစ်စီးပေါ်မှ လျှပ်မြန်စွာ ဆင်းလာသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်ကိုကိုနိုင်။

ရပ်ကွက်ထဲမှ လူများသည် ပြိုကျပျက်စီးနေသော အရာများကို ဖယ်ရှားကြပြီး အပြိုအပျက်အောက်ခြေ၌ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော အတာကိုထမ်းပြီး အပြင်ဘက်ကို ထုတ်လာကြသည်။





"သား .. သား ... သားရယ်"

ဒေါ်ခင်စပယ်သည် အတာကို ပွေ့ဖက်ရှိုက်ငင်နေသည်။ ဒီပဇော်နှင့် ဒုရဲအုပ် ကိုကိုနိုင်သည် အတာကို စိုက်ကြည့်နေသည်။ ပြီးမှ ဦးသိုက်ကျော်ကို ဒုရဲအုပ်ကိုကိုနိုင်က မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ဦးလေး"

"ဦးလေးမြက်ပေါက်နေရင်း တွေ့ရတာကတော့ အတာက ချယ်ရီကို အိမ်အိုကြီးဘက်ဆီ အတင်းဆွဲခေါ်သွားတာ တွေ့ရတယ်။ အိမ်အိုပေါက်ဝရောက်တော့ အတာအရှိန်မထိန်းနိုင်တော့ဘဲ အိမ်အိုကြီးအတွင်းထဲရောက်သွားပြီး အိမ်ပြိုကျသွားတာ တွေ့လိုက်ရတာပဲ"

"မဟုတ်ဘူး .. မဟုတ်ဘူး .. ဦးသိုက်ကျော်ပြောတာ တစ်ခုမှ မဟုတ်ဘူး ... အဒေါ့်သားကို ချယ်ရီလုပ်ကြံတာ"

ဒေါ်ခင်စပယ်သည် ကတိုက်ကရိုက်ဝင်ပြောလိုက် သည်။ ဒီပဇော်နှင့် ဒုရဲအုပ်ကိုကိုနိုင်၏ မျက်လုံးများသည် ဒေါ်ခင်စပယ် ဆီကို ရောက်သွားသည်။

"အဒေါ်... ချယ်ရီက အတာ့ကို လုပ်ကြံတာဟုတ်လား"

"ဟုတ်တယ် ကိုဒီပဇော်... ချယ်ရီက အတာ့ကို လုပ်ကြံတာ"

"မဟုတ်ဘူး ကိုဒီပဇော် ... ဒေါ်ခင်စပယ်ပြောတာ မဟုတ်ဘူး"

"ဦးသိုက်ကျော် ဘာမှဝင်မပြောပါနဲ့ ဦး"

ဒုရဲအုပ် ကိုကိုနိုင်သည် ဦးသိုက်ကျော်ကို ပြောလိုက်သည်။ ပြီးမှ ဒေါ်ခင်စပယ်ကို ဆက်မေးသည်။

"အဒေါ့်သားကို ချယ်ရီလုပ်ကြံတယ်ဆိုတာ ဘာအထောက်အထားနဲ့ပြောတာလဲ"

"ဒီလိုပါ ချယ်ရီအသက် (၂၃)နှစ်ကျရင် အမွေတွေ အားလုံးပေးရမယ်။ ချယ်ရီက သူရမယ့်အမွေတွေကို အဒေါ် နဲ့ အဒေါ့်သားက အပိုင်ယူမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်နေသလားမသိဘူး။ အဲကြောင့် အဒေါ်သားကို ချယ်ရီလုပ်ကြတာဖြစ်မယ်”

“မဟုတ်ဘူး၊ ဒေါ်လေးပြောတာမဟုတ်ဘူး”

ချယ်ရီဆောင်းသည် ငိုရင်းရှိုက်ရင်း ခေါင်းနွဲ့နွဲ့ယိမ်းယိမ်း ပြောနေသည်။ ဒီပဇော်နှင့် ဒုရဲအုပ်ကိုကိုနိုင်သည် ချယ်ရီဆောင်းကို ငေးကြည့်ပြီး အိမ်အိုကြီးထဲကို လှမ်းဝင်သွားသည် အိမ်အိုကြီးထဲကို စူးစူးစမ်းစမ်း လိုက်လံကြည့်နေမိသည်။

ပြိုကျနေသော တိုင်ခြေကို သေချာစွာစိုက်ကြည့်နေသူမှာ ဒီပဇော်။ အိမ် အိုကြီးကို စူးစူးစမ်းစမ်းကြည့်ပြီး အိမ်အပြင် ဘက်ကို ထွက်လာသည်။

“ကဲ... အဒေါ်ဘာမှစိတ်ပူမနေနဲ့ ... အမှန်တရားအတိုင်း ဖြစ်စေရပါ့မယ်... ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်”

ဒီပဇော်သည် ဒေါ်ခင်စပယ်ကို ပြောလိုက်သည်။ ဒုရဲအုပ် ကိုကိုနိုင်သည် ဦးသိုက်ကျော်ကို လှမ်းကြည့်ရင်း ...

“ဦးသိုက်ကျော်... ကျွန်တော်တို့နဲ့အတူ ရဲစခန်းကို လိုက်ခဲ့ပါဦး ... သိချင်တာလေးတွေ မေးမြန်းစရာရှိလို့ပါ”

ဦးသိုက်ကျော်သည် ခေါင်းညိတ်ရင်း ဒေါ်ခင်စပယ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒေါ်ခင်စပယ်သည် မျက်ရည်များကြားမှ နှုတ်ခမ်းတင်းတင်းစေ့ထားပြီး ဦးသိုက်ကျော်ကို မာမာထန်ထန်ပြန်ကြည့်နေလျက်။

ဦးသိုက်ကျော်သည် ရုတ်ချည်းမျက်နှာလွှဲလိုက်ပြီး ခြံအပြင်ဘက်သို့ ထွက်လာခဲ့သည်။

×××





(၃)

“အိမ်အိုကြီးရဲ့အကြောင်းကို ပြောပြပါဦး ဦးသိုက်ကျော်”

ဒုရဲအုပ်ကိုကိုနိုင်သည် စားပွဲရှေ့တွင် ဝင်ထိုင်နေသော ဦးသိုက်ကျော်ကို မေးလိုက်သည်။

“အင်း ... ဒီအိမ်အိုကြီးကို နှစ်ပေါင်းလေးဆယ်ကျော်က ဒေါ်ခင်စပယ်ရဲ့ မိဘတွေနေသွားတဲ့ အိမ်ကြီးပါ။ ဒေါ်ခင်စပယ်ရဲ့ မိဘတွေဆုံးပါးသွားပြီးနောက် ဘယ်သူမှမနေဘဲ ဒီအတိုင်းပစ်ထားခဲ့တာ”

ဦးသိုက်ကျော်၏စကားကို နားထောင်ရင်း မျက်မှောင်ကြုတ်နေသူမှာ ဒီပဇော်။ ဒုရဲအုပ်ကိုကိုနိုင်က ဆက်မေးသည်။

“ဒေါ်ခင်စပယ်က သူ့သားကို ချယ်ရီလုပ်ကြံတယ် လို့ပြောတာ ဘာအဓိပ္ပါယ်နဲ့ပြောတာလဲ ဦးသိုက်ကျော်”

ဦးသိုက်ကျော်သည် ဒီပဇော်ကို တစ်ချက်လှမ်းကြည့်ရင်း

“အဲကတော့ ဒီလိုပါ... ချယ်ရီဟာ ဦးရဲ့ဆရာ ဦးချစ်မောင်နဲ့ ဒေါ်နှင်းဆီခင်တို့ရဲ့ သမီးပါ။ ဒေါ်နှင်းဆီခင် ဆုံးပါးသွားပြီးတဲ့နောက် ဆရာဦးချစ်မောင်ဟာ ဒေါ်နှင်းဆီခင်ရဲ့ ညီမဖြစ်တဲ့ ဒေါ်ခင်စပယ်ကိုခေါ်ထားပြီး ချယ်ရီကိုထိန်းခိုင်းတယ်။ ဆရာဦးချစ်မောင် ကျန်းမာရေး မကောင်းတဲ့နောက် မဆုံးခင်မှာ အမွေအားလုံးကို ချယ်ရီကို လွှဲပေးလိုက်တယ်။ ဒါပေမယ့် ချယ်ရီအသက် (၂၃)နှစ် ကျမှ အမွေတွေလွှဲပေးရမယ်လို့ပါတယ်။ ဒီကြားထဲ ဒေါ်ခင်စပယ်ကထိန်းထား ရတယ်။ ဆရာဦးချစ်မောင်ဆုံးသွားပြီး အခုချယ်ရီ အသက်(၂၃) နှစ်ပြည့်တော့မယ်။ အမွေတွေပေးရတော့မယ်။ ဒါကို ဒေါ်ခင်စပယ်က ချယ်ရီကို မပေးချင်ဘူး။ ဒါကြောင့် ဒေါ်ခင်စပယ်က သူ့သားနဲ့ပေးစားပြီး ချယ်ရီကို ဒုက္ခပေးတယ်လို့ပဲ ဦးထင်တယ်။ အတာက ချယ်ရီကို အတင်းအဓွဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားတာ ဦးတွေ့ရပါတယ်''

ဒီပဇော်သည် ဦးသိုက်ကျော်၏ စကားများကို သေချာနားထောင်ရင်း မေးစေ့ကိုပွတ်သပ်နေလျက်။ အုရဲအုပ်ကိုကိုနိုင်သည် မှတ်တမ်းစာအုပ်ပေါ်တွင် မှတ်တမ်းရေးလိုက်သည်။ ဒီပဇော်က

''ဦးသိုက်ကျော် ဒီအိမ်ကြီးကို အဲဒီနေ့က ဘယ်သူတွေ အဝင်အထွက် လုပ်တာတွေ့သလဲ''

''အင်း ... မတွေ့ပါဘူး ... ဘာဖြစ်လို့လဲ ကိုဒီပဇော်''

''ဘာမှမဖြစ်ပါဘူး ဦးသိုက်ကျော်''

''ကဲ.. ဦးသိုက်ကျော် ခင်ဗျားပြန်နိုင်ပါပြီ ... အကြောင်းထူးရှိရင် ကျွန်တော်တို့ဆီကို အကြောင်းကြားပါ''

အုရဲအုပ် ကိုကိုနိုင်သည် ဦးသိုက်ကျော်ကို ပြောရင်း မှတ်တမ်းစာအုပ် ကို ပိတ်လိုက်သည်။

''စိတ်ချပါ ဦး အကြောင်းကြားပါ့မယ်''

ဒီပဇော်သည် ရဲစခန်းအတွင်းမှ ပြန်ထွက်သွားသော ဦးသိုက်ကျော်ကို လှမ်းကြည့်နေသည်။ အုရဲအုပ်ကိုကိုနိုင်က

''ကိုဒီပဇော်... ဘယ်လိုကောက်ချက်ဆွဲသလဲ''

''ကျွန်တော်တို့ အိမ်အိုကြီးကို လိုက်ကြည့်တော့ ပြိုလဲသွားတဲ့တိုင် အောက်ခြေကို ကျွန်တော်သေသေချာချာကြည့်မိ တယ်။ တိုင်အောက်ခြေဟာ ရုတ်တရက်ပျက်စီးပြီး ပြိုကျသွားတဲ့ အနေအထား မတွေ့ရဘူး။ တိုင်အောက် ခြေမှာလွှတိုက်ထားတဲ့ ပုံသဏ္ဍာန်ကို တွေ့ရတယ်။ ဒါကြောင့် တစ်စုံတစ် ယောက်ရဲ့ ထောင်ချောက်ပုံစံလုပ်ထားတာဖြစ်နိုင်ပါတယ် ကိုကိုနိုင်။''

''ဒါဆို ထောင်ချောက်ဆင်ထားတဲ့သူဟာ ဒေါ်ခင်စပယ်လား''

'' ဦးသိုက်ကျော်ပြောပုံအရ ဆိုရင် ဒေါ်ခင်စပယ်ကို





...သံသယဝင်မိတယ်။ ဒါပေမယ့် ကျွန်တော်တို့ ခိုင်မာတိကျတဲ့အလီဘိုင်ပြနိုင်ဖို့ ...ဖမ်းထောက်လှမ်းရမှာပဲ''

''ဟုတ်ပါတယ်... ကိုဒီပဇော်''

×××

(၄)

အိမ်ပေါ်ကို လှမ်းတက်လာသော ခင်ခင်ခိုင်သည် နွဲ့ နွဲ့လေး။

ဒီပဇော်သည် စာအုပ်ကိုဖတ်နေရင်းမှ...

''လာ... ခိုင် ထိုင်လေ''

''ကိုဇော် ဘာစာအုပ်တွေ ဖတ်နေတာလဲ''

''ဆရာနေစိုးသော်ရေးတဲ့ ရှေ့နေမလေး မေစံရှားနှင့် သောနုတ္တရဖျင့် ...ဘာန္ဒီများ စာအုပ်ကိုဖတ်နေတာ... ခိုင်''

ခင်ခင်ခိုင်သည် ဒီပဇော်နံဘေးတွင် ဝင်ထိုင်လိုက်သည်။

''ကိုဇော်ကို ပြောရဦးမယ်... မနေ့ညနေက ဒေါ်ခင်စပယ် တို့အိမ်မှာ ...ရီစာတ်လိုက် သွားလို့တဲ့''

ဒီပဇော်သည် ခင်ခင်ခိုင်၏စကားကို စိတ်ဝင်စားသွားသည်။

''ချယ်ရီစာတ်လိုက်ခံရတယ် ဟုတ်လားခိုင်''

''ဟုတ်တယ် ကိုဇော်... ဒါပေမယ့် ချယ်ရီက ကံမြင့်နေတော့ ဘာမှ ...လိုက်ပါဘူး''

''ချယ်ရီစာတ်လိုက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော်သည် တွေးတွေးဆဆလုပ်နေလိုက်သည်။

"နိုင်... စခန်းဘက်ကို သွားလိုက်ဦးမယ်... လိုက်ခဲ့ပါလား"

ခင်ခင်နိုင်သည် ခေါင်းညိတ်လိုက်သည်။ ခင်ခင်နိုင်သည် ဆိုင်ကယ်နောက် ထိုင်ခုံပေါ်တွင် ထိုင်လျှက် စခန်းဘက်ကို ဒီပဇော်၏ဆိုင်ကယ် ပြေးလွှားနေသည်။

"လာ ကိုဒီပဇော်... ခင်ခင်နိုင်လည်း ပါတာကိုး"

"ဟုတ်ကဲ့ရှင့်"

ခင်ခင်နိုင်သည် ပြုံးလဲ့ကြည်သာစွာ အုရဲအုပ်ကိုကိုနိုင်ကို နှုတ်ဆက်လိုက်သည်။

"ဘာတွေထူးခြားသေးလဲ ကိုဒီပဇော်"

"မနေ့ညနေက ချယ်ရီခာတ်လိုက်တယ်လို့ သတင်းရတယ်ကိုကိုနိုင်"

"ချယ်ရီခာတ်လိုက်တယ် ဟုတ်လား ကိုဒီပဇော်"

ထိုစဉ် ရုံးခန်းထဲသို့ ဦးသိုက်ကျော်ဝင်လာသည်။ အုရဲအုပ် ကိုကိုနိုင်သည် ဦးသိုက်ကျော်ကို လှမ်းမေးလိုက်သည်။

"ဦးသိုက်ကျော် ဘာတွေထူးခြားလို့လဲ"

"အိမ်မှာ မနေ့ညနေက ချယ်ရီခာတ်လိုက်ခံရတယ်။ အဲဒါနဲ့ပတ်သက်ပြီး ထူးခြားတာတွေရှိလို့ ဦးလာပြီး အကြောင်း ကြားတာ"

"ဟုတ်ကဲ့ပါ ဦးသိုက်ကျော် ပြောပါဦး"

"ဒီလိုပါ... မနေ့ နေ့လယ်က အိမ်ခန်းထဲက မီးခလုတ်တစ်ခုရှော့သွားတယ်။ အဲဒီ ဒေါ်ခင်စပယ်က လျှပ်စစ်ပစ္စည်းပြင်တဲ့ဆိုင်က ဖိုးလင်းဒွေးကို ခေါ်ပြီးပြင်ခိုင်းတယ်။ ဒေါ်ခင် စပါယ်နဲ့ ဖိုးလင်းဒွေးတို့ ကြိတ်ပြီးစကားပြော နေတာဦးတွေ့ရတယ်။ ဦးတော့ ချယ်ရီခာတ်လိုက်တာ ဒေါ်ခင်စပယ်ကို သံသယဝင်မိတယ်"





ဒီပဇော်သည် ဦးသိုက်ကျော်ပြောနေသည့် စကားများကို သေချာစိုက်စားထောင်ရင်း မေးစေ့ကို ပွတ်သပ်နေလျှက်။

ပြီးမှ ဝင်မေးလိုက်သည်။

"ဦးသိုက်ကျော်... ဖိုးလင်းဒွေးဆိုတာ ဈေးထဲက လျှပ်စစ်ပစ္စည်း ဆိုင်တဲ့ဆိုင်က မဟုတ်လား"

"ဟုတ်တယ် ကိုဒီပဇော်"

"ကဲ ဦးသိုက်ကျော် ပြန်လို့ရပါပြီ"

ဦးသိုက်ကျော်သည် စခန်းအပြင်ဘက်ကို လှမ်းထွက် သွားသည်။

"ကိုဒီပဇော် ကျွန်တော်တို့ ဒေါ်ခင်စပယ်အိမ်ကို မျက်ခြည်မပြတ် ကြည့်ဖို့လိုလာပြီ"

"ဟုတ်တယ် ကိုကိုနိုင်... ဒီလိုလုပ်မယ်... ကျွန်တော် ပဲ ဒေါ်ခင်စပယ် အိမ်ကို စောင့်ကြည့်မယ်"

"ကောင်းပါတယ် ကိုဒီပဇော်"

ဒီပဇော်နှင့် ခင်ခင်နိုင်သည် အုရဲအုပ်ကိုကိုနိုင်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

×××

(၅)

"တွို..."

ဆိုင်ကယ်ကို ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပေါ်မှ သွက်သွက်လက်လက် ဆင်းလိုက်သူမှာ ဒီပဇော်။ စခန်းတွင်းသို့ ခြေလှမ်းကျဲကျဲနှင့် လှမ်းဝင်သွားသည်။

''ဘယ်လိုလဲ ကိုဒီပဇော်''

''အင်း... ဒေါ်ခင်စပယ်အိမ်ကို ဒီနေ့တစ်နေ့လုံး စောင့်ကြည့်ခဲ့တယ်။ ဘာမှထူးခြားတာတော့ မတွေ့ရသေးပါဘူး။ ဒါပေမယ့် ဆက်ပြီး စောင့်ကြည့်ဦးမယ် ကိုကိုနိုင်။''

ဒုရဲအုပ်ကိုကိုနိုင်သည် စားပွဲရှေ့တွင် ထိုင်နေသောဒီပဇော်ကို စီးကရက်ဘူးလှမ်းပေးလိုက်သည်။ ဒီပဇော်သည် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ် ကို ထုတ်ယူပြီး မီးညှိကာ ရှိုက်ဖွာနေလိုက်သည်။

''တစ်ခါတစ်ရံ တရားခံရဲ့ခြေရာဟာ သိပ်ပြီးလျှို့ဝှက်နေတတ်တယ် ကိုဒီပဇော်... ဒါကို ကျွန်တော်တို့ သတိချပ်ရမယ်။ ဒီခြေရာကို လမ်းစမပြတ်သွားအောင် သတိပြုစောင့်ကြည့်နေရမယ် ကိုဒီပဇော်''

ထိုအချိန်တွင် ရုံးခန်းဝတွင်ရပ်နေသူမှာ ဦးသိုက်ကျော်။ ဒုရဲအုပ်ကိုကိုနိုင် သည် ဦးသိုက်ကျော်ကို လှမ်းကြည့်ပြီး မေးလိုက်သည်။

''ထိုင်ပါ ဦးသိုက်ကျော် ဘာသတင်းထူးရလို့လဲ''

ဦးသိုက်ကျော်သည် စားပွဲလွတ်တွင် ဝင်ထိုင်ရင်း...

''ဒီနေ့ နေ့လယ်က ဦးခြံထဲကို လိုက်ကြည့်တော့ ခြံအပြင်ဘက်မှာ လူတစ်ယောက်ကို ရိပ်ခနဲတွေ့လိုက်ရတယ်။ ဒေါ်ခင် စပယ်ကလည်း ခြံအပြင်ဘက်ကို ဧကြည့်ပြီး အိမ်ထဲကို ပြန်ဝင်သွားတယ်။ အဲဒါ ဦးသံသယဝင်မိလို့ လာသတင်း ပို့တာပါ''

''ဘယ်လိုသံသယဝင်မိတာလဲ ဦးသိုက်ကျော်''

''ဒီလိုပါ အဲဒီလူနဲ့ ဒေါ်ခင်စပယ်တို့ အဆက်အသွယ် ရှိတယ်လို့ ဦးထင်တယ်။ ဒေါ်ခင်စပယ်က အဲဒီလူနဲ့ပေါင်းပြီး ချယ်ရီကို ဒုက္ခပေးဦးမယ်လို့ သံသယ ဝင်မိတာပါ။''

ဒီပဇော်သည် ဒုရဲအုပ်ကိုကိုနိုင်ကို လှမ်းကြည့်လိုက်သည်။ ဦးသိုက်ကျော်ကိုမေးလိုက်သူက ဒီပဇော်...

''ခြံအပြင်ဘက်မှာ တွေ့လိုက်တဲ့လူကို သေသေချာချာတွေ့လိုက်သလား ဦးသိုက်ကျော်''

''သေသေချာချာတော့ မတွေ့လိုက်ပါဘူး။ ရိပ်ခနဲတွေ့မိတာပါ ကိုဒီပဇော်''

''အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောမပြနိုင်ဘူးလား''

''အင်း... ပုံပန်းသဏ္ဌာန်ကိုတော့ ပြောမပြနိုင်ဘူး။ ဒါပေမယ့် အဲဒီလူက ဦးထုပ်အနက်ရောင် ဆောင်းထားတာ ဖျတ်ခနဲတွေ့လိုက်ရတယ်''

ဒီပဇော်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ ဦးထုပ် တစ်လုံး ထုတ်လိုက်ပြီး ဦးသိုက်ကျော်ကို ပြလိုက်သည်။

''ဦးသိုက်ကျော် ဒီဦးထုပ်မျိုးလား''

ဦးသိုက်ကျော်သည် ဒီပဇော်လက်ထဲမှ ဦးထုပ်ကို စူးစိုက်ကြည့်ရင်း

''ဟုတ်တယ် ကိုဒီပဇော်.. ဒီဦးထုပ်မျိုးပဲ''

ဒုရဲအုပ်ကိုကိုနိုင်သည် ဒီပဇော်ကိုတစ်ချက်လှမ်းကြည့် လိုက်သည်။ ဒုရဲအုပ်ကိုကိုနိုင်က

''ဦးသိုက်ကျော် အဲဒီလူနဲ့ဒေါ်ခင်စပယ်တို့က ပူးပေါင်းပြီး ချယ်ရီကို ဒုက္ခပေးလိမ့်မယ်လို့ ဦးသိုက်ကျော်သံသယဝင်မိတယ်ဟုတ်လား။''

''ဟုတ်တယ်... ဒေါ်ခင်စပယ်ဟာ အဲဒီလူနဲ့ပေါင်းပြီး ချယ်ရီကို လုပ်ကြံမှာ တယ်လို့ ဦးထင်တာပဲ''

ဒီပဇော်သည် ဦးသိုက်ကျော်ကို စူးစိုက်ကြည့်နေသည်။ ပြီးမှ—

''ကဲ... ဦးသိုက်ကျော်ပြန်နိုင်ပါပြီ။ နောက်သတင်းထူးရှိရင်အကြောင်း

www.burmeseclassic.com



ကြားပါဦး"

"အေး... သတင်းထူးတာတွေ့ရင် အကြောင်းကြားပါ့မယ်"

ဦးသိုက်ကျော်သည် အပြင်ဘက်ကို ထွက်သွားသည်။

ဒီပဇော်သည် ဦးသိုက်ကျော် ကျောပြင်ကို လှမ်းကြည့်ရင်း ပြုံးနေမိသည်။

ဒီပဇော်အပြုံး၏ အဓိပ္ပါယ်သည် လျှို့ဝှက်နေလိမ့်မည်။

×××

(၆)

"အဖေ...အဖေ...အဖေ"

ခြံဝမှနေပြီး လှမ်းခေါ်နေသူမှာ မလေးသိမ့်။ မလေးသိမ့်သည် ဦးသိုက်ကျော်၏သမီး။ တစ်ခါတစ်ရံ ဦးသိုက်ကျော်ဆီကို လာတတ်သည်။

"အဖေ...အဖေ...အဖေ"

မလေးသိမ့်သည် အသံကိုမြှင့်လိုက်ပြီး အော်ခေါ်ပြန်သည်။ ဦးသိုက်ကျော်ထွက်မလာ၍ ခြံထဲကို လှမ်းဝင်လာသည်။ ခြံဝင်းထဲတွင် ညင်သာစွာ လျှောက်လာရင်း ခြံထဲကိုလိုက်လံကြည့်နေမိသည်။

အိမ်ရှေ့ကနှင်းဆီပန်းအိုးဆီကို လျှောက်လာသည်။ မလေးသိမ့်သည် နှင်းဆီပန်းကို နှစ်သက်သူဖြစ်သည်။ နှင်းဆီပန်းတစ်ပွင့်ကို လှမ်းကိုင်ပြီး ကြူကြူနမ်းလိုက်သည်။

"သမီး... သမီး... အဲဒီပန်းကို မနမ်းနဲ့... မနမ်းနဲ့"





ဦးသိုက်ကျော် လှမ်းပြောသံကို မကြား။ နှင်းဆီပန်းကို တရှိုက်ရှိုက်နမ်းကြူလိုက်သူမှာ မလေးသိမ့်။

"သမီး... သမီး... သမီး"

ဦးသိုက်ကျော်သည် မလေးသိမ့်ဆီကို ကတိုက်ကရိုက် ပြေးလာသည်။ ဦးသိုက်ကျော်၏ခြေလှမ်းများ နောက်ကျသွားလေပြီ။ မလေးသိမ့်သည် နှင်းဆီပန်းကို နမ်းလိုက်သည့်အခါ မြေပြင်ပေါ်ကို ခွေလျက်လဲကျသွားသည်။

ထိုစဉ် ခြံဝင်းထဲသို့ ဆိုင်ကယ်နှစ်စီး အရှိန်ပြင်းစွာ ဝင် ရောက်လာသည်။ ဆိုင်ကယ်ပေါ်မှ လျှင်မြန်စွာ ဆင်းလာကြသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်ကိုကိုနိုင်။

"သမီး... သမီး... သမီးရယ်"

ဦးသိုက်ကျော်သည် မလေးသိမ့်ကို ပွေ့ဖက်ရင်း အော်ခေါ် နေသည်။

"ဦးသိုက်ကျော် ထ:ပါဦး"

ဦးသိုက်ကျော်သည် ဒီပဇော်၏စကားကြောင့် ထရပ်လိုက်သည်။ မျက်ဝန်းတွင်လည်း သောကရိပ်တွေနှင့်။

"ဘယ်လိုဖြစ်တာလဲ ဦးသိုက်ကျော်"

"ဦးသမီးလေး ဒီပန်းကို နမ်းမိရင်း မေ့မျောလဲကျ သွားတာပဲ"

"ဒါဆိုရင် ဒီပန်းဟာ တစ်ခုခုကြံစည်ထားလို့ ဖြစ်မှာပါ ဦးသိုက်ကျော်"

"ဖြစ်နိုင်တယ် ကိုဒီပဇော်"

"ဒေါ်ခင်စပယ်ရဲ့ လက်ချက်ပဲလို့ ဦးသိုက်ကျော် ပြောဦးမလား"

ထိုစဉ်အိမ်ထဲမှ ပြေးထွက်လာကြသူမှာ ဒေါ်ခင်စပယ်နှင့် ချယ်ရီ...

"ဘယ်လိုဖြစ်တာလဲ ဦးသိုက်ကျော်"

"သမီးလေး ဒီပန်းကို နမ်းမိရင်း မေ့မျောလဲကျသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ... ဒီပန်းကို နမ်းမိတာနဲ့ မေ့မျောလဲကျသွားတယ် ဟုတ်လား ဦးသိုက်ကျော်... တော်သေးတာပေါ့ ချယ်ရီ ဒီပန်းကို သွားမခူးတာ ကံကောင်းတာပေါ့''

ဒေါ်ခင်စပယ်၏နံဘေးတွင်ရပ်နေသူမှာ ချယ်ရီဆောင်း။ မျက်လုံးလေး ဝေ့လည်ဝေ့လည်နှင့်။

ထိုအခါ ဒုရဲအုပ်ကိုကိုနိုင်သည် ရဲဘော်တစ်ဦးကို လှမ်း ပြောလိုက်သည်။

''ဦးသိုက်ကျော်ကို လက်ထိတ်ခတ်လိုက်ပါ''

ရဲဘော်တစ်ဦးသည် ဦးသိုက်ကျော်ကို လက်ထိတ်ခတ်လိုက်သည်။ ဦးသိုက်ကျော်မျက်လုံးကျယ်ထွက်သွားသည်။ ဒေါ်ခင်စပယ်၏မျက်လုံးသည် ဦးသိုက်ကျော်ထံကို ရောက်သွားသည်။

''ဒီလိုပါ ဒေါ်ခင်စပယ်... ကျွန်တော်ရှင်းပြပါ့မယ်။ ဦးသိုက်ကျော်... ဒီကင်မရာထဲက ဓာတ်ပုံတွေကိုကြည့်စမ်းပါ။ လူတစ်ယောက် နှင်းဆီပန်း အိုးနားသွားပြီး အင်္ကျီအိတ်ထဲက ပုလင်းကိုထုတ်ပြီး ပုလင်းထဲက အရည်တွေ နှင်းဆီပန်း ပေါ်ကိုလောင်းနေတဲ့လူဟာ ဘယ်သူဖြစ်နိုင်မလဲ ကြည့်စမ်းပါဦး ဦးသိုက်ကျော်''

ဦးသိုက်ကျော်သည် ဒီပဇော်လှမ်းပေးသော ကင်မရာထဲက ဓာတ်ပုံ၏ မြင်ကွင်းများကို လှမ်းကြည့်ရင်း တဆတ်ဆတ်က တုန်ကယင်ဖြစ်နေသည်။

''အဲဒီလူဟာ ဦးသိုက်ကျော်ပဲမဟုတ်လား... ကျွန်တော် ဒီခြံအပြင်ကနေ ဒီအိမ်ကြီးကိုစောင့်ကြည့်နေတယ်။ နေ့လယ်က ဦးသိုက်ကျော်ရဲ့ လှုပ်ရှားမှု အားလုံးကို ကျွန်တော်တို့ ဓာတ်ပုံရိုက်ယူထားတာပါ။ ဒီအိမ်မှာဖြစ်ပွားတဲ့ ထောင်ချောက် အားလုံးဟာ ဦးသိုက်ကျော်ပဲ ဖန်တီးခဲ့တာမဟုတ်လား။ ဦးသိုက်ကျော် အိမ်အိုကြီးထဲက အိမ်တိုင်တစ်တိုင်ပြိုကျသွားတာလည်း





ဦးသိုက်ကျော်လက်ချက်ပါပဲ။ အဲဒီပြိုကျသွားတဲ့အိမ်တိုင်အောက်ခြေမှာ လွှရာကိုတွေ့ရတယ်။ ဒီအိမ်မှာလွှကိုင်တတ်သူဟာ ဦးသိုက်ကျော်တစ်ယောက်ပဲရှိတယ်။ နောက်တစ်ချက်က ချယ်ရီဓာတ်လိုက်တုန်းက မီးခလုတ် ပြင်တဲ့ မိုးလင်းဒွေးကို ကျွန်တော်တို့မေးမြန်းပြီးပါပြီ။ ဦးသိုက်ကျော်က မိုးလင်းဒွေးကိုငွေပေးပြီး မီးခလုတ်ကို ဓာတ်လိုက်အောင် လုပ်ခိုင်းတယ် မဟုတ်လား။ နောက်တစ်ချက်က ခြံအပြင်ဘက်မှာ လူတစ်ယောက်တွေ့တယ်။ အဲဒီလူနဲ့ ဒေါ်ခင်စပယ်တို့ ပူးပေါင်းပြီး ချယ်ရီကို ဒုက္ခပေးလိမ့်မယ်လို့ ဦးသိုက်ကျော်ပြောခဲ့တယ်နော်။ အမှန်တော့ ဦးသိုက်ကျော်ခြံအပြင်ဘက်မှာ တွေ့လိုက်တဲ့လူဟာ ကျွန်တော်ပါပဲ။ ကျွန်တော် ဦးသိုက်ကျော်တို့ခြံကို မျက်ခြည်မပြတ် ကြည့်နေတာပါ။ အဲဒီနေ့ ဒေါ်ခင်စပယ် ခြံထဲကို ဆင်းလာတယ်။ ကျွန်တော်က မြင်မှာစိုးလို့ အပြင်ဘက်ကို ပြေးထွက်သွားတာ။ ဒါကို ဦးသိုက်ကျော်ပြောလိုက်တဲ့ စကားလုံးအပေါ် ကျွန်တော်တို့ ဦးသိုက်ကျော်ကို သတိပြုမိလာတယ်။ ခုတော့ ဦးသိုက်ကျော် ဘယ်လိုလှည့် ကွက်ကို ဖန်တီးဦးမလဲ''

ဒုရဲအုပ်ကိုကိုနိုင်သည် ဦးသိုက်ကျော်ကို စူးစိုက်ကြည့်ရင်း

''ကဲ ဦးသိုက်ကျော်... အဖြစ်မှန်ကို ဖွင့်ပြောပါ''

ဦးသိုက်ကျော်သည် ဒေါ်ခင်စပယ်ကို မျက်နှာခပ်ထန် ထန် ကြည့်လိုက်သည်။

''အဖြစ်ကဒီလိုပါ။ ဦးတို့ မိသားစုဟာ ဦးချစ်မောင်၊ ဒေါ်နှင်းဆီခင်တို့ အိမ်မှာ အလုပ်ဝင်လုပ်တယ်။ ဦးချစ်မောင်ဟာ တကယ်စေတနာကောင်းတယ်။ သဘောထားပြည့်တယ်။ ဦးတို့ မိသားစုအပေါ် အမြဲကြည့်တတ်ပါတယ်။ ဒါပေမယ့် ဒေါ်နှင်းဆီခင်ကျတော့ မာနကြီးတယ်။ လူကို လူလိုမမြင်တတ်တဲ့ မိန်းမ။ ဦးတို့ မိသားစုအပေါ် အမြဲတမ်းမာနကြီးနဲ့ ဆက်ဆံတယ်။ အသိုးဆုံးတာတော့ တစ်ခါ တစ်ရံဦးမိန်းမကို ဆဲတဲ့အပြင်ရိုက်တယ်။ ဦး —မှာ

www.burmeseclassic.com



ဒေါ်နှင်းဆီခင်ကို နာကျည်းတယ်။ မုန်းတီးတယ်။ ဒေါ်နှင်းဆီခင်ရဲ့ ညီမ ဒေါ်ခင်စပယ်ကလည်း ဒေါ်နှင်းဆီခင်အတိုင်းပါပဲ။ ဒေါ်နှင်းဆီခင်တို့ ညီအစ်မတွေဟာ လူကို လူလိုမမြင် တတ်တဲ့ လူတန်းစားတွေဗျ။ ဦးအသည်းနာတဲ့နေ့ကတော့ အိမ်မှာ ဦးမရှိတဲ့နေ့တစ်နေ့ပေါ့။ ဦးမိန်းမကို ဒေါ်နှင်းဆီခင်နဲ့ ဒေါ်ခင်စပယ်တို့က ဝိုင်းရိုက်ကြတယ်။ အဲဒီနေ့ကစပြီး ဦးမိန်းမကို ဒီအိမ်မှာ မထားတော့ဘဲ ဦးတို့မိဘတွေအိမ်မှာပဲပို့ထားလိုက်တယ်။ ဦးလည်း အလုပ်ထွက်မလို့ပါပဲ။ ဦးချစ်မောင်က ဦးကို အလုပ်မထွက်ဖို့ တားပါတယ်။ ဦးချစ်မောင်ကတော့ တကယ့်မေတ္တာတရားနဲ့ လူပါ။ အဲဒါနဲ့ ဦးလည်း အလုပ်မထွက်ဖြစ်တော့ဘူး။ ဒါပေမယ့် ဦးရင်ထဲမှာတော့ ဒေါ်နှင်းဆီခင်တို့ ညီအစ်မကို အသည်းနာပြီး ရန်ငြိုးထားခဲ့ပါတယ်။ ဒေါ်နှင်းဆီခင်ဆုံးပြီး မကြာခင် ဦးချစ်မောင်လည်းဆုံးသွားတယ်။ ဒါကြောင့် ဦးက ဒီအိမ်ကြီးပေါ်မှာပဲတက်နေတယ်။ နောက်တစ်ချက်ကလည်း ဒေါ်ခင်စပယ်နဲ့ သူမျိုးဆက်တွေကို ဒုက္ခရောက်အောင်လုပ်ဖို့ ဦးမှာအကြံအစည်လည်းရှိတယ်။ အခုဒီအိမ်မှာ ဖြစ်ပွားသမျှအားလုံးဟာ ဒေါ်ခင်စပယ်နဲ့ သူ့သားအတာကို ထောင်ချောက်ဆင်ခဲ့တာပါပဲ။"

"တော်တော် အကြံပက်စက်ယုတ်မာလှချည်လား ဦးသိုက်ကျော်"

ဒေါ်ခင်စပယ်၏အသံသည် လှိုင်းခတ်ထွက်ပေါ်လာသည်။ ဦးသိုက်ကျော်ကို ကြည့်နေသော ဒေါ်ခင်စပယ်၏မျက်လုံးသည်လည်း စိမ်းစိမ်းစူးစူး။

"အခုတော့ သူများအပေါ် မကောင်းကြံတဲ့အတွက် မိမိ ထောင်ခဲ့တဲ့ ထောင်ချောက်ကြမ္မာဟာ ကိုယ့်ဘက်ကို လှည့်လာတာပဲမဟုတ်လား။ လောကကြီးမှာ ကိုယ်မကောင်းတာလုပ်ရင် မကောင်းသလိုပဲ ခံရတတ်တယ် ဦးသိုက်ကျော်"

ဒီပဇော်သည် ဦးသိုက်ကျော်ကို ပြောပြီး ခြံအပြင်ဘက်ကို ဒုရဲအုပ်





ကိုကို နိုင်နှင့်အတူ ထွက်လာသည်။ နောက်မှာ ဦးသိုက်ကျော်တို့ ရဲအစွဲ့မှ ခေါ်ဆောင်လာခဲ့သည်။

ရပ်ငြိုးငေးမောကျန်ရစ်ခဲ့သူမှာ ဒေါ်ခင်စပယ်နှင့် ချယ်ရီဆောင်း။ ဒေါ်ခင်စပယ်၏ ရင်ခွင်ထဲကို ချယ်ရီဆောင်းပြေးဝင်ပိုက်လှုံနေလိုက်သည်။

ဗညားဦး (အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com






## သတင်းထောက်ဒီပဇော်

## နှင့်

## အိပ်မက်ထဲက ဆိုင်ကယ်သမား

(၁)

လမ်းမပေါ်တွင် နှင်းပွင့်များကြွေကျသံသည် တဖျောက်ဖျောက်။

နှင်းများရစ်နွယ်ခြုံသိုင်းနေသည့်အတွက်ကြောင့် ဝန်းကျင်တစ်ခွင်တွင်ရှိဝေဆိုင်းဆိုင်း။

နှင်းကြွေသံတဖျောက်ဖျောက်ထက် ပွပွလေးကြားနေရသောအသံမှာပြေးလွှားနေသော ခြေလှမ်းသံနုနုလေးများ။ ပြေးလွှားနေသော ခြေလှမ်းသံနုနုကား မိန်းမပျိုလေးနှစ်ယောက်၏ ခြေလှမ်းဟန်ချက်ညီညီသင်းပေါ်ကိုချလိုက်သည့်အသံ။

မိန်းမပျိုလေးနှစ်ယောက်သည် ဆောင်းတွင်းကာလ အားအားယားရှိမှုအနေနှင့် နံနက်ခင်းတွင် နွဲ့ နွဲ့ဟန်ချီ ပြေးကစားနေကြ၏ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ ဆွယ်တာအနီရောင်နှင့်။ သူ့နာမည်က ခင်ချိုသက်။ တစ်ယောက်မှာ အကျီအဝါရောင်ကလေးနှင့်။ သူ့နာမည်က ယမင်းနုနု။

နှစ်ယောက်သား ဟန်ချက်ညီညီ ပြေးလွှားလာရင်း လမ်းခွဲရှိသည့်နေရာအရောက်တွင် ယမင်းနုနုက ခင်ချိုသက်ကို ငဲ့ညွှတ်ကြည့်ရင်း ...

"သက်သက်ရေ ကိုယ်တော့ သူငယ်ချင်းတစ်ယောက်အိမ်ကို ခဏဝင်လိုက်ဦးမယ်"

"အေး အေး... ဒီလိုဆိုရင် ကိုယ်တစ်ယောက်တည်း ဆက်ပြေးလိုက်ဦးမယ်နော်"

ခင်ချိုသက်ပြေးနေဆဲ ၊ လမ်းချိုးကလေးထဲကို လှမ်းဝင်သွားသူမှာ ယမင်းနုနု။

ခင်ချိုသက်ပြေးနေသော လမ်းသည် လမ်းဖြောင့်လမ်းမကြီးဖြစ်သလို လေကလည်း ညင်းသွဲ့သွဲ့လေးကြားမှ တိုက်ခတ်နေသည်မှာ တဖြူးဖြူး လေကောင်းလေသန့်ကို ရှူရှိုက်ကာပြေးလို့ကောင်းနေသူမှာ ခင်ချိုသက်။

ထိုစဉ်အနောက်ဘက်မှ တဲပက်ခေါ် ဆိုင်ကယ်စီးဦးထုပ်ကြီးကို လေကာဖိုက်ဘာမှန်ချပ်ကိုပါ ချထားသည့်လူတစ်ယောက်စီးလာသည့် ဆိုင်ကယ်တစ်စီး မောင်းနှင်လာရင်း ဆိုင်ကယ်ပေါ်ကလူသည် ခင်ချိုသက်ကျောပြင်ကို ဓားနှင့်တအားလှမ်းပေါက်လိုက်သည်။

"ဝှစ်... ဒီး... ခုတ်"

"အား..."

ဓားသည် ခင်ချိုသက်ကျောပြင်ကို နက်ရှိုင်းစွာ စိုက်ဝင်သွားပြီးနောက် သွေးများပြာခနဲ ထွက်သွားသည်။ ခင်ချိုသက်သည် လမ်းမပေါ်သို့ ခွေလျက် လဲကျသွား၏။ ဆိုင်ကယ်သမားက သွေးစီးကြောင်းကို ဖြတ်နင်း၍ အရှိန်ပြင်း





ဖြင့်မောင်းထွက်သွားသည်။

လမ်းမပေါ်တွင်လည်း သွေးများအိုင်ထွန်းလျက်။ ထိုအခိုက် လမ်းတစ်ဖက်မှ လူတစ်ယောက်ပြေးလာသည်။

"ဟာ... မိန်းကလေးတစ်ယောက်လဲကျနေပါလား"

ထိုလူသည် လဲကျနေသော ခင်ချိုသက်ကို သေသေချာချာကြည့်နေသည်။ မထိရဲ ၊ မကိုင်ရဲ ၊ အံ့ဩနေခြင်းများဖြင့်။

"အိုး... ကျောပြင်ပေါ်မှာလည်း ဓားကြီးစိုက်ဝင်နေပါလား"

ချောက်ချောက်ချားချားနှင့် ဝန်းကျင်တစ်ဝိုက်ကို လိုက်လံကြည့်နေမိသည်။ ဝန်းကျင်မှာလည်း နှင်းများနှင့်သာ မှိုင်းမှိုင်းဝေဝေ။ နှင်းစက်နှင်းပေါက်ကြားမှ ကျေးသံများသည်ပင် တုန်တုန်လှုပ်လှုပ်။

"တော့လူ ဘာလုပ်နေတာလဲ"

ဝေ့ဝဲရိုက်ခတ်လာသည့်အသံကြောင့် ကတုန်ကယင်ဖြစ်သွားမိသည်။ ...ပေါ့လာသည့်ဘက်ကို ကြည့်လိုက်သည့်အခါ လမ်းမပေါ်တွင် ပြေးလွှား...သော လူနှစ်ယောက်။ တစ်ယောက်က မိန်းကလေး။

"ဩော်... ကိုဒီပဇော်နှင့် ခင်ခင်ခိုင်ပါလား"

"ဘယ်လိုဖြစ်နေတာလဲ ကိုထူးအောင်"

"ကျွန်တော်ပြေးလာရင်း ဒီမှာမိန်းကလေးတစ်ယောက် လဲကျနေတာ ...ပါ"

"ဟုတ်လား... ကိုထူးအောင်"

ဒီပဇော်သည် ခင်ချိုသက်ကို စူးစိုက်ကြည့်နေမိသည်။ ဂျာကင်အင်္ကျီ ... ဘင်မရာကို ထုတ်လိုက်သည်။ ခင်ချိုသက်လဲကျနေသော နေရာ ...ကို ဓာတ်ပုံရိုက်ယူလိုက်သည်။ ခင်ခင်ခိုင်သည် လဲကျနေသော



www.burmeseclassic.com

www.burmeseclassic.com



ခင်ချိုသက် ကို ငုံ့ကြည့်ရင်း…

"ကိုဇော် လဲကျနေတဲ့ မိန်းကလေးက ခင်ချိုသက်ပဲ"

"ဟုတ်လား.. ခိုင်။ ဒီလိုလုပ်ပါလား… ခိုင်ရဲ့စခန်းသွားပြီး အကြောင်းကြားလိုက်ပါ"

ခင်ခင်ခိုင်သည် ခေါင်းညိတ်ပြလိုက်ပြီး ပြေးထွက်သွားသည်။

နှင်းများသည် တဖြည်းဖြည်းနှင့် လွင့်ပါးပျောက်ကွယ်လုဆဲဆဲ။

×××

(၂)

နှင်းများကွဲလာသည်။

ထွက်ပြူစ နေ၏အလင်းတန်းသည် လမ်းမပေါ်ကို ဖြာကျနေ၏။ ထိုစဉ် ဒုရဲအုပ်ဝင်းလှိုင်ရောက်လာသည်။ အခင်းဖြစ်ရပ်ကို လေ့လာသည်။ မှုခင်းဆိုင်ရာ မှတ်တမ်းများကို ရေးသည်။ ဒီပဇော်သည် ခင်ချိုသက် လဲကျရာနေရာဝန်းကျင်ကို စူးစူးစမ်းစမ်းကြည့်နေမိသည်။ အထင်းသားပေါ်နေသည့် သွေးလမ်းကြောင်းပေါ် ဖြတ်နင်းထားသည့် ဆိုင်ကယ်ဘီးရာကြီး ကိုလည်း ဓာတ်ပုံရိုက်ယူသည်။

"ဒီမှာ ဆိုင်ကယ်ဘီးရာတွေတွေ့နေရတယ်။ လူသတ်တရားခံဟာ ဆိုင်ကယ်နဲ့ ဖြစ်နိုင်တယ်ကိုဝင်းလှိုင်"

"ဟုတ်တယ် ကိုဒီပဇော်"

ဒုရဲအုပ်ဝင်းလှိုင်သည် ဒီပဇော်ကိုလှမ်းပြောပြီး ကိုထူးအောင်ကို မေးလိုက်သည်။



"ကိုထူးအောင် ခင်ဗျားဆိုင်ကယ်သံတွေ မကြားလိုက်ရဘူး လား။ တခြား ဘာထူးထူးခြားခြား တွေ့ရသလဲ"

"ကျွန်တော်ဒီနေရာကိုရောက်တော့ ဆိုင်ကယ်သံကိုလည်း မကြားရဘူး။ ဘာမှထူးထူးခြားခြားလည်း မတွေ့ရဘူး။"

"ခင်ဗျား ဒီနေရာကို ဘာလာလုပ်တာလဲ"

"ကျွန်တော်က မနက်တိုင်း လမ်းလျှောက်တယ်လေ"

ထိုအခိုက် ခင်ခင်ခိုင်နှင့် ဒေါ်နွဲ့ရီရောက်လာသည်။ ဒေါ်နွဲ့ရီသည် ခင်ချိုသက်၏အမေ။

"အမယ်လေး… သမီးလေးရယ် ၊ ဖြစ်မှဖြစ်ရလေခြင်းကွယ်"

ဒေါ်နွဲ့ရီသည် ခင်ချိုသက်ကို ပြေးပွေ့လိုက်သည်။ ဒီပဇော်သည် ခင်ချိုသက် ကျောပြင်တွင် စိုက်နေသည့် ဓားကိုစူးစိုက်ကြည့်နေသည်။ ဒုရဲအုပ်ဝင်းလှိုင်သည် အတူပါလာသည့် ရဲဘော်ကို လှမ်းခေါ်လိုက်ပြီး ခင်ချိုသက်အလောင်းကို ဆေးရုံပို့ရန် အမိန့်ပေးလိုက်သည်။

"အဒေါ်ဆေးရုံကို လိုက်သွားလိုက်ပါ။ နောက်ပြီး အဒေါ်နဲ့တွေ့မယ်"

ဒီပဇော်သည် ဒေါ်နွဲ့ရီကိုပြောလိုက်၏။ ဒုရဲအုပ်ဝင်းလှိုင် ဆိုင်ကယ်နှင့် အတူ ဆိုင်ကယ်မောင်းနှင်ထွက်ခဲ့သည်။

ဒီပဇော်တို့သည် ဈေးကိုဝင်ပြီး လက်ဖက်ရည်သောက် လိုက်၏။ ပြီးမှ ဒေါ်နွဲ့ရီတို့ အိမ်ဘက်ကို ဦးတည်လိုက်သည်။

ဒေါ်နွဲ့ရီ၏ ငိုရှိုက်သံသဲ့သဲ့သည် ဒီပဇော်တို့ကို ကြိုဆိုလိုက်၏။

"ထိုင်ကြပါကွယ်… ထိုင်ကြပါ"

ဒီပဇော်သည် စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဒုရဲအုပ် ဝင်းလှိုင်သည် အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်၍ ရေးမှတ်ရန်အသင့် ပြင်ရင်း ဒေါ်နွဲ့ရီကို မေးလိုက်သည်။

www.burmeseclassic.com



"အဒေါ်သမီး မနက်က ထပြေးတာတစ်ယောက်တည်းလား"

"မတုတ်ပါဘူးကွယ်… ယမင်းနုနုနဲ့ပါ"

"ယမင်းနုနုဆိုတာ ဘယ်သူလဲအဒေါ်"

"သမီးရဲ့သူငယ်ချင်းပါ။ အဒေါ်တို့လမ်းထဲကပါပဲ။ သမီးက အေးအေး ဆေးဆေးနေတတ်သူပါ။ စကားလည်း များများမပြောတတ်ဘူး။ ဘယ်သူနဲ့မှ လည်း အမုန်းမပွားခဲ့ဘူး။ ဒါပေမယ့် ထူးခြားတာက"

"ဘာထူးခြားသလဲအဒေါ်"

ဒီပဇော်က ဝင်မေးလိုက်သည်။

"အင်း… သမီးဝတ်ထားတဲ့အင်္ကျီအနီရောင်က သူ့အင်္ကျီမဟုတ်ဘူး။ ယမင်းနုနုရဲ့အင်္ကျီ"

"ဒါဆိုရင် အဒေါ့်သမီးနဲ့ ယမင်းနုနုတို့ကြားမှာ ဘာလျှို့ဝှက် ချက်တွေ ရှိသလဲ"

"အဒေါ်သိသလောက်တော့ သမီးနဲ့ယမင်းနုနုဟာ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ"

ဒီပဇော်သည် မျက်မှောင်ကြုတ်တွေးဆနေသည်။ ဒုရဲအုပ် ဝင်းလှိုင် သည် မှတ်တမ်းစာအုပ်ကိုပိတ်ရင်း

"ကျွန်တော်တို့ ယမင်းနုနုဆီသွားလိုက်ဦးမယ်"

"ခိုင်ရေ ယမင်းနုနုတို့အိမ်ကို သိလား"

"သိပါတယ်ကိုဇော်"

ဒီပဇော်သည် ယမင်းနုနုတို့အိမ်ဘက်ကို ထွက်ခဲ့သည်။ ဧည့်ခန်းထဲ တွင် ယမင်းနုနုထိုင်နေသည်ကို တွေ့လိုက်ရ၏။ ယမင်းနုနုမှာ မိခင်ကြီး ကွယ်လွန်သွားပြီမို့ တစ်ဦးတည်းနေထိုင်သည်။ ခင်ခင်ခိုင် ခရီးရောက်မဆိုက် ပင်





"နုနု အတော်လေးစိတ်ထိခိုက်ရတယ်ခိုင်၊ နောက်ဆုံး သက်သက် တာ နုနုရဲ့အင်္ကျီကိုဝတ်ပြီး ဆုံးပါးသွားရတာက နုနုနှလုံးသားကို ကြေကွဲ ဆုံးပဲ"

"ယမင်းနုနုရဲ့အင်္ကျီအနီရောင်ကို ခင်ချိုသက်က ဘာလို့ဝတ်ထား ရတာလဲ"

"ဒီလိုပါ ကိုဒီပဇော်… မနက်က ထပြေးဖို့ သက်သက် ရောက်လာမှ နုနုအဝတ်လဲတာပါ။ နုနုဆွယ်တာတစ်ခါမှ မဝတ်ရသေးဘူး။ မနေ့ကမှ နုနုနဲ့ သက်သက်ဈေးထဲက ဦးအုန်းဝင်းအထည်ဆိုင်က အတူဝယ်လာတာလေ။ နုနု က ဆွယ်တာအနီရောင်လေးဝယ်လိုက်တယ်။ သက်သက်က အဖြူရောင်က လေးယူလိုက်တယ်။ ဒီမနက်ဝတ်ကြည့်တော့ နုနုဆွယ်တာ အရမ်းကျပ် နေတယ်။ အဲဒါနဲ့ သက်သက်က သူ့အင်္ကျီကလည်းချောင်နေတယ်။ လဲဝတ် ကြမယ်ဆိုပြီး လဲဝတ်လိုက်တာပါ"

ဒီပဇော်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိကာ ရှိုက်ဖွာနေ၏။ ပြီးမှ….

"မနက်က ယမင်းနုနုနဲ့ ခင်ချိုသက်တို့ အတူတူပြေးကြတယ်ပေါ့ နော်"

"အတူတူပြေးကြတာ တုတ်ပါတယ်။ နုနု သူငယ်ချင်းအိမ်ကို ဝင်လိုက်လို့ သက်သက်တစ်ယောက်တည်းပြေးရင်း ဒီလိုဖြစ်ရတာ နုနု စိတ်မ ကောင်းဘူး။ နုနုသာ သူငယ်ချင်းအိမ်မဝင်ဘဲ သက်သက်နဲ့ အတူတူ ပြေးနေ ရင် ဒီလိုဖြစ်ချင်မှဖြစ်မယ်"

ယမင်းနုနုမျက်ဝန်းပေါ်တွင် မျက်ရည်တိမ်တောင် ပြိုဆင်းနေလေ၏။

"ကဲ… ကျွန်တော်တို့ပြန်လိုက်ဦးမယ်။ ထူးထူး ခြားခြား ဖြစ်လာခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဆီကို သတင်းပို့ပါ ယမင်းနုနု"

ဒီပဇော်သည် ယမင်းနုနုအိမ်ပေါ်မှ ဆင်းလာခဲ့သည်။ ယမင်းနုနု၏ ရှိုက်သံသဲ့သဲ့သည် ဒီပဇော်ထံ လွင်လွင့်မျောမျောဝေ့ဝေ့ဝဲဝဲ။

(၃)

နှင်းများထူထူထပ်ထပ်ကြွေသက်နေသည်။

ဝန်းကျင်တွင် နှင်းများကြောင့် ရီညို့ဆိုင်းနေလျက်။

ယမင်းနုနုတစ်ယောက်တည်း ပြေးလာရင် ခင်မျိုးသက် ဆုံးပါးသည့် နေရာအရောက်တွင် ကြောက်လန့်သောစိတ် ၊ ချောက်ချားသော စိတ်က ဝင်ရောက်လာသည်။

ခင်မျိုးသက်တစ်ယောက်ကို နှင်းတောထဲ ယမင်းနုနု၏ ဆွယ်တာအနီ ရောင်ဝတ်လျက် လမ်းမပေါ်တွင်ရပ်နေသည်ကို တွေ့လိုက်ရ၏။ထို့ကြောင့် ယမင်းနုနုတစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်သွားပြီး ချွေးစများရစ်ဝိုင်းလာ သည်။

ထိုစဉ် ခင်မျိုးသက်၏ အသံက နှင်းတောထဲ ပွဲတင်ထပ်လွင့်မျောသွား လျက်။

"နုနုအနောက်မှာ ဆိုင်ကယ်တစ်စီးလာနေတယ်"

ယမင်းနုနုသည် ခင်မျိုးသက်၏ အပြောကြောင့် အနောက် ဘက်သို့ လှည့်ကြည့်လိုက်ရာ ဆိုင်ကယ်တစ်စီးသည် ယမင်းနုနုဆီသို့ ဝင်ရောက် တိုက်ခိုက်လာသည်။ ယမင်းနုနုသည် လမ်းနံဘေးကို လျှင်မြန်စွာ ခုန်လိုက် သည်။ သီသီကလေးလွတ်ရုံလေးရှိသည်။ အရှိန်ပြင်းပြင်း မောင်းထွက်သွား



သူမှာ ဆိုင်ကယ်သမား။

ယမင်းနုနုသည် ချောက်ချောက်ချားချား ကြောက်လန့်နေလျက်။ မောဟိုက်နေပြီး အရှေ့ဘက်ကို လှမ်းကြည့်လိုက်သည်။ ခင်မျိုးသက် ကို မတွေ့။

"သက်သက်ဘယ်ပျောက်သွားပါလိမ့်၊ ဆိုင်ကယ်သမားက ဘယ်သူ လဲ၊ ငါ့ကို ဘာကြောင့် ဝင်တိုက်ရတာလဲ အို.. ကြောက်တယ် ကြောက်တယ်"

နတ်ပျားမှ ကယောင်ကတမ်း အော်ဟစ်ရင်း အိမ်ရာပေါ်မှ လူးလဲထ လိုက်သူမှာ ယမင်းနုနု။ တစ်ကိုယ်လုံးအေးစက်ပြီး ချွေးများတဖြိုင်ဖြိုင် ကျနေသည်။

"ဩော်... ငါ အိပ်မက် မက်နေပါလား"

ညက မိမိ၏ဆွယ်တာအနီရောင်ကို ဝတ်ပြီးဆုံးပါးသွားသည့် ခင်မျိုး သက်ကို စိတ်မကောင်းစွာ စွဲလမ်းသတိရကာ အိပ်ပျော်သွားရင်း အိပ်မက်က ချောက်လန့်စေခဲ့သည်။

မနက်ရောက်သည့်အခါ ဈေးဘက်ကိုတစ်ယောက်တည်း ထွက်ခဲ့ သည် ဈေးမရောက်မီ လမ်းတစ်နေရာတွင် အနောက်ဘက် သို့ လှည့်ကြည့် လိုက်၏။ မျက်လုံးများ ပြာဝေသွားသည်။

ဆိုင်ကယ်သည် မိမိထံတိုက်ရိုက်ဝင်ရောက်လာသည်။

လျှင်လျှင်မြန်မြန် လမ်းနံဘေးကို ခုန်လွှားလိုက်သည်။ ဆိုင်ကယ်စီး ဦးထုပ်ကြီးဆောင်းထားသဖြင့် မည်သူမည်ဝါမှန်းမသိလိုက်သော ဆိုင်ကယ် သမားသည် အရှိန်အဟုန်ပြင်းစွာ မောင်းထွက်သွားသည်။ ကတုန်ကယင် နှင့် ချောက်ချောက်ချားချားဖြစ်သွားရသူမှာ ယမင်းနုနု။

"ဆိုင်ကယ်သမားဟာ အိပ်မက်ထဲက အတိုင်းပဲ။ ဘယ်သူပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



တွေးဆရင်း ခင်ခင်နိုင်ကို ဝင်ခေါ်ပြီး ဒီပဇော်ထံ ရောက်သွားသည်။

"ယမင်းနုနုပြောတဲ့အတိုင်းဆို တော်တော်ထူးခြားတယ်။ဆိုင်ကယ်သမားဟာ ယမင်းနုနုကို ဘာကြောင့်ဝင်တိုက်ရတာလဲ။ ဆိုင်ကယ်သမားတာ ဘယ်သူလဲ။ နောက်ပြီး ဒီဆိုင်ကယ်သမားဟာ ခင်ချိုသက်ကို လုပ်ကြံတဲ့ ဆိုင်ကယ်သမားပဲလား။ အားလုံးဟာ စဉ်းစားစရာပဲ ယမင်းနုနု"

"ဟုတ်တယ် ကိုဇော်... ဆိုင်ကယ်သမားဟာ နုနုနဲ့သက်သက်တို့နဲ့ ဘယ်လို ပတ်သက်နေတာလဲ ၊ ဘယ်လို ရန်ငြိုးတွေရှိနေလို့လဲ ၊ ဒါစဉ်းစားစရာပဲ"

ခင်ခင်နိုင်၏စကားကြောင့် ဒီပဇော်သည် မေးစေ့ကို ပွတ်သပ်ရင်း စဉ်းစားနေလျက်။ ယမင်းနုနုသည် မျက်လုံးဝိုင်းဝိုင်းနှင့် ငေးရီနေလျက်။

"နုနုလည်း စဉ်းစားလို့တောင်မရတော့ဘူး။ နုနုကြောက် လန့်နေပိတာ အမှန်ပဲ ကိုဒီပဇော်"

"သိပ်လည်းကြောက်လန့်မနေပါနဲ့ ယမင်းနုနု ၊ ဆိုင်ကယ်သမားဟာ ဘယ်သူလဲဆိုတာ ကျွန်တော်တို့ စုံစမ်းဖော်ထုတ်ရမှာပဲ။ ဒီတော့ ယမင်းနုနုကလည်း စိတ်ကိုတည်ငြိမ်အောင်ထားပြီး စဉ်းစားပါ။ ကိုယ်နဲ့ အဆင်မပြေတဲ့လူရှိလား ၊ မရှိဘူးလားဆိုတာ စဉ်းစားပါ"

ဒီပဇော်၏စကားကြောင့် ယမင်းနုနုအတန်ကြာအောင် စဉ်းစားနေသည်။

"အင်း... နုနုမှာတော့ အဆင်မပြေတဲ့လူ ၊ အမုန်းပွားခဲ့တဲ့လူ မရှိဘူး ကိုဒီပဇော်။ ဒါပေမယ့် နုနုရဲ့အမေမဆုံးခင်က ပြောသွားတဲ့ စကားတစ်ခွန်းကို အခုမှသတိရတယ်"

"ယမင်းနုနုအမေက ဘာပြောတာလဲ"

"အမေပြောသွားတာက အမေ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဒေါ်ကေသီ





ကို သတိထားဖို့ ပြောသွားတာပဲကိုဒီပဇော်"

"ဘာလို့ဒီစကားပြောသွားရတာလဲဆိုတာ ယမင်းနုနု မသိဘူးလား"

"မပြောတတ်ဘူး ကိုဒီပဇော်"

ဒီပဇော်သည် မျက်မှောင်ကြုတ် စဉ်းစားနေသည်။

"နုနု ဒေါ်ကေသီဆိုတာ ကျော်လွင်မိုးရဲ့အမေလား"

"ဟုတ်တယ်နိုင်"

ဒီပဇော်သည် တစ်စုံတစ်ခုကို တွေးဆနေသည်။ ပြီးမှ

"နိုင်ရေ ကိုဇော်တို့ အဲဒီဒေါ်ကေသီနဲ့ သွားတွေ့ချင်တယ်၊ ယမင်းနုနု မလိုက်ပါနဲ့"

"ဟုတ်ကဲ့ရှင့်"

ဒေါ်ကေသီအိမ်ဘက်ကို ထွက်ခဲ့ကြသည်။ ပြေးလမ်းတစ်ခု၏ လျှို့ဝှက်ချက်ကို ရှာဖွေရန် ခရီးဆန့်ရပေဦးမည်။

×××

(၄)

"အန်တီ့ဘဝမှာ အချစ်ဆုံးသူငယ်ချင်းဟာ ယမင်းနုနုရဲ့အမေ ဒေါ်လတ်လတ် ၊ အဲ... အမုန်းဆုံးလူတာလည်း ဒေါ်လတ်လတ်ပါပဲ"

ဒေါ်ကေသီသည် စကားကိုတဲ့တိုးကြီးပြောရာမှ ရပ်တန့်လိုက်သည်။ ပြီးမှ ညှော်ခန်းမထဲတွင် ချိတ်ဆွဲထားသည့် ပန်းချီကားကြီးကို ငေးကြည့်နေလျက်။ ပန်းချီကားမှာ တိန်းပေါက်နေသည့်ကျားကို သေဝင် လှပ်ရှားသက်ရာမြောက် သရုပ်ဖော်ထားသည့် ပန်းချီကား။



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမယ့် အန်တီဟာ ဒေါ်လတ်လတ်ကို သူငယ်ချင်းစိတ်နဲ့ နားလည်ပေးပါတယ်''

စကားဆက်ပြောနေသည့် ဒေါ်ကေသီကို အကဲခတ်ကြည့်နေသူမှာ ဒီပဇော်။ စကားလုံးများသည် ဖြူနေသော်လည်း မျက်နှာပြင်ပေါ်က အကြောင်းများ ခက်ထန်မာကျောနေသည်ဟု ဒီပဇော်ကောက်ချက်ဆွဲလိုက်သည်။

''ဒေါ်ကေသီ ဒေါ်ကေသီနဲ့ ဒေါ်လတ်လတ်တို့ နှစ်ဦးကြား ဘာလျှို့ဝှက်ချက်ရှိလို့လဲ''

ဒေါ်ကေသီသည် ဒီပဇော်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒေါ်ကေသီ၏အကြည့်မှာ စိမ်းစိမ်းစူးစူး။ လက်ကာပြီး စကားဆက်လိုက်သူမှာ ဒေါ်ကေသီ။

''ဒီအကြောင်းကို အန်တီပြန်မပြောချင်တော့ပါဘူး။ တစ်ခန်း ရပ်သွားပါပြီ။ အန်တီ့ရင်ထဲမှာပဲ သိုဝှက်ထားလိုက်ပါတယ်။ ဘာအကြောင်းမှ အစပြန်မဖော်ချင်တော့ဘူးကွယ်''

ဒီပဇော်သည် ဒေါ်ကေသီကိုပြန်ကြည့်ရင်း ဧည့်ခန်းမမှ အိမ်အတွင်း နံရံပေါ်မှ ပန်းချီကားများနှင့် ဓာတ်ပုံကို စူးစိုက်ကြည့်လိုက်ပြီး ကုလားထိုင်မှ ထလိုက်သည်။

''ကဲ.. ဒေါ်ကေသီ ၊ ကျွန်တော်ကြောင့် ဒေါ်ကေသီစိတ်အနှောင့်အယှက် ဖြစ်သွားတယ်ဆိုရင် ခွင့်လွှတ်နားလည်ပေးပါခင်ဗျာ။ ခိုင်ရေ.. ပြန်မယ်''

''အန်တီ ခိုင်တို့ပြန်လိုက်ပါဦးမယ်''

ဒီပဇော်သည် ဒေါ်ကေသီကို တစ်ချက်ငဲ့စောင်းကြည့်ပြီး အိမ်ရှေ့ကို ထွက်လာခဲ့ သည်။ ဆိုင်ကယ်ပေါ်ကို လှမ်းတက်ပြီး အိမ်တံခါးဝကို လှမ်းကြည့်လိုက်သည်။ အိမ်တံခါးဝတွင်ရပ်ကြည့်နေသူမှာ ဒေါ်ကေသီ။ ဒီပဇော်သည်





ဆိုင်ကယ်ကိုမောင်းနှင်လိုက်သည်။

''ကျွီ...''

ဒီပဇော်သည် ဆိုင်ကယ်ကို ရုတ်တရက် ထိုးရပ်လိုက်သည်။

ခြံဝအရောက်ဆိုင်ကယ်တစ်စီး အရှိန်မလျော့ဘဲ ချိုးကွေ့ဝင်လာသည်။ ဆိုင်ကယ်ပေါ်မှ လူသည် ဒီပဇော်ကို လှည့်ကြည့်ပြီး ဆိုင်ကယ်ကို မောင်းထွက်သွားသည်။

ဒီပဇော်သည် ဆိုင်ကယ်ပေါ်မှ လူကိုစူးစူးစိုက်စိုက်ကြည့်မိသည်။

''ကိုဇော်... အဲဒါ ဒေါ်ကေသီရဲ့သား ကျော်လွင်မိုးလေ''

''ဟုတ်လားခိုင် ၊ ကြည့်ရတာတော့ ဂျစ်ကန်ကန်နဲ့ ထောင့်မကျိုးဘူးနော်''

ဒီပဇော်သည် ဆိုင်ကယ်ကိုမောင်းနှင်ခဲ့သည်။ ဈေးမှလက်ဖက်ရည်ဆိုင်ထဲကို ဝင်ထိုင်လိုက်ကြသည်။

''ခိုင် ဒေါ်ကေသီကိုကြည့်ရတာ ရင်ထဲမှာ နာကျင်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေ ရှိခဲ့ပုံးတယ်ထင်တယ်။ နှုတ်ကသာ စကားလုံးနုနုတွေပြောနေပေမယ့် ရင်ထဲမှာ ဆူးဝင်နေတာတော့ သေချာတယ်ခိုင်၊ ကိုယ်တော့ ဒီအဘွားကြီးနဲ့ သူ့သားကိုသိပ်မသင်္ကာဘူး''

''ဟုတ်တယ်ကိုဇော်... ဒေါ်ကေသီနဲ့ ဒေါ်လတ်လတ်တို့နှစ်ဦးကြားမှာ ငြိမ်းနိုင်တဲ့ မီးတောက်မီးပွားတွေ ရှိခဲ့ပုံးမယ်။ ဒေါ်ကေသီကို ကြည့်ရတာ တစ်မျိုးကြီးပဲ''

ဒီပဇော်သည် လက်ဖက်ရည်ကို မော့သောက်ရင်း...

''ကိုဇော်တော့ အခုဆိုင်ကယ်ပေါ်က လူသတ်သမားဟာ ဒေါ်ကေသီနဲ့များပတ်သက်နေမလား ထင်မိတယ်''

www.burmeseclassic.com

www.burmeseclassic.com



"တုတ်တယ်ကိုဇော် ဒေါ်ကေသီရဲ့လက်ချက်ပဲလားတော့ မသိနိုင်ဘူး။ တတယ်လို့သာ ခိုင်တို့အတွေးမှန်ရင် တရားခံဟာ ဒေါ်ကေသီရဲ့သား ကျော်လွင်မိုးဖြစ်မှာပဲ"

"အင်း... တိတိပပပြောဖို့တော့ အချိန်ကစောပါသေးတယ်ခိုင်၊ ကျော်လွင်မိုးအကြောင်းကော ဘာတွေသိထားသေးလဲ"

ခင်ခင်ခိုင်သည် မုန့်တစ်ခုကို ယူစားရင်း...

"ကျော်လွင်မိုးဟာ မိဘရဲ့ငွေတွေကို ထိုင်ဖြုန်းနေတာ အရက်ကလည်း သောက်တာပြောမနေနဲ့။ အဲအရက်သောက်ပြီး မူးလာရင် လိုက်ရမ်းတတ်တယ်။ ရန်ကလည်းခဏခဏဖြစ်တယ် ကိုဇော်"

ထိုစဉ် လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ်တစ်စီးထိုးရပ်လိုက်သည်။ ဆိုင်ကယ်ပေါ်မှ ဆင်းလာသူမှာ ကျော်လွင်မိုး။ ဆိုင်ကောင်တာရှေ့ကို သွားပြီး စီးကရက်ဘူးကို ဝယ်နေသည်။ ဆိုင် အတွင်းကို လှမ်းကြည့်ပြီး ဆိုင်ကယ်ပေါ်ကို တက်ကာမောင်းထွက်သွားသည်။

"ခိုင် ပြောမှာ ကျော်လွင်မိုး၊ ပြန်ထွက်သွားပြီ။ လာခိုင် ကိုဇော်တို့လိုက်ကြည့်ရအောင်"

ဒီပဇော်သည် ကျော်လွင်မိုးဆိုင်ကယ်နှင့် မလှမ်းမကမ်း မောင်းနှင်လိုက်သည်။ အရက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ အရက်ဆိုင်ထဲကို လှမ်းဝင်လာသူမှာ ကျော်လွင်မိုး။

ဒီပဇော်သည် အရက်ဆိုင်အတွင်းသို့ လှမ်းဝင်သွားသော ကျော်လွင်မိုးကို စူးရှစွာလှမ်းကြည့်ပြီး ဆိုင်ကယ်ကို မောင်းထွက်ခဲ့သည်။ သူဦးတည်လိုက်သည်က ရဲစခန်းဆီသို့....

ရဲစခန်းရှေ့တွင် ဆိုင်ကယ်ကိုရပ်၍ ရဲစခန်းအတွင်းသို့ ဒီပဇော်နှင့် ခင်ခင်ခိုင်ဝင်လိုက်သည်။





"လာ ထိုင် ကိုဒီပဇော်"

အရဲအုပ်ဝင်းလှိုင်က ပြုံး၍ကြိုသည်။ ဒီပဇော်သည် ကုလား ထိုင်အထွက်တွင် ဝင်ထိုင်လိုက်၏။

"ဘယ်လိုလဲ ကိုဒီပဇော်၊ ဆိုင်ကယ်သမားရဲ့ခြေရာကို ဖော်ထုတ်နိုင်ပြီလား"

"အင်း ... ဆိုင်ကယ်သမားဟာ ပြေးလမ်းမရှိပါဘူး။ ဆိုင်ကယ်သမားတာ ဘယ်သူလဲဆိုတာ ကျွန်တော်တို့ဖော်ထုတ်နိုင်ဖို့ စိစဉ်ရမှာပါ။ ကျွန်တော်တို့ ကြိုးစားမယ် ကိုဝင်းလှိုင် အခု ယမင်းနုနု ဆီသွားပြီး တိုင်ပင်မယ်"

ဒုရဲအုပ်ဝင်းလှိုင်သည် မှတ်တမ်းစာအုပ်ကိုဖွင့်ရင်း ဒီပဇော်ကို ပြောလိုက်၏။

"ဒီဖော်ထုတ်ချက်ကို အမြန်ဆုံးဆောင်ရွက်ပါ ကိုဒီပဇော်"

"မနက်ဖြန်နံနက်စမယ်ကိုဝင်းလှိုင်"

×××

(၅)

နှင်းပွင့်များကြွေကျနေသည်မှာ ထုထုပိန်းပိန်း။

လမ်းပေါ်တွင်လည်း နှင်းရည်များ စိုစွတ်မြန်းပက်ထားသည်။ ရွှေဒင်နှင်းထုကာဆီး နံရံကြီး၊ နှင်းနံရံကြီးကို ဖောက်ထွင်းပြေးသွားနေသူမှာ ယမင်းနုနု။



www.burmeseclassic.com

www.burmeseclassic.com





ပြေးရင်း ခင်ချိုသက်ဆုံးသွားသည့်နေရာကို ရောက်သည့်အခါ ယမင်းနုနုသည် ရပ်ပြီးငေးရီနေမိသည်။ ရင်ထဲတွင်လည်း ကြေကွဲစိတ်များနှင့်အတူ ခင်ချိုသက်ကို လွမ်းဆွတ်သတိရသည့်စိတ်များ ခံစားလာရပြန်သည်။ မျက်ဝန်းပေါ်တွင်လည်း ငိုမယောင် မျက်ရည်စများ ၊ ခင်ချိုသက်တစ်ယောက် မိမိ၏ဆွယ်တာအနီရောင်အင်္ကျီကို ဝတ်ကာ သေဆုံးသွားသည့် မြင်ကွင်းကို ယမင်းနုနုမြင်ကွင်းတွင် ဖျတ်ခနဲ ပေါ်လာပြန်သည်။

“ဩော်... သက်သက်ရယ်”

နှုတ်များမှ အငိုရောင်စကားလုံးများ ကြွေကျလာသည်။ အတန်ကြာ ရပ်ပြီး ဆွေးရီနေရာမှ ဆက်ပြီးပြေးလာသည်။ ရှေ့တွင် လမ်းဖြောင့် လမ်းမကြီး။ ယမင်းနုနုသည် လမ်းဖြောင့်ပေါ်တွင် ပြေးလွှားနေရင်း နှင်းကြားထဲမှ အော်တစ်သံကိုကြားလိုက်ရ၏။

“ယမင်းနုနု အနောက်မှာ ဆိုင်ကယ်တစ်စီးလာနေတယ်”

ယမင်းနုနုသည် အနောက်ဘက်ကို လှည့်ကြည့်လိုက်သည်။ ဆိုင်ကယ်တစ်စီး အရှိန်အဟုန်ပြင်းစွာ မောင်းနှင်လာသည်။ သတိကြီးစွာ လမ်းနံဘေးသို့ လိမ့်ချလိုက်သည်။

ထိုစဉ်

လမ်းနံဘေးရှိ သစ်ပင်နောက်ဘက်မှ လူတစ်ယောက်ပြေးထွက်လာပြီး ဆိုင်ကယ်ပေါ်က လူကို လွှားခနဲခုန်ပြီး ညာခြေထောက်နှင့် ပြင်းပြင်းထန်ထန်ကန်ထည့်လိုက်သည်။ ဆိုင်ကယ်ပေါ်မှလူသည် လွင့်စင်သွားပြီး လမ်းမပေါ်သို့ ခွေလျက်လဲကျသွားသည်။

ထိုလူသည် မိမိကိုကန်ထည့်လိုက်သည်လူကို ပြန်တိုက်ခိုက်ရန် အားယူပြီး ဟန်ပြင်လိုက်စဉ် သစ်ပင်နောက်ကွယ်မှ ရဲတပ်ဖွဲ့ဝင်များ ထွက်လာကြပြီး ထိုလူကို လက်ထိတ်ခတ်လိုက်သည်။



သစ်ပင်နောက်ကွယ်မှ ထွက်လာပြီးဆိုင်ကယ်ပေါ်မှ လူကို ကန်ထည့်လိုက်သူမှာ ဒီပဇော်။ ဒီပဇော်သည် ထိုလူ၏ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်လိုက်သည်။ ဒီပဇော်အံ့သြသွားသည်။ သူထင်ထားသူနှင့် လက်ပူးလက်ကြပ် မိသည့် တရားခံက တက်တက်စင်အောင်လွဲနေသည်။

“အိုး... ဦးအုန်းဝင်းပါလား။ ဘယ်လိုဖြစ်တာလဲ”

ဒီပဇော်သည် ဦးအုန်းဝင်းကို မယုံနိုင်သော မျက်လုံးနှင့်ကြည့်နေမိသည်။ ဦးအုန်းဝင်းသည် ကုန်သည်ကြီးတစ်ဦးမှန်းသိခဲ့သည်။ ဈေးကြီးထဲမှာ အထည်ဆိုင်ကြီးနှင့် စီးပွားရေးသမားတစ်ယောက်ဖြစ်သည်။ ဦးအုန်းဝင်းသည် ယမင်းနုနုကို စိမ်းစိမ်းကြီးကြည့်နေလျက်။

“ကဲ ပြောပါဦး ၊ ဦးအုန်းဝင်း ခင်ဗျားဘာလို့ ယမင်းနုနုကို ဆိုင်ကယ်နဲ့ဝင်တိုက်ရတာလဲ။ နောက်ပြီးတော့ ခင်ချိုသက်ကို ဓားနဲ့ပစ်ပေါက်တာလဲ ဦးအုန်းဝင်းပဲလား”

ဒုရဲအုပ်ဝင်းလှိုင်၏ စကားကြောင့် တုန်လှုပ်သွားမိသူမှာ ဦးအုန်းဝင်း... ငြင်းကွယ်၍ရတော့မည်မဟုတ်မှန်း သဘောပေါက်လျက် လေးပင့်သည့် ...ပြင်းမောကို ရှိုက်ထုတ်လိုက်ရင်း ..

“ဒီလိုပါ။ တစ်နေ့ ကျုပ်ဆီကို ဒေါ်ကေသီရောက်လာတယ်။ သုံးဦးစပ် ...သာလုပ်ငန်းတစ်ခုလုပ်မယ်။ ရှင်နဲ့ကျွန်မက ငွေထည့် ကျွန်မသူငယ်ချင်း ...လတ်လတ်က ဦးဆောင်လုပ်မယ်လို့ ဒေါ်ကေသီကပြောတယ်။ ကျုပ်တ... ...ကေသီနဲ့ပဲ ရင်းနှီးတာ။ ဒေါ်လတ်လတ်နဲ့ မရင်းနှီးဘူး။ ဒါပေမယ့် ဒေါ်ကေသီ ...ကြောင့် ကျုပ်စိတ်ဝင်စားသွားပြီး ငွေထည့်လိုက်တယ်။ လုပ်ငန်းစတော့ ...လတ်လတ်က မန္တလေးကို တက်သွားတယ်။ လမ်းမှာ ကုန်တွေအားလုံး ...ခံရတယ်လို့ မန္တလေးကပြန်လာတဲ့ ဒေါ်လတ်လတ်ကပြောတယ်။ အဲဒီ... ...ကျုပ်နဲ့ဒေါ်ကေသီတော်တော်လေးစိတ်ထိခိုက်ရတယ်။ သေသေချာချာ

www.burmeseclassic.com



စုံစမ်းကြည့်တော့ ဒေါ်လတ်လတ်တာ ကျုပ်တို့အပေါ် ဖုံးကွယ်တာ ၊ သစ္စာဖောက်တာ ၊ လမ်းမှာကုန်တွေ အဖမ်းခံရတယ်ဆိုတာ မဟုတ်ဘူး။ ငွေတွေအားလုံးကို ဒေါ်လတ်လတ်က ယူထားတာလို့ ကျုပ်သိရတယ်။ အဲဒီမှာ ကျုပ်နဲ့ ဒေါ်လတ်လတ်စကားများကြတယ်။ ငွေတွေဆုံးရှုံးခဲ့ရတဲ့ ကျုပ်ဟာ ဒေါ်လတ်လတ်ကို ဝါးစားပစ်ချင်လောက်အောင် မုန်းတီးခဲ့တယ်။ ဒေါ်ကေသီကတော့ သူငယ်ချင်းစိတ်ဓာတ်နဲ့ ဒေါ်လတ်လတ်ကို နားလည်ပေးတယ်၊ ကျုပ်ကတော့ မရဘူး။ ဒေါ်လတ်လတ်ဆီက ကျုပ်ငွေပြန်မရရင် ဒေါ်လတ်လတ်ကို ဒုက္ခပေးမယ်။ အဲဒီမှာပဲ ဒေါ်လတ်လတ်ဆုံးသွားတယ်။ ကျုပ်ရဲ့မုန်းတီးတဲ့မြားဦးဟာ ဒေါ်လတ်လတ်ရဲ့သမီး ယမင်းနုနုဆီရောက်သွားတယ်။ ယမင်းနုနုကို ကျုပ်သတ်ဖို့ကြိုးစားခဲ့တယ်၊ ဖြစ်ချင်တော့ ယမင်းနုနုနဲ့ကောင်မလေးတစ်ယောက်ကျွန်တော့အထည်ဆိုင်က ဆွယ်တာလေးတစ်ယောက်တစ်ထည် ဝယ်ကြတယ်။ ယမင်းနုနုဝယ်တာက အနီရောင် ၊ သူ့သူငယ်ချင်းကောင်မလေးက အဝါရောင်လေး။ သူတို့အဲဒီဆွယ်တာဝတ်ပြီး မနက်စောစောထပြေးကြမယ်လို့ တိုင်ပင်နေတာလည်း ကြားတယ်လေ။ ဒါကြောင့် မနက်လည်းကျရော ဆွယ်တာအနီဝတ်ထားတဲ့ မိန်းကလေးကို ယမင်းနုနုထင်ပြီး ကျုပ်ဓားနဲ့ပစ်ပေါက်လိုက်တယ်။ နောက်မှ ယမင်းနုနုမဟုတ်မှန်းသိရတယ်။ စိတ်မကောင်းဖြစ်မိပေမယ့် ကျုပ်အကြံကိုတော့ လက်မလျှော့နိုင်ဘူး။ ဒါကြောင့်နောက်ပိုင်း ယမင်းနုနုကို ကျုပ်လုပ်ကြံဖို့ ထပ်ကြိုးစားမိတာပါပဲဗျာ"

ဦးအုန်းဝင်းသည် မောတိုက်ကာ ကတုန်ကယင်နှင့် စကားကိုရပ်လိုက်သည်။ မျက်နှာပြင်ပေါ်မှ ချွေးစများကို သုတ်ပစ်လိုက်၏။ ထိုအခိုက် ဒေါ်ကေသီရောက်လာသည်။ လက်ထိတ်နှင့် ဦးအုန်းဝင်းကိုတွေ့ရသည့်အခါ မယုံကြည်နိုင်သူမှာ ဒေါ်ကေသီ။

"ဘယ်လိုဖြစ်တာလဲ ကိုအုန်းဝင်း"





ဦးအုန်းဝင်းက မဖြေ။ ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်နေသည်။

"ယမင်းနုနုကိုဆိုင်ကယ်နဲ့လိုက်သတ်တာ ဦးအုန်းဝင်းပါဒေါ်ကေသီ"

ဒီပဇော်၏စကားကြောင့် ဒေါ်ကေသီသည် ဦးအုန်းဝင်းကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"ကိုအုန်းဝင်း ရှင်ဒီလိုရက်စက်လိမ့်မယ်လို့ ကျွန်မမထင်ခဲ့ဘူး။ ကျွန်မပြောပြီးပြီပဲ။ လောကကြီးမှာ ဘယ်သူတွေ တရားပျက်ပျက် ကိုယ်မပျက်ဖို့ အရေးကြီးတယ်။ တရားပျက်တဲ့ လူဟာ မကောင်းတဲ့ ဆိုးကျိုးကို ခံရမှာပဲ။ အခု ကိုအုန်းဝင်းတရားပျက်လိုက်တဲ့အတွက် အဲဒီတော့ မကောင်းတဲ့ ဆိုးကျိုးကို ခံရတော့မယ်မဟုတ်လား ကိုအုန်းဝင်း"

ဦးအုန်းဝင်းသည် ရဲများခေါ်ဆောင်ရာသို့ လိုက်ပါရင်း ဒေါ်ကေသီကို ငူငူကြည့်သွားသည်။

နှင်းတောထဲတွင် ရပ်ထားသော ဆိုင်ကယ်ပေါ်ကို လှမ်းတက်လိုက်သူမှာ ဒီပဇော်။ ခင်ခင်ဇိုင်သည် ဆိုင်ကယ်နောက်ထိုင်ခုံတွင် တက်ထိုင်လိုက်ပြီး ဒီပဇော်၏ခါးကို ဖက်တွယ်ထားလိုက်သည်။

သူတို့ဆိုင်ကယ်လေးသည် နေခြည်စက်တွေ ရွှန်းလဲ့ဖြာဝေနေသည့်ဆီသို့ ဦးတည်လျက်။

ဗညားဦး (အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com






## သတင်းထောက်ဒီပဇော်

နှင့်

## နိဂုံးမဟုတ်သောဇာတ်သိမ်း

(၁)

တာမွေဘက်လမ်းတစ်လမ်းကို ချိုးကွေ့ဝင်လိုက်သည်။ ခြံတစ်ခြံရှေ့ ပ်ပြီး ခြံထဲကိုလှမ်းကြည့်လိုက်သည်။ ခြံဝတွင်ရပ်နေသော ရဲတပ်သား ဦးက ဒီပဇော်ကိုမေးလိုက်သည်။

"ခင်ဗျား ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ကျွန်တော်က ကျော်သက်ထွန်းရဲ့သူငယ်ချင်းပါ"

"ခဏနေဦး"

ရဲတပ်သားသည် ခြံထဲသို့ဝင်သွားသည်။ မကြာမီရဲတပ်သားသည် ထွက်လာပြီး ဒီပဇော်ကိုကြည့်ကာ...

"ဝင်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒီပဇော်သည် ခြံထဲကိုလှမ်းဝင်လိုက်သည်။ တိုက်ဘက်ကိုလျှောက်လာရင်း ဘေးဘီဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး တိုက်ခန်းကို လှမ်းဝင်လိုက်သည်။ တိုက်ခန်းထဲတွင် ရပ်နေသော ဒုရဲအုပ်ဝင်းနိုင်သည် ဒီပဇော်ကိုကြည့်ကာ...

"ခင်ဗျားဘာကိစ္စရှိလို့လဲ"

"ဒီတိုက်မှာအဆိပ်မိတဲ့ကျော်သက်ထွန်းရဲ့သူငယ်ချင်းပါ"

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"သတင်းထောက်ဒီပဇော်ပါ"

"ခင်ဗျားက ကိုဒီပဇော်ကိုး။ ခင်ဗျားရဲ့စုံစမ်းထောက်လှမ်းမှုတွေဟာ စူးရှထက်မြက်တယ်လို့ သတင်းတွေကြားရပြီး ကိုဒီပဇော်ရဲ့နာမည်ကို သိနေတာကြာပါပြီ။ ခုမှလူချင်းသိရတော့တယ်။ ကျွန်တော်က တာမွေမြို့နယ်ရဲစခန်းက ဒုရဲအုပ်ဝင်းနိုင်ပါ"

"ကျွန်တော်လည်း ခုလိုကိုဝင်းနိုင်နဲ့သိရတာဝမ်းမြောက်လို့ မဆုံးပါဘူး။ ဪ... အခုဖြစ်ပွားတဲ့ မှုခင်းအသွားအလာကို သိပါရစေ"

ဒုရဲအုပ်ဝင်းနိုင်သည် လူတစ်ယောက်ကိုခေါ်လိုက်သည်။

"မိုးဆွေလာပါဦး"

မိုးဆွေသည်ဒုရဲအုပ်ဝင်းနိုင်အနီးကို လျှောက်လာသည်။

"ကိုဒီပဇော် သူက အခုအဆိပ်မိသွားတဲ့ ကျော်သက်ထွန်းနဲ့အတူနေတဲ့ မိုးဆွေပါ။ ကဲ... မိုးဆွေဖြစ်ပျက်တာတွေ ကိုဒီပဇော်ကို ပြောပြလိုက်ပါ"

မိုးဆွေသည် ဒီပဇော်ကို ငေးကြည့်ရင်း...

"ကျွန်တော်က ကိုကျော်သက်ထွန်းဆီမှာ အလုပ်လုပ်နေတဲ့သူပါ





ဒီနေ့မနက် (၉)နာရီလောက်မှာ ဧည့်သည်တစ်ယောက်ရောက်လာခဲ့တယ်။ အဲဒီဧည့်သည်က ကိုကျော်သက်ထွန်းရဲ့ သူငယ်ချင်းကိုအောင်စိုးပါ။ ကိုကျော်သက်ထွန်းနဲ့ ကိုအောင်စိုးတို့ဟာ ကိုကျော်သက်ထွန်းရဲ့ ရုံးခန်း ထဲမှာ စကားပြောကြတယ်။ ကျွန်တော့်ကို ကိုကျော်သက်ထွန်းက ကော်ဖီ ဖျော်ခိုင်းလို့ ကျွန်တော်ကော်ဖီနှစ်ခွက်ဖျော်ပြီး သွားပေးလိုက်တယ်။ အဲဒီမှာ သူတို့ပြောနေတဲ့စကားတွေကို ကြားခဲ့ရတယ်။ ကိုအောင်စိုးက ကိုကျော် သက်ထွန်းကို ပြောတယ်။ မင်း... ငါ့ဆီကယူထားတဲ့ ငွေသိန်းငါးဆယ် ကိုဒီနေ့ ပြန်ပေးမှဖြစ်မယ်။ ငါညနေသုံးနာရီလာယူမယ်။ မင်းရှာထားပါ။ ဒီနေ့ မရဘူး ဆိုရင် မင်းကို ငါသတ်ရလိမ့်မယ်လို့ပြောပြီး ပြန်ထွက်သွားတာ တွေ့ရတယ်။ ကိုအောင်စိုးပြန်သွားပြီး ကိုကျော်သက်ထွန်းက ကျွန်တော့်ကိုခေါ်ပြီး ပြောတယ်။ အောင်စိုးက သူ့ငွေသိန်းငါးဆယ်ကို ဒီနေ့ရမှဖြစ်မယ်လို့ပြောနေတယ်။ ငါမှာလည်း ငွေကမပြေလည်သေးဘူး။ ငါဘာလုပ်ရင်ကောင်းမလဲ မသိဘူး။ အောင်စိုးကလည်း ငွေမရရင် ငါ့ကိုသတ်လိမ့်မယ်။ အောင်စိုး အကြောင်းကို ငါကောင်းကောင်းသိတယ်။ ငါဘာလုပ်ရင်ကောင်းမလဲ မသိပါဘူး။ ကဲ... ကဲ... မင်းဈေးသွားလိုက်ဦးလို့ပြောပါတယ်။ ကျွန်တော် လည်း ငွေဈေးဘက်ကို ထွက်ခဲ့တယ်။ ဈေးကပြန်လာတော့ ကိုကျော် သက်ထွန်းရုံးခန်းထဲကို ဝင်လိုက်တယ်။ ကိုကျော်သက်ထွန်း စားပွဲပေါ်မှာ မှောက်လျက်လဲကျနေတာတွေ့ရတယ်။ ကျွန်တော်သေသေချာချာ ကြည့်လိုက်တော့ ကိုကျော်သက်ထွန်း အသက်မရှိတော့ဘူး"

ဒီပဇော်သည် မိုးဆွေပြောပြနေသည့်စကားများကို စူးစိုက် နားထောင်နေသည်။ ဒုရဲအုပ်ဝင်းနိုင်က မိုးဆွေကို မေးလိုက်သည်။

"ကျော်သက်ထွန်းကို ဘယ်သူအဆိပ်ခတ်နိုင်တယ်ဆိုတာ မိုးဆွေရဲ့ အမြင်ချက်ကို သိချင်တယ်"

www.burmeseclassic.com



မိုးဆွေသည် အတန်ကြာနှုတ်ဆိတ်နေလျှက်။ ပြီးမှ ဒုရဲအုပ်ဝင်းနိုင်ကိုကြည့်ရင်း...

"အင်း... ကိုကျော်သက်ထွန်းဟာ သူ့ကိုယ်သူအဆိပ်သောက် ပြီး အဆုံးသတ်တာဖြစ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုအောင်စိုးရဲ့ ငွေသိန်းငါးဆယ်နဲ့ ပတ်သက်ပြီး ကိုကျော်သက်ထွန်း စိတ်ထိခိုက်နေတာ အမှန်ပဲ"

ဒီပဇော်သည် မိုးဆွေကိုကြည့်နေသည်မှာ စူးစူးစိုက် စိုက်။ ဒုရဲအုပ်ဝင်းနိုင်က မှတ်တမ်းစာအုပ်ပေါ်တွင် မှတ်တမ်းရေးနေရင်း မေးလိုက်သည်။

"မိုးဆွေ... ကျော်သက်ထွန်းဆီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်ကျော်သွားပါပြီ"

"မိုးဆွေက ဘယ်ဇာတိလဲ"

"ကျွန်တော်က အညာဘက်ကပါ"

"ကျော်သက်ထွန်းဆီကို ဘယ်သူ့အဆက်အသွယ်နဲ့ရောက်လာတာလဲ"

"ကျွန်တော် ရန်ကုန်မှာအလုပ်ရှာဖို့ထွက်လာတော့ ရထားပေါ်မှာ ကိုကျော်သက်ထွန်းနဲ့ သိကျွမ်းပြီး သူ့အလုပ်မှာ အလုပ်လုပ်ဖို့ခေါ်ရင်း ကိုကျော်သက်ထွန်းဆီမှာ အလုပ်လုပ်ဖြစ်သွားတာပါပဲ"

ဒီပဇော်သည် မိုးဆွေကို စူးရှစွာကြည့်ရင်း မိုးဆွေ၏စကားလုံးများကို အသံဖမ်းစက်လေးနှင့် ဖမ်းထားလိုက်၏။ အသံဖမ်းစက်နှင့် အသံဖမ်းနေသည်ကိုမိုးဆွေမသိ။ ဒုရဲအုပ်ဝင်းနိုင်က ဆက်မေးနေပြန်သည်။

"ခင်ဗျားဈေးသွားနေတုန်း ကိုအောင်စိုးအိမ်ထဲဝင်ပြီး ကျော်သက်ထွန်းကို လုပ်ကြံရင်ကော မဖြစ်နိုင်ဘူးလားမိုးဆွေ"





"မဖြစ်နိုင်ပါဘူး။ ကျွန်တော်ဈေးကို သွားတော့ အိမ်ရှေ့တံခါးကို သေချာပိတ်ထားခဲ့တယ်။ ဈေးကပြန်လာတော့ တံခါးပွင့်နေတာ မတွေ့ဘူး"

ဒီပဇော်သည် မိုးဆွေကို တစ်ချက်ကြည့်ပြီး စားပွဲပေါ်တွင် မှောက်လျက်လဲကျနေသည့် ကျော်သက်ထွန်းကို အနီးကပ်မှုခင်းမှတ်တမ်းဓာတ်ရိုက်ယူလိုက်သည်။ အခန်းပတ်ဝန်းကျင်အနေအထားကို ဓာတ်ပုံရိုက်ယူလိုက်၏။

ဒုရဲအုပ်ဝင်းနိုင်သည် ရဲဘော်တစ်ဦးကို ခေါ်လိုက်သည်။

"ရဲဘော်... ကျော်သက်ထွန်းအလောင်းကို ရပ်ကွက်လူကြီးတွေခေါ်ပြီး ဆေးစစ်ချက်ယူဖို့ ရန်ကုန်ဆေးရုံကြီးကို ပို့လိုက်ပါ"

"ဟုတ်ကဲ့ပါဆရာ"

ဒီပဇော်သည် စားပွဲပေါ်မှ ကော်ဖီပန်းကန်ကို စူးစိုက်ကြည့်ပြီး အိမ်ရှေ့ကို လှမ်းကြည့်ရင်း...

"မိုးဆွေ... ကိုအောင်စိုး ဘယ်အချိန် ငွေလာယူမလဲ"

"ညနေ (၃)နာရီ"

xxx

(၂)

နံရံပေါ်က နာရီလက်တံသည် (၃)နာရီသို့ ညွှန်ပြနေသည်။

လူတစ်ယောက် တိုက်ခန်းထဲသို့ ဝင်လာသည်။ မိုးဆွေက ထိုလူကို မြင်လိုက်သည့်အခါ ဒီပဇော်ကို ပြောလိုက်သည်။

"ကိုဒီပဇော်... ကိုအောင်စိုးလာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စိုးသည် မိုးဆွေထံ လျှောက်လာပြီး အခန်းထဲကို လှမ်းကြည့်ရင်း...

"မိုးဆွေ... မင်းဆရာအခန်းထဲမှာရှိလား"

"ထိုင်ပါဦး... ကိုအောင်စိုး"

"ငါ ထိုင်ဖို့လာတာမဟုတ်ဘူး။ မင်းဆရာနဲ့တွေ့ဖို့လာတာ"

ထန်ထန်လေးပြောလိုက်သည့် ကိုအောင်စိုးကို စူးစူးရှရှကြည့်နေသူမှာ ဒီပဇော်။

"ကိုအောင်စိုး... ကိုကျော်သက်ထွန်း အဆိပ်သောက်လို့ ဆုံးသွားပြီ"

"ဘာ... ကျော်သက်ထွန်း အဆိပ်သောက်တယ်ဟုတ်လား... တာ— မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး"

"ကိုအောင်စိုးက ဒီနေ့ငွေသိန်းငါးဆယ် ရှာပေးရမယ်လို့ပြောလို့ ကိုကျော်သက်ထွန်း စိတ်ထိခိုက်သွားပြီး အဆိပ်သောက်လိုက်တာထင်တာပဲ"

"မဖြစ်နိုင်ဘူး မိုးဆွေ... မဖြစ်နိုင်ဘူး။ ကျော်သက်ထွန်းဟာ ဒီလောက် စိတ်ဓာတ်ပျော့ညံ့တဲ့ လူမဟုတ်ဘူး"

ဒုရဲအုပ်ဝင်းခိုင်သည် ကိုအောင်စိုးကို သေချာကြည့်ရင်းမေးလိုက်သည်။

"ကိုအောင်စိုး... မနက်က ကျော်သက်ထွန်းနဲ့စကားပြောနေတုန်း မိုးဆွေဖျော်ပြီးယူလာတဲ့ ကော်ဖီကို သောက်ဖြစ်သေးလား"

"ကျွန်တော်လည်း ကျော်သက်ထွန်းကို ဒေါသဖြစ်နေလို့ ကော်ဖီ သောက်ရမှန်းလဲ မသိတော့ပါဘူး။ ကော်ဖီမသောက်ဘဲ ပြန်လာတယ်"

ဒီပဇော်သည် ကိုအောင်စိုးစကားကို နားထောင်ရင်း မေးစေ့ကို ပွတ်သပ်နေသည်။ ကိုအောင်စိုး၏မျက်လုံးသည် မိုးဆွေထံရောက်သွားသည်။

"မိုးဆွေ... ငါပြန်သွားပြီတော့ ဒီကိုဘယ်သူတွေ လာသေးသလဲ"





"ဘယ်သူမှမလာဘူး... ကိုအောင်စိုး"

ဒီပဇော်သည် ကိုအောင်စိုးကို တစ်လှည့် ၊ မိုးဆွေကိုတစ်ချက်စိုက်ကြည့်သည်။

"ဪ... အခုမှ သတိရတယ်။ ကျော်သက်ထွန်းရဲ့ ဒိုင်ယာရီစာအုပ်ကို ကျွန်တော်ရှာကြည့်ချင်တယ်။ အဲဒီဒိုင်ယာရီစာအုပ်မှာ ကျွန်တော်ဆီက ငွေသိန်းငါးဆယ် ယူတုန်းက ကျော်သက်ထွန်းရေးထားတဲ့ မှတ်တမ်းရှိတယ်။ ဒိုင်ယာရီစာအုပ်ကို ကျော်သက်ထွန်းဟာ ဘယ်သူ့ကိုမှ အသိမပေးဘူး"

ကိုအောင်စိုးသည် ရုံးခန်းဝန်းကျင်ကို လိုက်လံကြည့်ပြီးပြောလိုက်သည်။ ထိုစဉ်မိုးဆွေက နံရံကပ်ဘီရိုတစ်လုံးကို သွားဖွင့်ပြီးစာအုပ်များကြားမှ စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်သည်။ မိုးဆွေလက်ထဲမှာ ကျော်သက်ထွန်း ဒိုင်ယာရီစာအုပ်ပြာနနု။

"ကိုအောင်စိုး ဒီ ကိုကျော်သက်ထွန်းရဲ့ ဒိုင်ယာရီစာအုပ်ပဲ"

ဒိုင်ယာရီစာအုပ်ကို လှမ်းပေးရင် ပြောနေသော မိုးဆွေကိုစိုက်ကြည့်နေသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်ဝင်းခိုင်။ ထိုစဉ်ရဲဘော်တစ်ဦးဝင်လာပြီး ဒုရဲအုပ်ဝင်းခိုင်ကို အလေးပြုလျှက်ပြောလိုက်သည်။

"ဆရာ... ရှေ့မှာ မိုးဆွေရဲ့ အမေရောက်နေတယ်"

"အေး... အေး.... ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ဆရာ"

ရဲဘော်ပြန်ထွက်သွားသည်။ ဒီပဇော်တို့လည်း ရုံးခန်းအပြင်ဘက်ကို ပြန်ထွက်လာသည်။ ဧည့်ခန်းတွင် ထိုင်နေသော မိန်းမကြီးတစ်ဦးနှင့် မိန်းကလေး တစ်ဦးကို တွေ့လိုက်ရသည်။

မိန်းမကြီး၏ မျက်လုံးသည် မိုးဆွေကိုလှမ်းကြည့်ရင်း အပြုံးများ ချိုချိုရွှန်းဝေဝေ။

www.burmeseclassic.com



(၃)

"သား... ဘာတွေအလုပ်များနေတာလဲ"

မိုးဆွေကိုလှမ်းပြောရင်း အကြင်နာမျက်ဝန်းနှင့် တစိမ့်စိမ့်ကြည့်နေသူမှာမိန်းမကြီး။ မိုးဆွေသည် မိန်းမကြီးကို ငေးငေးရီရီရပ်ကြည့်နေသည်။ အတန်ကြာမှ...

"အမေ... ကိုကျော်သက်ထွန်း အဆိပ်သောက်ပြီး ဆုံးသွားလို့"

"ဘာ... မောင်ကျော်သက်ထွန်း အဆိပ်သောက်လို့ဟုတ်လားသား ဖြစ်မှဖြစ်ရလေကွယ်"

မိုးဆွေသည် ဒီပဇော်၊ ဒုရဲအုပ်ဝင်းခိုင်နှင့် ဒေါ်ထားအိ မိတ်ဆက်ပေးနေသည်။

"ကိုဒီပဇော်... ဒါကျွန်တော့်အမေပါ။ နာမည်က ဒေါ်ထားအိ"

ဒီပဇော်သည် ဒေါ်ထားအိနှင့်မိန်းကလေးကိုကြည့်နေမိသည်။ မိန်းကလေးကို လက်ညှိုးထိုးရင်း မိုးဆွေကို မေးလိုက်သူမှာ ဒီပဇော်။

"မိုးဆွေ သူက ဘယ်သူလဲ"

မိုးဆွေသည် မိန်းကလေးကိုငေးကြည့်ရင်းမှ နှုတ်မှစကားမပွင့်။

အတန်ကြာအောင် မိန်းကလေးကို စိုက်ကြည့်နေဆဲ။ ဒေါ်ထားအိသည် မိုးဆွေလက်ကို ဆွဲလှုပ်ရမ်းဝင်ပြောလိုက်သည်။

"သား... ဒါက သားညီမ ခင်နှင်းလေ"

"ဟုတ်ပါတယ် ကိုဒီပဇော်။ သူက ကျွန်တော့်ညီမလေး ခင်...ခင်နှင်းပါ"

"သားကလဲကွယ် ကိုယ့်ညီမနာမည်ကိုတောင် မေ့နေရသလား။ ကြော်... ဝို့သားလဲ မောင်ကျော်သက်ထွန်း ဆုံးသွားလို့ အရမ်းခံစားနေတယ်ထင်တယ်"





"ဟုတ်တယ်... အမေ ၊ ကိုကျော်သက်ထွန်းက ကျွန်တော့်အပေါ် စိတ်ထားပြည့်ဝတဲ့ အလုပ်ရှင်တစ်ဦးပါ။ ကျွန်တော့် ဆရာဆိုလဲမမှားပါဘူး။ ဒီလိုဖြစ်သွားတာ ကျွန်တော့်ရင်ထဲမှာ တော်တော်ခံစားနေရပါတယ်အမေ"

မိုးဆွေ၏စကားကြောင့် ဒေါ်ထားအိမျက်နှာညှိုးနွမ်းသွားလျက်....

ဒီပဇော်သည် မိုးဆွေ၏မျက်နှာကို ကြည့်ပြီး မျက်မှောင်ကြုတ်လျက်။ ဒုရဲ အုပ်ဝင်းခိုင်သည် ဒေါ်ထားအိကိုမေးလိုက်သည်။

"အဒေါ် ဒီကိုအရင်တုန်းက ရောက်ဖူးသလား"

"အဒေါ် နှစ်ကြိမ်ရောက်ဖူးပါတယ်။ မောင်ကျော်သက်ထွန်း တာကောင်းရှာပါတယ်။ အဒေါ်ရောက်လာရင် အရမ်းဧည့်ဝတ် ကျေခဲ့တယ်"

ဒုရဲအုပ်ဝင်းခိုင်သည် မခင်နှင်းကို လက်ညှိုးထိုးရင်း မေးလိုက်သည်။

"အဒေါ်သမီးကော ရောက်ဖူးသလား"

"အဒေါ်သမီးကတော့ ဒီကိုမရောက်ဖူးပါဘူး။ ဒါ ပထမဆုံး အကြိမ်ပဲ"

ဒေါ်ထားအိသည် ပြောရင်းခြင်းတောင်းထဲမှ ပစ္စည်းများကို ထုတ်နေသည်။

"သား... ဒီပုဆိုးက သားဘကြီးပေးလိုက်တာ။ ဒါက သားကြိုက်တဲ့ ပုန်းရည်ကြီးနဲ့ လက်ဖက်ထုပ်"

ဒေါ်ထားအိသည် မိုးဆွေကို ပစ္စည်းများလှမ်းပေးလိုက်သည်။ မိုးဆွေက ပစ္စည်းများကို လှမ်းယူရင်း...

"အမေကလည်းဗျာ ကျွန်တော်က ပုန်းရည်ကြီးနဲ့ လက်ဖက်မကြိုက်တာပဲ"

ဒေါ်ထားအိသည် မိုးဆွေကို စေ့စေ့ကြည့်ရင်း....



www.burmeseclassic.com

www.burmeseclassic.com



"သားက ဘာဖြစ်နေတာလဲကွယ်... ပုန်းရည်ကြီးနဲ့လက်ဖက်က သား၊ အကြိုက်ဆုံးပဲမဟုတ်လား။ သားလဲ မောင်ကျော်သက်ထွန်း၊ ဆုံးသွားလို့ စိတ်ပင်ပန်းနေတယ်ထင်တယ်။ ကဲ...ကဲ... သားအနားယူလိုက်ပါဦး သားရယ်"

ဒီပဇော်သည် ဒေါ်ထားအိ၏ စကားလုံးများကို နားထောင်နေရင်း မျက်မှောင်ကြုတ်နေမိသည်။ မိုးဆွေကိုလည်း စူးနစ်စွာကြည့်နေမိသည်။

"ကဲ... မိုးဆွေ .. မင်းလဲ အနားယူလိုက်ပါဦး။ ငါတို့လဲ ပြန်လိုက်ဦးမယ်... မနက်ဖြန်ကြမှ လာခဲ့ဦးမယ်"

"ဟုတ်ကဲ့ပါ"

ဒုရဲအုပ်ဝင်းခိုင်၏ စကားကိုနားထောင်ရင်း ခေါင်းညိတ်ပြလိုက်သူမှာ မိုးဆွေ။ ဒီပဇော်သည် ဧည့်ခန်းကုလားထိုင်မှထရင်း ဒေါ်ထားအိကို ပြောလိုက်သည်။

"အဒေါ် ကျွန်တော်တို့ပြန်လိုက်ပါဦးမယ်။ အဒေါ့်သားကိုလည်း ဂရုစိုက်လိုက်ပါဦး"

"အေးပါကွယ်"

ဒီပဇော်နှင့်ဒုရဲအုပ်ဝင်းခိုင်တို့သည် ဧည့်ခန်းထဲမှ လှမ်းထွက်လိုက်သည်။ မိုးဆွေ၏ မျက်နှာ ၊ ဒေါ်ထားအိ၏မျက်နှာ ၊ မခင်နှင်း၏မျက်နှာ။

ဒီပဇော်သည် မျက်နှာသုံးခုကို သမင်လည်ပြန် ပြန်ကြည့်လိုက်မိသည်။

×××





(၄)

နောက်တစ်နေ့နံနက် ဒေါ်ထားအိသည် မခင်နှင်းဆီကိုခေါ်ပြီး ဈေးသို့ ထွက်ခဲ့သည်။ ဒေါ်ထားအိနံဘေးတွင် ပါလာသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်ဝင်းခိုင်။ ဤအခွင့်အရေးစောင့်နေရသည်မှာ သူတို့အတွက် တစ်မနက် အချိန်ကုန်ခဲ့သည်။

ဈေးကိုရောက်တော့ ဒုရဲအုပ်ဝင်းခိုင်သည် ဒေါ်ထားအိကို ငဲ့ညွတ်အိမ်းစောင်းကြည့်ရင်း...

"အဒေါ် ... အဒေါ့်ကို မေးစရာရှိလို့ပါ။ ကိုဒီပဇော်ရေ... ဒီလက်ဖက်ရည်ထဲ ဝင်ထိုင်လိုက်ကြရအောင်"

ဆိုင်ထဲကို လှမ်းဝင်လိုက်ကြသည်။ ဆိုင်ထဲတွင် လူများကျဲပါး နေသည့်အခန်းစားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ စားပွဲထိုးချာတိတ်က လက်ဖက်ရည်နှင့် မုန့်များ စားပွဲပိုင်းပေါ်သို့ လာချပေးသည်။ ဒီပဇော်က ဒေါ်ထားအိရှေ့ကို လက်ဖက်ရည်ပန်းကန်ရွှေ့ပေးရင်း....

"အဒေါ် ကျွန်တော်နဲ့ ကိုဝင်းခိုင်တို့ မိုးဆွေကို အထူးဂရုစိုက်ပြီး သေသေချာချာကြည့်ခဲ့ပါတယ်။ ဒီမှာ မိုးဆွေကို ကျွန်တော်တို့ သံသယဖြစ်နေမိတယ်အဒေါ်"

ဒီပဇော်သည် လက်ဖက်ရည်ကို တစ်ကျိုက်မော့သောက်လိုက် ပြီး စကားကိုဆက်လိုက်သည်။

"အချက်တစ်ချက်ကို သွားတွေ့တယ်အဒေါ်.. အဲဒီအချက်က ဘာလဲဆိုတော့ မိုးဆွေနဲ့ ကျော်သက်ထွန်းဟာ ရုပ်ချင်းချွတ်စွတ်တူနေတာ သွားတွေ့ရတယ်။ အဲဒီမိုးဆွေဟာ အဒေါ်သားဖြစ်နေတော့ အဒေါ်ပိုမြင်ချက်သေးကို သိပါရစေ။"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားအိသည် မျက်ဝန်းပေါ်မှ စီးသွယ်ဆင်းလာသည့် မျက်ရည်စများကို လက်ဖမိုးနှင့်သုတ်ရင်း...

''အဒေါ်လဲ မိုးဆွေကို အနီးကပ်စေ့စေ့ကြည့်ရတော့ အဖေါ်ရင်တွေတုန်လှုပ်ခဲ့ရတယ်''

ဒေါ်ထားအိသည် တားဆီးမရသည့်မျက်ရည်မျက်ဝန်းနှင့် မခင်နှင်းကိုလှမ်းကြည့်နေသည်။ ဒုရဲအုပ်ဝင်းခိုင်သည် ဒေါ်ထားအိကို ပြောလိုက်သည်။

''ဆက်ပြောပါအဒေါ်''

ဒေါ်ထားအိ၏အသံလှိုင်းသည် ငိုသံစွက်စွက်နှင့်ထင်ထင်။ ဂျာကင်အင်္ကျီအိတ်ထဲမှ အသံဖမ်းစက်ကို ထုတ်ပြီး ဒေါ်ထားအိ၏စကားလုံးများကို အသံဖမ်းနေသူမှာ ဒီပဇော်။

ဒေါ်ထားအိစကားဆုံးသွားသည့်အခါ ဒီပဇော်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ ဓာတ်ပုံများကို ထုတ်ယူလိုက်သည်။ ဓာတ်ပုံများမှာ ကျော်သက်ထွန်း စားပွဲပေါ်တွင် မှောက်လျက်လဲကျနေသည်ကို အနီးကပ်ရိုက်ထားသည့်ပုံများ။

အနီးကပ်ရိုက်ထားသည့်ပုံများတွင် ကျော်သက်ထွန်း၏ နားရွက်အောက်ဘက်တွင် မှဲ့တစ်လုံးကိုတွေ့လိုက်ရသည်။ ဒီပဇော်သည် မျက်မှောင်ကြုတ်လျက်မေးစေ့ကို ပွတ်သပ်နေလိုက်သည်။ ပြီးမှလက်ဖက်ရည်ဆိုင်အတွင်းမှ ပြန်ထွက်လာပြီး အိမ်ဘက်ကိုပြန်လာကြသည်။

''အမေတို့ ပြန်လာပြီလား''

''အေးကွယ်သားရယ်... သားအတွက်လက်ဖက်ရည်နဲ့ မုန့်ပါတယ်ရော့...သား''

မိုးဆွေသည် ဒေါ်ထားအိလှမ်းပေးသော လက်ဖက်ရည်နှင့် မုန့်ကိုလှမ်းယူလိုက်သည်။





ဒီပဇော်သည် မိုးဆွေ၏နားရွက်အောက်ဘက်တွင် ထပ်ကြည့်လိုက်သည်။ နားရွက်အောက်ဘက်တွင် မှဲ့ကိုမတွေ့။ ဒုရဲအုပ်ဝင်းခိုင်သည် မိုးဆွေကို တစ်ချက်ငေးစိုက်ကြည့်ပြီး ရဲဘော်တစ်ဦးကို လှမ်းခေါ်လိုက်ပြီး မိုးဆွေကို လက်ထိတ်ခတ်လိုက်၏။

×××

(၅)

''ကိုကျော်သက်ထွန်းထိုင်ပါခင်ဗျား''

ဒုရဲအုပ်ဝင်းခိုင်သည် မိုးဆွေကို မျက်လုံးဝင့်ပြီး ကြည့်ကာပြောလိုက်သည်။ မိုးဆွေသည် ကုလားထိုင်တွင် မထိုင်နိုင်သေးဘဲ မျက်လုံးကျယ်ကျယ်နှင့်ဒုရဲအုပ်ဝင်းခိုင်ကို ပြန်ပြောလိုက်သည်။

''ဗျာ... ကိုကျော်သက်ထွန်းဟုတ်လား။ ကျွန်တော်က မိုးဆွေပါ။ ကိုကျော်သက်ထွန်းမှမဟုတ်တာ''

''ခင်ဗျားဟာ ကိုကျော်သက်ထွန်း ဘဝကိုနိဂုံးချုပ်ပြီး မိုးဆွေအဖြစ်ဟန်ဆောင်ပြီး ကိုအောင်စိုးကိုပေးရမယ့် ငွေသိန်းငါးဆယ်ရဲ့ စက်ကွင်းထဲကထွက်အောင်ပြေးဖို့ကြိုးစားခဲ့တယ်။ ဒါပေမယ့် ခင်ဗျားမပိရိတဲ့အတွက်ကြောင့်ကိုကျော်သက်ထွန်းဘဝကို နိဂုံးချုပ်လို့ မရခဲ့ပါဘူး... ကိုကျော်သက်ထွန်း''

''ကျွန်တော်ကျော်သက်ထွန်းမဟုတ်ဘူး... ကျွန်တော်က မိုးဆွေပါ အမေ။ ကျွန်တော်က အမေ့ရဲ့သား မိုးဆွေနော်... အမေ''

မိုးဆွေတစ်ဖြစ်လဲ ကျော်သက်ထွန်းသည် ဒေါ်ထားအိ၏လက်တို့ကိုဆွဲလှုပ်ရင်းပြောနေသည်။ ဒီပဇော်သည် မိုးဆွေကို စိုက်ကြည့်လျက်...



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်ဝင်းခိုင်က ဒီပဇော်ကိုကြည့်ပြီး ပြောလိုက်သည်။

"ကဲ... ကိုဒီပဇော်။ ခင်ဗျားပဲ ကိုကျော်သက်ထွန်းနဲ့ မိုးဆွေကို ခွဲခြား ပြလိုက်ပါဦး"

ကျော်သက်ထွန်းသည် ဒီပဇော်ကို မျက်လုံးဝေ့ကြည့်လိုက်သည်မှာ လျှပ်တစ်ပြက်။ ဒီပဇော်သည် မိုးဆွေတစ်ဖြစ်လဲ ကိုကျော်သက်ထွန်းကို လှမ်း ကြည့်ရင်း....

"ပထမဆုံးအချက်က ကိုကျော်သက်ထွန်းရဲ့ ဒိုင်ယာရီစာအုပ်ကို အလွယ်တကူ ထုတ်ပေးနိုင်တဲ့အတွက်ကြောင့် ခင်ဗျားကို မသင်္ကာဖြစ်မိ တယ်။ နောက်တစ်ချက်က အဆိပ်မိပြီး မှောက်လျက်လဲနေတဲ့ ကျော်သက် ထွန်းရဲ့ နားရွက်အောက်မှာ မှဲ့တစ်လုံးကိုတွေ့ရတယ်။ တကယ်တော့ ကျော် သက်ထွန်း နားရွက်အောက်မှာ မှဲ့မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျော်သက်ထွန်းတာ ကျွန်တော့်မိတ်ဆွေမို့ သေချာပြောနိုင်တာပဲ။ နားရွက် အောက်မှာမှဲ့ရှိတာက မိုးဆွေပါ။ ဒါကြောင့် မိုးဆွေလို့ ကိုယ့်ကိုယ်ကိုပြော နေတဲ့ခင်ဗျားဟာ ကျော်သက်ထွန်းပါ။ နောက်တစ်ချက်က ဒေါ်ထားအိတာ ဒီကိုရောက်ပူးတဲ့အတွက်ကြောင့် ဒေါ်ထားအိကို မိုးဆွေအမေ မှန်းသိခဲ့ပေမယ့် မခင်နှင်းကျတော့ ဒီကိုတစ်ခေါက်မှ မရောက်ပူးတော့ ခင်ဗျားဟာ မခင်နှင်းကို ကိုမိုးဆွေညီမမှန်း မသိဘဲ နာမည်ကိုတောင် ခင်ဗျား မခေါ်နိုင်ခဲ့ဘူး မဟုတ် လား"

ဒီပဇော်သည် စကားကိုရပ်လိုက်ပြီး ဂျာကင်အင်္ကျီအိတ်ထဲမှ အသံ ဖမ်းစက်ကို ထုတ်လိုက်သည်။

"ဒီအသံဖမ်းစက်ထဲမှာ ဒေါ်ထားအိပြောပြထားတဲ့ အသံတွေ ကို ခင်ဗျားနားထောင်ကြည့်ပါ"

ဒီပဇော်သည် အသံဖမ်းစက်ကို ဖွင့်လိုက်သည်။ အသံဖမ်းစက်ထဲမှ





ရင်တုန်သိမ့်ဖိုထွက်လာသည့် ဒေါ်ထားအိ၏အသံသည် အလိုဘိုင်ခိုင်ခိုင်မာမာ ပြဆိုနေတော့သည်။

"အဒေါ်ဒီကိုရောက်တော့ မိုးဆွေကိုကြည့်ရပ်တာ အတော်ပြောင်းလဲ နေတာတွေ့တယ်။ အဒေါ်သားမိုးဆွေဟာ ပုန်းရည်ကြီးနဲ့ လက်ဖက်ကိုသိပ် ကြိုက်တာ။ အဒေါ်ဒီလာတိုင်း မိုးဆွေကြိုက်တဲ့ လက်ဖက်နဲ့ပုန်းရည်ကြီးကို အမြဲတမ်းဝယ်လာတယ်။ ဒီတစ်ခေါက်တော့ မိုးဆွေက ပုန်းရည်ကြီးနဲ့ လက် ဖက်ကို မကြိုက်ဘူးလို့ ပြောတာ အဒေါ်သံသယဖြစ်လာတယ်။ အခု တွေ့ရတဲ့ မိုးဆွေတာ အဒေါ့်သားမိုးဆွေမဖြစ်နိုင်ဘူးလို့ အဒေါ်ထင်မြင်ခဲ့တယ်။ မိုးဆွေ ကိုအနီးကပ်ကြည့်ခဲ့တယ်။ ညက မိုးဆွေအိပ်နေတုန်း သူ့အင်္ကျီကိုလှန်ပြီး ကြည့်လိုက်တော့ ကျောပြင်မှာအမည်းစက်တစ်ခု သွားတွေ့တယ်။ အဲဒီကျမှ အဒေါ်သားမှန်း သိခဲ့ရတယ်။ ဒီလိုပါ။ ကျော်သက်ထွန်းနဲ့ မိုးဆွေဟာ အမြွှာ ညီအစ်ကိုတွေပါ။ ဟိုး... လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က အညာမှာနေတဲ့ အဒေါ်ဟာ မြစ်ဝကျွန်းပေါ် မြို့နယ်တစ်မြို့မှာနေတဲ့ ကိုချစ်ကြည်နဲ့အိမ် ထောင်ကျခဲ့တယ်။ မိုးနီနဲ့မိုးဆွေဆိုတဲ့ အမြွှာမွေးခဲ့တယ်။ အဲဒီနောက် သမီး လေးကိုယ်ဝန်လွယ်ထားတဲ့အချိန်မှာ ကိုချစ်ကြည်နဲ့ အဒေါ်စိတ်သဘောထား ချင်း မတိုက်ဆိုင်ဘူးလို့ပဲ ပြောရမလားမသိဘူး။ အဒေါ်နဲ့ကိုချစ်ကြည်ဟာ လမ်း ခွဲကြပြီး အဒေါ်ဟာ အညာမှာရှိတဲ့ မိဘတွေဆီ ပြန်နေလိုက်တယ်။ အဒေါ် နဲ့အတူ မိုးဆွေပါလာတယ်။ မိုးနီကတော့ သူ့အဖေနဲ့နေခဲ့တယ်။ မိုးနီဆို တာအခု တွေ့နေရတဲ့ မိုးဆွေအဖြစ် ဟန်ဆောင်နေတဲ့ ကျော်သက်ထွန်းပါ"

အသံဖမ်းစက်ထဲမှ ဒေါ်ထားအိ၏အသံကြောင့် မိုးဆွေတဖြစ်လဲ ကျော်သက်ထွန်း၏နှုတ်မှ စကားများသွန်ကျလာသည်။

"ဟုတ်ပါတယ်။ ကျွန်တော့်အဖေဟာ ဦးချစ်ကြည်ပါ။ ဒီဆို မိုးဆွေ ဟာ ကျွန်တော့်ညီပေါ့ဟုတ်လား။ အမေဟာ ကျွန်တော့်အမေပေါ့နော်



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးက ကျွန်တော်ညီမလေးပေါ့"

ဒေါ်ထားအိနှင့် မခင်နှင်းတို့သည် ကျော်သက်ထွန်းကို ကြည့်ရင်း မျက်ရည်တွေ စိမ့်စီးလျက်။ ဒေါ်ထားအိသည် ကျော်သက်ထွန်းခေါင်းပေါ်မှာ ဆံနွယ်စများကို ပွတ်သပ်ပေးရင်း...

"သားရယ်... အမှန်တရားကို ဖွင့်ချလိုက်စမ်းပါ သားရယ်"

ဒေါ်ထားအိ၏အသံသည် ကြေကွဲရိုက်ခတ်မှုကြောင့် တုန်ခါလှိုင်းထန်နေလျက်။

"အမေရယ်... သားမှားပါတယ်။ တုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်တာ ညီလေးမိုးဆွေမဟုတ်ပါဘူး...ကျော်သက်ထွန်းပါ"

ကျော်သက်ထွန်းသည် ခုရဲအုပ်ဝင်းခိုင်နှင့် ဒီပဇော်ဘက်သို့လှမ်းကြည့်တာ ဆက်ပြောသည်။

"ဒီလိုပါ... ကျွန်တော့်ဆီကိုအောင်စိုးရောက်လာတယ်။ သူ့ငွေ သိန်းငါးဆယ်ကို ပြန်ဆပ်ရမယ်။ မဆပ်ရင် ကျွန်တော့်ကို သတ်မယ်လို့ ပြောပြီးပြန်သွားတယ်။ အောင်စိုးစကားကြောင့် ကျွန်တော် တုန်လှုပ်သွားတယ်။ အောင်စိုးက ပြောတဲ့အတိုင်းလုပ်တတ်တယ်။ ကျွန်တော် ငွေအဆင်မပြေဘူး။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘူး။ ကျွန်တော့်ဦးနှောက်တွေ ချာချာလည်သွားတယ်။ ကျွန်တော်တစ်ကိုယ်လုံးကြောက်စိတ်တွေ လွှမ်းခြုံမှုကြောင့်ပဲ အကြံတစ်ခုပေါ်လာတယ်။ မိုးဆွေကို ဈေးသွားခိုင်းလိုက်တယ်။ မိုးဆွေဈေးက ပြန်လာတော့ မိုးဆွေကို အဆိပ်ထည့်ထားတဲ့ ကော်ဖီ တိုက်လိုက်တယ်။ မိုးဆွေအဆိပ်မိပြီး လဲကျသွားတော့ ကျွန်တော်က မိုးဆွေ နဲ့ အဝတ်အစားချင်းလဲလိုက်တယ်။ အဆိပ်မိပြီး လဲကျနေတဲ့ မိုးဆွေကို ကျော်သက်ထွန်းလို့ ပြောပြီး ကျွန်တော်ဟာ မိုးဆွေအဖြစ်နဲ့ နေလိုက်တယ်။ ကျွန်တော်တာ မိုးဆွေကို ကျွန်တော့်ညီမှန်းမသိခဲ့ပါဘူး။ ရုပ်ချင်းတူတာလို့ပဲ





ခဲ့မိတာပါ။ ကျွန်တော်ရဲ့စိတ်ရိုင်းတွေကြောင့် ညီအစ်ကို ချစ်ဘောင်
ပျက်မိခဲ့တယ် အမေရယ်။ သားကို ခွင့်လွှတ်ပါ။"

ကိုကျော်သက်ထွန်းသည် ဒေါ်ထားအိကို လှမ်းပြောနေသည်မှာ ရှိုက်ငိုရင်း....

"ကဲ... ရဲဘော်... ကျော်သက်ထွန်းကို အချုပ်ခန်းကို ခေါ်သွားလိုက်ပါ"

"အမေ... သားကိုခွင့်လွှတ်ပါ။ ညီမလေးအစ်ကိုကို ခွင့်လွှတ်ပါ"

"သားရယ်အမေကတော့ ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် တရားဥပဒေကတော့ သားကျူးလွန်တဲ့အပြစ်ကို ခွင့်လွှတ်မှာမဟုတ်ဘူး။ သားရယ်"

ဒေါ်ထားအိသည် မျက်ရည်ပိုင်းရင်းကြားထဲက စကားလုံးများ ကြွေကျသွားတော့သည်။

ဒီပဇော်သည် ခုရဲအုပ်ဝင်းခိုင်ကို နှုတ်ဆက်ရင်း အပြင်ဘက်ကို လှမ်းထွက်ခဲ့လေသည်။

ဒီပဇော်သည် ရှေ့ဆက်ခရီးကို ခြေလှမ်းနေသည်မှာ ရဲဝင့်မာန်ချီ ကျားအသွင် ....။

ဇွဲညားဦး (အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com






## သတင်းထောက်ဒီပဇော်

နှင့်

## စွဲလမ်းခြင်းမဟူရာ

(၁)

လမ်းမပေါ်တွင် နှင်းပွင့်များလွင့်ဝဲနေသည်။ လမ်းနံဘေးမီးတိုင်မှ ဖြာနွဲ့ရိပ်မိုးနေ သော အလင်းရောင်ကြောင့်လမ်းမပေါ်တွင် ပြာလွဲ့လွဲ့ အလင်းဆောင် နုနုစီစီရီရီ...

ဂျင်းဂျာကင် ၊ ဂျင်းဘောင်းဘီရှည်ဝတ်ထားပြီး အနီရောင်ဦးထုပ်ကို ဆောင်းထားသော လူငယ်တစ်ယောက်ခေါင်းငိုက်စိုက်နှင့် လျှောက်လာသည်။

ထိုလူငယ်၏နာမည်မှာ စိုးလင်းဦး။

လမ်းလျှောက်လာရင်း လမ်းမီးတိုင်အောက်တွင် ရပ်လိုက်သည်။ ဂျင်းဂျာကင်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်သည်။ စီးကရက် တစ်လိပ်ကို မီးညှိပြီး တစ်ရှိုက်ဖွာရင်းဒေါသဖြစ်လာဟန်ဖြင့် စီးကရက်ကို

www.burmeseclassic.com



ပလက်ဖောင်းပေါ် ပစ်ချ၍ဖိနပ်ဦးနှင့် နင်းခြေပစ်လိုက်သည်။

တစ်ချက်တစ်ချက် ကားမီးရောင်များ စိုးလင်းဦးကိုယ်ပေါ်တွင် ရောက်လင်းလက်သွားသည်။ ကားများသည် ပြည်လမ်းမကြီးပေါ်တွင် လွှားနေဆဲ။

စိုးလင်းဦးသည် ရပ်နေရာမှ ဆက်လျှောက်ခဲ့သည်။ သူ၏ရှေ့ မျက် မှရာ အရပ်ခပ်ဝေးဝေးတွင် လူတစ်ယောက်လျှောက်လာသည်ကို မြင်လိုက် ၏။ တစ်စတစ်စလျှောက်လာသောလူနှင့်နီးလာသောအခါ လမ်းနံဘေး အလင်းရောင်အောက်တွင် မိန်းကလေးတစ်ယောက်ဖြစ်နေမှန်း သိလိုက် သည်

မိန်းကလေးသည် စိုးလင်းဦးနှင့် အနီးဆုံးနေရာကို ရောက်လာသ မိန်းကလေးကို စိုးလင်းဦးသေချာကြည့်လိုက်မိသည်။ မီးအလင်းရော အောက်တွင် မိန်းကလေး၏အလှသည် ပေါ်လွင်ဝင့်ကြွားနေသည်။ လျှပ် ပြက်တွေ့လိုက်သော်လည်း စွဲမက်လောက်သည့် အလှဖြစ်နေသည်။ စော က အလိုမကျမှုနှင့် ပေါက်ကွဲလုလုဒေါသများပင် ပြေလျော့သွားသည် မိန်းကလေးအလှက သူ့ကိုဖမ်းစားလိုက်၏။

မိန်းကလေးသည် ဂျင်းဘောင်းဘီအပြာနုရောင်၊ ဂျက်ကက်အန ရောင်နှင့် ရွှေအိုရောင်ဦးထုပ်အပြားကို ဆောင်းထားသည်။ မိန်းကလေး သ စိုးလင်းဦးကို လှမ်းကြည့်ရင်းလျှောက်သွားသည်။

မိန်းကလေး၏အကြည့်မျက်ဝန်းသည် မီးရောင်အောက်တွင် တော ပနေသည်။ ညှို့အားနှင့် လင်းလက်ဝင်းပနေသည်။

ဖြတ်လျှောက်သွားသော မိန်းကလေးနောက်ကို လှည့်ပြီး လိုက် နေမိသူမှာ စိုးလင်းဦး။ ကျောခိုင်းပြီး လျှောက်သွားသော မိန်းကလေး ကိုယ်ခန္ဓာအလှသည် ညအခင်းမှာ ရှန်းထွက်ပေါ်လွင်လှပနေသည်။ ထိုအ တွင်မျောလွင့်ပါသွားသူမှာ စိုးလင်းဦး။ စိုးလင်းဦး၏ခြေလှမ်းများသည် အ





မိန်းကလေးနောက်သို့ လှမ်း၍လိုက်သွားမိသည်။

မိန်းကလေးသည် ကားမှတ်တိုင်နှင့်မနီးမဝေးတွင်ရှိသော သစ်ပင်အောက်တွင် ရောက်သွားသည်။ သစ်ပင်အောက်တွင် ကြိုပြီးရပ်စောင့်နေ သော အမျိုးသားတစ်ယောက်နှင့်စကားပြောနေသည်။ ပြီးတော့ အမျိုးသား ၏ရင်ခွင်ထဲကို ရောက်သွားသူမှာ မိန်းကလေး။ အမျိုးသား၏လက်ချောင်းများ သည် မိန်းကလေး၏ဆံနွယ်စများကို ပွတ်သပ်ပေးနေလျက်...။

ရပ်တန့်ပြီးကြောင်သွားသူမှာ စိုးလင်းဦး၊ ရင်ဘတ်ထဲမှာ မဆီမဆိုင် မျှော်တာသမိသလိုပင် ဖြစ်သွားခဲ့၏။ သူတို့သည် ချစ်သူစုံတွဲများဖြစ်နေလိမ့် မည်ဟု စိုးလင်းဦးသဘောပေါက်သွားမိသည်။ စိုးလင်းဦးသည် နောက်ဘက် ပြန်လှည့်ပြီးထွက်ခွာရန် ဟန်ပြုနေစဉ် ထိုချစ်သူနှစ်ဦးထံမှ ပေါက်ကွဲသံ ရုတ်ချည်းလှိုင်းခတ်ထွက်ပေါ်လာသည်။ တစ်ယောက်က အမုန်း၊ တစ်ယောက်က ဒေါသ၊ တစ်ယောက်နှင့်တစ်ယောက် အစိမ်းရောင်လွှန် ကြပြီး အမျိုးသားက မိန်းကလေးကို ကျောခိုင်းထွက်ခွာသွားသည်ကို တွေ့လိုက်ရ၏။

'မိန်းကလေးသည် ခြေဆောင့်ထွက်လာရင်းမှ ရပ်နေသော စိုးလင်းဦး ကိုတွေ့သွားသည်။

"မင်း... ငါ့နောက်ကိုလိုက်လာတယ်ဟုတ်လား"

မိန်းကလေး၏အမေးကိုမဖြေနိုင်သူမှာ စိုးလင်းဦး။

"အဲ... အဲ.. ဟို... ဟို မဟုတ်ပါဘူး...။

စိုးလင်းဦး၏ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပုံကို မိန်းကလေးက သဘောကျ တဲ့တဲ့လုပ်လိုက်၏။

"မင်းနာမည်ဘယ်လိုခေါ်သလဲ"

"စိုးလင်းဦး"



www.burmeseclassic.com

www.burmeseclassic.com



''ဝိနာမည်က ကလျာမိုး၊ ဩော်.. မင်း... စိုးလင်းဦးလို့ပဲခေါ်မယ်နော် စိုးလင်းဦး မိုးအိမ်ကိုလိုက်ပို့ပေးနိုင်မလား။''

စိုးလင်းဦးသည် ကလျာမိုးကို တစ်ချက်ငေးရီကြည့်နေလိုက်သည်။ မိန်းကလေး၏ ဆွဲဆောင်မှုအလှများကြောင့် စိုးလင်းဦးမငြင်းရက်နိုင်အောင် ပင်။

''ဘာလဲလိုက်မပို့နိုင်ဘူးလား''

''မ... မဟုတ်ပါဘူး.... မ... ကလျာ''

''မိုးလို့ပဲခေါ်ပါ စိုးလင်းဦး''

''ကျွန်တော်လိုက်ပို့ပေးပါ့မယ်''

တဒင်္ဂတွေ့ဆုံမှုမှ မမျှော်လင့်သော ရင်းနှီးမှုကလေးများကြောင့် စိုးလင်းဦးနှင့် ကလျာမိုးတို့သည် နှင်းပွင့်များကြွေကျနေသည့် ညအခါင်းတွင် အ[illegible] လျှောက်နေမိသည်။ စိုးလင်းဦးရင်ထဲမှာ သီချင်းသည်ကို ထုတ်ဖော်လိုက်[illegible] ၏။

''စောစောကလူက ဘယ်သူလဲမိုး''

''အလကားပါ သူက မိုးရဲ့ချစ်သူတော့ ချစ်သူပါပဲ။ ဒါပေမယ့် ယောကျ်ား မပီသဘူး။ သစ္စာမရှိဘူး... မျက်နှာများတယ်။ ဒီကိစ္စကြောင့် အခု... မိုး သူ့ကို လမ်းခွဲကြဖို့ပြောလိုက်တယ်။ ခုတော့အဖော်မဲ့သွားတဲ့ မိုးကို စိုးလင်းဦး လိုက်ပို့ ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ... ဟင်း.... ဟင်း....''

ကလျာမိုး၏ ဆွဲဆောင်မှု လွန်းသည့် ရယ်သံလွင်လွင်လေးသည် နှင်းပွင့်များကို တိုးဖောက်ပြီး လဝန်းကြီးဆီလွင့်ပျံသွားသည်။ စကားပြော ပြောနှင့်လျှောက်လာရင်း လမ်းကိုချိုးလိုက်သည့်အခါ ကလျာမိုးက လက်ညှိုး ထိုးပြရင်း...

''ဒီတိုက်က မိုးတို့ရဲ့တိုက်ပဲ စိုးလင်းဦး။ လိုက်ပို့ပေးတာ ကျေးဇူး တယ်ကွာ... အိမ်ထဲဝင်ပါဦးလား''

ဖိတ်ခေါ်သူက ဖိတ်ခေါ်သဖြင့် ဟန်မဆောင်တတ်သူ စိုးလင်းဦး လည်း အလိုလိုခေါင်းညိတ်မိလျက်သား ဖြစ်သွားသည်။

ကလျာမိုးသည် တိုက်တံခါးသော့ကိုဖွင့်လိုက်သည်။

''လာ... စိုးလင်းဦး... ဧည့်ခန်းမှာထိုင်ပါ။ အေးအေးဆေးဆေး ခံတာပေါ့နော်။ မိုးဖေဖေကမြို့ထဲမှာ ကုမ္ပဏီတစ်ခုထောင်ထားတယ်။ ညဉ့် နက်မှ ပြန်လာတတ်တယ်။ မိုးကို အထင်မလွဲနဲ့နော်။ မိုးကပွင့်လင်းတယ် အပေါ်မှာ ရိုးသားတဲ့ လူတိုင်းကို မိုးက ခင်တတ်တယ်။ ကဲ... ခဏထိုင် လိုက်ဦး... ကော်ဖီသွားဖျော်လိုက်ဦးမယ်''

ကလျာမိုးသည် အခန်းထဲကို ဝင်သွားသည်။ ဧည့်ခန်းထဲတွင် ထိုင်ပြီး နံရံပေါ်မှ ဓာတ်ပုံများ၊ ပန်းချီကားများကို ငေးမောကြည့်နေမိသူမှာ စိုးလင်း ဦး ထိုစဉ်လူတစ်ယောက်ပြေးဝင်လာသည်။ ပြီးတော့ ကလျာမိုး ဝင်သွား သည့် အခန်းထဲကို အရှိန်အဟုန်ပြင်းစွာ ဝင်သွားသည်။ ကြောင်ပြီး ထလိုက်သူ မှာ စိုးလင်းဦး။

အတန်ကြာသည့်အခါ အခန်းတွင်းမှ ကလျာမိုး၏ ချောက်ချောက် ချားချားအော်လိုက်သောအသံကို ကြားလိုက်ရ၏။ ပြီးနောက်အခန်းတွင်း မှ ဓားကိုကိုင်ပြီး ထိုလူပြေးထွက်လာသည်။ ဓားတွင်သွေးစတန်းလန်းနှင့်။

စိုးလင်းဦးမှင်သက်စွာငေးကြည့်နေမိသည်။ ထိုလူ၏မျက်နှာပါတွင် မျက်နှာဖုံးစွပ်ထားလျက်။

ဓားကိုင်ထားသောလူသည် စိုးလင်းဦးဆီကိုဦးတည်ပြေးလာတော့ သည်။ စိုးလင်းဦးကြောက်ကြောက်နှင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိ သောကြောင်တွေဝေနေစဉ်....။

''တီ...တီ...တီ''







www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့မှ ကားဟွန်းသံကြောင့် စိုးလင်းဦးကို အန္တရာယ်ပြုရန်လာသောလူသည် စိတ်ပြောင်းသွားလျက် အပြင်ဘက်သို့ ပြေးထွက်သွားသွားသည်။ တိုက်ထဲကိုပြေးဝင်လာသူမှာ ကလျာမိုး၏အဖေဦးကျော်ကျော်မိုး။

×××

(၂)

"ကျွန်တော်နဲ့ ကလျာမိုးတွေ့ဆုံခဲ့တဲ့ဖြစ်စဉ်ကတော့ ဒါပါပဲ"

ဒီပဇော်နှင့် ဒုရဲအုပ်ရဲနွယ်တို့သည် စိုးလင်းဦးကို စူးစိုက်ကြည့်နေ

သည်။ ဒုရဲအုပ်ရဲနွယ်က ဦးကျော်ကျော်မိုးကို လှမ်းမေးလိုက်သည်။

"ကဲ... ဦးကျော်ကျော်မိုး... ခင်ဗျားအိမ်ကိုပြန်ရောက်တော့ ဘယ်လိုဖြစ်တာလဲဆိုတာ ပြောပြပါဦး။"

ဦးကျော်ကျော်မိုးသည် သမီးအတွက် သောကနွယ်ရစ်လျက်ပြော လိုက်သည်။

"ဦးတိုက်ရှေ့မှာ ကားထိုးရပ်လိုက်တယ်။ ခါတိုင်းနေ့ဆိုရင် ကား ကြားရင်တိုက်ထဲက သမီးပြေးထွက်လာတယ်။ ဒီညတော့ သမီးကိုမမြင်ရ ဒါကြောင့် ကားဟွန်းတီးပြီး အသံပေးလိုက်တယ်။ ဒါလည်းသမီး ထွက်မလာ ဘူး။ ဦးကသမီးအတွက် စိုးရိမ်မိတယ်။ တိုက်ထဲကို ဝင်လိုက်တော့ တိုက် ထဲက လူတစ်ယောက်ပြေးထွက်သွားတာတွေ့ရတယ်။ သူ့လက်ထဲမှာလည်း ဓားတာန်းလန်းကြီးနဲ့ ဦးလည်းတိုက်ထဲပြေးဝင်လိုက်တော့ ဒီလူငယ်ကို တွေ့ တယ်။ မင်းဘယ်သူလဲလို့ ဦးကမေးတယ်။ ဒီလူငယ်က စကားမပြော အခန်းထဲကို လက်ညှိုးထိုးပြတယ်။ အဲဒါ ဦးလည်းအခန်းထဲ ပြေးဝင်ကြည့်





လိုက်တော့ သမီးဓားဒဏ်ရာနဲ့လဲကျနေတာ တွေ့ရတာပဲ။ ဒါကြောင့် ဦးရဲစခန်းကို ဖုန်းဆက်လိုက်တာပါ"

ဒီပဇော်သည် ဦးကျော်ကျော်မိုး၏ စကားလုံးကို စူးစိုက်နားထောင်နေရင်းမေးစေ့ပွတ်သပ်နေလျက်။ ပြီးမှဦးကျော်ကျော်မိုးကို မေးလိုက်သည်။

"တိုက်ထဲက ပြေးထွက်လာတဲ့လူကို ဦးကျော်ကျော်မိုးမသိဘူးလား"

"အင်း... မျက်နှာဖုံးကြီးစွပ်ထားတော့ ဒီလူကို ဘယ်သူလဲဆိုတာ သိလိုက်ဘူး။ နောက်ပြီး ဒီလူကဦးကို တစ်ချက်တောင်မကြည့်ဘဲ ပြေးထွက်သွားတာ"

ဦးကျော်ကျော်မိုး၏စကားလုံးကို သုံးသပ်နေမိသည်။

"ကိုဒီပဇော်... ကျွန်တော်တို့ အခန်းထဲကို ဝင်ကြည့်ကြရအောင်"

ဒုရဲအုပ်ရဲနွယ်က ဒီပဇော်ကိုပြောရင်း အခန်းထဲကို ဝင်လိုက်သည်။ အခန်းထဲတွင် သွေးလူးလူးနှင့်လဲကျနေသော ကလျာမိုးကိုတွေ့ရ၏။ ကလျာမိုးကို စူးစိုက်ကြည့်နေသူမှာ ဒီပဇော်။

"ကိုရဲနွယ်... ကလျာမိုးရင်ဝတည့်တည့်မှာ ဓားဒဏ်ရာကို တွေ့ရတယ်"

ဒီပဇော်သည် ဒုရဲအုပ်ရဲနွယ်ကိုကြည့်ရင်း ကင်မရာထုတ်ပြီး မှုခင်းမှတ်တမ်းဆိုင်ရာဓာတ်ပုံရိုက်ကူးလိုက်၏ အခန်းဝန်းကျင်ကိုလည်း မျက်လုံးကစားလိုက်သည်။

သမီးဖြစ်သူကို ကြည့်ရင်းမျက်ရည်တွေလိမ့်ပြီးစီးကျနေသော ဦးကျော်ကျော်မိုး၏ မျက်ရည်တိမ်တွေပြိုနေသည့် မျက်ဝန်းကို ကြည့်ရင်း—

"ကဲ... ဦးကျော်ကျော်မိုး ကျွန်တော်တို့အပြင်ကို ပြန်ထွက်ကြရအောင်"

ဒီပဇော်သည် ဦးကျော်ကျော်မိုးကိုပြောရင်း အခန်းအပြင်ဘက်သို့လှမ်းထွက်ခဲ့သည်။ ထိုစဉ်တိုက်ထဲကို လူတစ်ယောက်ပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဘယ်လိုဖြစ်ကြတာလဲ"

ပြေးဝင်လာသူက ဦးကျော်ကျော်မိုးကိုမေးလိုက်သည်။

"လူတစ်ယောက် သမီးကိုဓားနဲ့ထိုးပြီး ပြေးထွက်သွားလို့ မောင်မောင်ချို"

"အို... မိုးရယ်... ဒီ ဒီ ဟိုကောင်လက်ချက်ပဲဖြစ်မယ်"

"ဘယ်သူ့လက်ချက်လဲပြောပါဦး"

ဒုရဲအုပ်ရဲနွယ်က မေးလိုက်သည်။ မောင်မောင်ချိုသည် ဒုရဲအုပ်ရဲနွယ်ကို မျက်လုံးပင့်ကြည့်ရင်း...

"ဟို... မင်းခန့်ပေါ့"

"သူက ဘယ်သူလဲ ဦးကျော်ကျော်မိုး"

ဒီပဇော်သည် မောင်မောင်ချိုကိုကြည့်ရင်း ဦးကျော်ကျော်မိုးကို မေးလိုက်သည်။

"သူက တိုဘက်အိမ်ကပါ။ သမီးရဲ့သူငယ်ချင်းပါ။ နာမည်ကတော့ မောင်မောင်ချိုပါ ဒီပဇော်"

ဒီပဇော်သည် မောင်မောင်ချိုကိုဆက်မေးလိုက်ပြန်သည်။

"မင်းခန့်ဆိုတာ ဘယ်သူလဲ"

"မင်းခန့်ဆိုတာ မိုးရဲ့အချစ်ကို ရအောင်နည်းအမျိုးမျိုးနဲ့ ကြိုးစားပြီး ရပည်းရရော သစ္စာဖောက်ပြီး တခြားကောင်မလေးတွေကို ထည့်လဲတွဲပြနေတဲ့ကောင် ၊ အဲဒီကောင်အကြောင်း ကျွန်တော်က မိုးကိုပြောပြလိုက်တဲ့အတွက် မိုးက သူ့ကို လမ်းခွဲဖို့ ဒီနေ့တွေ့ရင်ပြောမယ်လို့ မိုးက ပြောတယ် ထင်ပါရဲ့ဗျာ။ အဲကြောင့်သူ... သူမိုးကို သတ်လိုက်တာဖြစ်မယ်။ ဒီကောင်လူသတ်သမားဗျာ..."

ဒီပဇော်သည် မောင်မောင်ချိုစကားကို အကဲခတ်နေပြီး မျက်မှောင်





ကြုတ်နေလိုက်သည်။ ပြီးမှ...

"အဲဒီမင်းခန့်အိမ်ကို သိသလား မောင်မောင်ချို"

"သိပါတယ်"

"ကဲ... အဲဒီမင်းခန့်အိမ်ကို လိုက်ပြပါ"

အိမ်အပြင်ဘက်ကို ထွက်လာကြသည်။

×××

(၃)

"ဒီလက်ဖက်ရည်ဆိုင်မှာ မင်းခန့်ရှိနိုင်တယ်"

လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်ပြီး မောင်မောင်ချိုက ပြောလိုက်သည်။

လက်ဖက်ရည်ဆိုင်ထဲကို ဝင်ကြည့်ကြသည်။ ထိုစဉ်လူငယ်တစ်ယောက် စားပွဲဝိုင်းမှ ထပြီးမောင်မောင်ချိုအကျီစကို ဆွဲပြီးဒေါနှင့်မောနှင့်ပြောနေသည်။

"ဟော့ကောင် ယောကျ်ားမဟုတ် မိန်းမ မဟုတ်တဲ့ကောင် ၊ မင်းကြောင့် ငါတို့ချစ်ခြင်းပြိုကွဲခဲ့ရတယ်။ မိုးကို ငါနဲ့မတွဲရဘူး။ ငါ့ကိုမချစ်ရဘူး ပြောလို့ မရရင် မိုးကိုသတ်မယ်လို့ ပြောတယ်ဆို"

ဒီပဇော်သည် ဒေါနှင့်မောနှင့်ပြောနေသောလူငယ်ကို ဆွဲရင်းပြောလိုက်သည်။

"ကဲပါကွာ... အေးအေးဆေးဆေးပြောကြစမ်းပါ။ မင်းဘာလဲသူလဲ"

"သူကမင်းခန့်ပေါ့... မိုးကိုသတ်တဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောလာသော မောင်မောင်ချိုကို ဒုရဲအုပ်ရဲနွယ်ကပြောလိုက်သည်။

"မင်းအသာနေစမ်း။ ဘာမှဝင်မပြောနဲ့ဦး..."

ဒီပဇော်သည် မင်းခန့်ပခုံးကို လှမ်းကိုင်ရင်း...

"မင်း ဒီညကလျာမိုးနဲ့တွေ့သေးလား"

"တွေ့ပါတယ်။ ကားမှတ်တိုင်နားက သစ်ပင်အောက်မှာတွေ့ခဲ့ပါတယ်။ အဲဒီမှာဒီကောင်ကြောင့် စကားတစ်ယောက်တစ်ခွန်းများပြီး ပြန်လာခဲ့တယ်"

ဒုရဲအုပ်ရဲနွယ်သည် မင်းခန့်ကို စူးစိုက်ကြည့်ရင်း ဝင်မေးလိုက်သည်။

"မင်း... ကလျာမိုးတို့အိမ်ဘက်ကို ရောက်သေးလား"

"သစ်ပင်အောက်မှာပဲ လမ်းခွဲခဲ့တာပါ။ အဲဒီကပြန်လာရင်း ဒီလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ရင်း သူငယ်ချင်းတွေနဲ့ထိုင် စကားပြောနေကြတာ"

"သေချာတယ်နော်"

ဒီပဇော်သည် မင်းခန့်ထိုင်သော စားပွဲဝိုင်းမှ လူငယ်များကို မေးကြည့်သည့်အခါ မင်းခန့်နှင့်လက်ဖက်ရည်ထိုင်သောက်နေသည်မှာ ကြာပြီဖြစ်ကြောင်း သိခဲ့ရသည်။ မင်းခန့်သည် ဒီပဇော်ကိုမေးလိုက်သည်။

"အခု ဘာတွေဖြစ်ခဲ့လို့လဲ"

"ကလျာမိုး အသတ်ခံရလို့ပါ"

"ဗျာ... မိုးအသတ်ခံရလို့ဟုတ်လား"

မင်းခန့်သည် မောင်မောင်ချိုကို စိုက်ကြည့်နေသည်။

ဒီပဇော်နှင့်ဒုရဲအုပ်ရဲနွယ်တို့သည် မင်းခန့်နှင့် မောင်မောင်ချိုတို့ကို အကဲခတ်နေသည်။

"ကဲ... မင်းခန့်နဲ့ မောင်မောင်ချို မင်းတို့နှစ်ယောက်ရဲစခန်းကို ခေါ်





လိုက်ခဲ့ပါဦး မင်းတို့ကိုသိချင်တာလေးတွေ ထပ်မေးချင်လို့ပါ"

"ဪ... ဟုတ်ကဲ့ရပါတယ်"

ဒီပဇော်တို့သည် ဆိုင်အပြင်ဘက်ကို ထွက်လာကြသည်။ ရဲစခန်းရောက်သောအခါ သံသယရှိသူမင်းခန့်နှင့် မောင်မောင်ချိုကို တစ်ယောက်တစ်ခန်းစီခွဲ၍ ထားလိုက်၏။ မင်းခန့်ကို စတင်စစ်ကြောရေးလုပ်သည်။

"မောင်မောင်ချိုအကြောင်းပြောပြပါဦး"

"မောင်မောင်ချိုကမိန်းမဗျ။ ယောကျ်ားစိတ်ပေါက်နေတာ။ မိုးနဲ့ အရမ်းတွဲနေတာပေါ့... မိုးကို မောင်မောင်ချိုက ချစ်နေတာ။ မိုးနဲ့ဘယ်ယောကျ်ားလေးတွေနဲ့မှ မတွဲရဘူး။ မချစ်ရဘူး။ ကျွန်တော်နဲ့ မိုးတွဲရင်လည်း မကြိုက်ဘူး"

"ကလျာမိုးကို မောင်မောင်ချိုက သတ်မယ်လို့ပြောတာ မင်းဘယ်လိုသိခဲ့တာလဲ"

"အဲဒါကတော့ မိုးကကျွန်တော့်ကို ပြောခဲ့ဖူးလို့ပါ"

"ကလင်... ကလင်... ကလင်...."

စားပွဲမှ ဖုန်းသံကြောင့် ဖုန်းခွက်ကို လှမ်းကိုင်လိုက်သူမှာ ဒုရဲအုပ်ရဲနွယ်။

"ဟဲလို... အမိန့်ရှိပါခင်ဗျာ"

"....."

"ဪ... စိုးလင်းဦးလား"

"....."

"ဘာ.. ထူးခြားတယ်ဟုတ်လား"

"....."

"အေး အခုပဲလာခဲ့မယ်။ အဲဒီလမ်းကပဲစောင့်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ကိုချလိုက်ရင်း ဒီပဇော်ကိုပြောလိုက်သည်။

"စိုးလင်းဦးဆီက ဖုန်းကို ဒီပဇော်ထူးခြားတဲ့ ဖြစ်စဉ်ကိုတွေ့ရလို့တဲ့"

"အဲဆို သွားကြမယ်ကိုရဲနွယ်"

ဒီပဇော်နှင့် အရဲအုပ်ရဲနွယ်တို့သည် မင်းခန့်နှင့်မောင်မောင်ချိုကို နောက်မှပင် ဆက်လက်စစ်ကြောရေးလုပ်ရန် ရဲစခန်းမှာပင် ထားခဲ့လျှက် စိုးလင်းဦးကိုတွေ့ရန် ထွက်ခဲ့ရတော့သည်။

လမ်းတစ်လမ်း၏သစ်ပင်အောက်တွင် ရပ်နေသော စိုးလင်းဦးကိုတွေ့လိုက်ရသည်။ သစ်ပင်အောက်သည် အမှောင်ရိပ်ကျလျှက်။

"ဘာထူးခြားတာတွေ့ရလို့လဲ စိုးလင်းဦး"

"ကျွန်တော်အိမ်ပြန်လာတော့ ဒီသစ်ပင်အောက်မှာ ခွေးတစ်ကောင် သဲကြီးမည်းကြီးဟောင်နေတာ တွေ့ရလို့ သွားကြည့်တော့ မျက်နှာဖုံးတစ်ခု သွားတွေ့တယ်။ မျက်နှာဖုံးပေါ်မှာလည်း သွေးစတွေနဲ့ဗျ။ နောက်ပြီးဒီမျက်နှာဖုံးကို ကျွန်တော်မှတ်မိနေတယ်။ ကလျာမိုးကို ဓါးနဲ့ဝင်ထိုးသွားတဲ့ လူ့ရဲ့မျက်နှာဖုံးပဲဖြစ်မယ်"

ဒီပဇော်နှင့်အရဲအုပ်ရဲနွယ်တို့သည် မျက်နှာဖုံးကိုသေချာစူးစိုက်ကြည့်နေသည်။ မျက်နှာဖုံးပေါ်တွင် တွေ့လိုက်ရသည်မှာ သွေးစများ။

ဒီပဇော်သည် ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။ လမ်းဘေးမီးတိုင်မှ ဖြာကျနေသော အလင်းရောင်ကသာ ညအမှောင်ကို လင်းထိန်ပေးနေသည်။

ဒီပဇော်သည် စိုးလင်းဦးကို တစ်ချက်စိုက်ကြည့်ပြီး....

"စိုးလင်းဦးရဲ့အိမ်ကဘယ်မှာလဲ"

"တိုရှေ့နားကအိမ်ပါ"

ဒီပဇော်သည် မျှော်ကြည့်လိုက်သည်။ ထိုစဉ်လွှင့်ပျံလာသည်မှာ ခွေး



ဟောင်သံများ။

"ဝုတ်... ဝုတ်... ဝုတ်"

တိတ်ဆိတ်ငြိမ်သက်နေသော ညတွင် ခွေးဟောင်သံများက ဆူညံစွာ ထွက်ပေါ်နေသည်။

"ကိုရဲနွယ်... ခွေးဟောင်သံတွေကြားနေရတယ်"

"လာ... ကိုဒီပဇော် ကျွန်တော်တို့ သွားကြည့်ကြရအောင်"

ဒီပဇော်တို့သည် ရှေ့ဆက်လျှောက်လာကြသည်။

"ဝုတ်... ဝုတ်... ဝုတ်"

"ကိုဒီပဇော်... ခွေးဟောင်သံက မမမြတ်တို့ခြံထဲကပဲဗျ"

"ဟုတ်လား အဲဆို ဒီခြံထဲကိုဝင်ကြည့်ကြရအောင်"

"မမမြတ်... မမမြတ်"

စိုးလင်းဦးသည် ခြံဝမှနေပြီး လှမ်းခေါ်လိုက်သည်။

ထိုစဉ်မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်။

"ဟဲ့ နှင်းဝေ... ခြံတံခါးဖွင့်စမ်း"

"သြော်... ကိုစိုးပါလား"

နှင်းဝေဆိုသည့် မိန်းကလေးသည် တံခါးကို ဖွင့်ပေးလိုက်သည်။

"နှင်းဝေ... မမမြတ်ကော"

"အခန်းထဲမှာ အိပ်နေတယ်"

"သြော်... အေး... အေး"

ခွေးဟောင်သည့်နေရာကို သွားကြည့်နေသော ဒီပဇော်နောက်တို့ ပြေးလိုက်သွားသူမှာ စိုးလင်းဦး။ ဒီပဇော်နှင့်အရဲအုပ်ရဲနွယ်တို့သည် ခွေးဟောင်သည့်နေရာကို စူးစိုက်ကြည့်နေသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မြေကြီးသည် မူလမြေသားမဟုတ်နိုင်။ မြေကိုတူးထားပြီး ပြန်လည်ပြုပြင်ထားသည့် ပုံစံကိုတွေ့ရသည်။ ဒီပဇော်သည် မြေကြီးကို ယက်လိုက်သည်။ အတန်ကြာသည့်အခါ တွေ့ရလိုက်သည်မှာ ဓားမြှောင်တစ်ချောင်း။

"ကိုရဲနွယ်... ဓားမြှောင်တစ်ချောင်းပါလား"

"ဟုတ်တယ် ကိုဒီပဇော်၊ ဓားမြှောင်ပေါ်မှာလည်း သွေးတွေနဲ့"

ဒုရဲအုပ်ရဲနွယ်သည် ဓားမြှောင်ကို စူးစိုက်ကြည့်ပြီး စိုးလင်းဦးကို မေးလိုက်သည်။

"ဒီအိမ်ရှင်က ဘယ်သူလဲ စိုးလင်းဦး"

"မမြွတ်တို့ပါ"

"အဲဒီမမြွတ်ကို ငါတို့တွေ့ချင်တယ်"

"လာ... ကိုရဲနွယ်... အိမ်ထဲဝင်ကြရအောင်"

အိမ်ထဲကို လှမ်းဝင်လိုက်ကြသည်။ ဧည့်ခန်းမကိုဖြတ်ကျော်ပြီး အတွင်းအခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်သည်။

"မမြွတ်... မမြွတ်"

စိုးလင်းဦးက အော်ခေါ်လိုက်သည်။ အခန်းတွင်းမှ တိတ်ဆိတ်ငြိမ်သက်လျက်။

"မမြွတ်... မမြွတ်"

စိုးလင်းဦးသည် ထပ်ဆင့်ခေါ်လိုက်ပြန်သည်။

"ဘယ်သူလဲ"

"ကျွန်တော်စိုးလင်းပါ မမြွတ်"

"သွား... မင်းမျက်နှာကိုလည်း ငါမကြည့်ချင်ဘူး၊ မင်းအသံကိုလည်းငါမကြားချင်ဘူး"

"မဟုတ်သေးပါဘူး။ မမြွတ်တံခါးဖွင့်စမ်းပါဦး... စိုးလင်း အေးအေး





ဆေးဆေးပြောပါ့မယ်"

"မလိုဘူး လာပြီးရှင်းမပြနဲ့... ငါဟာ မင်းကို ဘယ်လောက်ထိ စွဲစွဲလမ်းလမ်းချစ်မြတ်နိုးခဲ့တယ်ဆိုတာ မင်းအသိဆုံး။ မင်းအတွက်ဆိုရင် ငါဘာလုပ်ပေးရပေးရလုပ်ပေးခဲ့တယ်။ မင်းဘဝလှပဖို့အတွက် ငါ့ဘဝကိုလည်း ခင်းပေးခဲ့တယ်။ ဒါလည်း မင်းအသိ ဆုံးဖြစ်ပါလိမ့်မယ်"

"ဟုတ်ပါတယ် မမြွတ်... စိုးလင်းသိပါတယ်"

"ဘာသိတာလဲ... မင်းသိတာက ငါ့နှလုံးသားကိုခွဲဖို့လား... ငါ့ရဲ့ စွဲစွဲလမ်းလမ်းချစ်မြတ်နိုးတဲ့စိတ်ကို မင်းရိုက်ချိုးပစ်လိုက်တာပဲ။ မင်းနဲ့ပတ်သက်ရင် ငါဘာဖြစ်ဖြစ်လုပ်ရဲတယ်။ မင်းကိုငါပြောခဲ့တယ်မဟုတ်လား။ ဒီကောင်မလေးနဲ့ မတွဲပါနဲ့လို့ ပြောတာအကြိမ်ကြိမ်ရှိပြီ။ မင်းငါ့စကား နားမထောင်ခဲ့ဘူး။ လောကကြီးမှာ မင်းရဲ့အချစ်ကို ဆုံးရှုံးလက်လွှတ်သွားမှာကို ငါအကြောက်ဆုံးပဲ။ အေး.. အခု ငါ့ရဲ့နှလုံးသားကို ရိုက်ချိုးပြီး မင်းရဲ့နှလုံးသား အိမ်ထဲကို ချော်ပျော့ဖြိုးဝင်လာမယ့် မိန်းကလေးကို ငါသတ်ပစ်လိုက်ပြီ မင်းဘာပြောဦးမလဲ"

"ဗျာ... ဘယ်မိန်းကလေးကိုသတ်လာတာလဲ... ဟာ... မမြွတ်မှားကုန်ပြီ။ မဟုတ်သေးပါဘူး။ မမြွတ်ဘာတွေလျှောက်လုပ်နေတာ လဲ။ တံခါးဖွင့်စမ်းပါ မမြွတ်"

"ဘာ... အဲဒီမိန်းကလေးက မင်းနဲ့တွဲနေတဲ့ မိန်းကလေးမဟုတ်ဘူးလား"


"ဟာ... မှားကုန်ပြီ... မမြွတ်၊ အဲဒီမိန်းကလေးက ဘာမှမဆိုင်ဘူး။ မမြွတ်မှားနေပြီ"

"ဘယ်လို... ဘယ်လို စိုးလင်း"



www.burmeseclassic.com

www.burmeseclassic.com




တံခါးပွင့်လာသည်။ အပြင်ဘက်ကိုထွက်လာသော မမမြတ်ဆိုသည့် မိန်းမကို ဒုရဲအုပ်ရဲနွယ်က လက်ထိတ်ခတ်လိုက်သည်။

×××

(၄)

မျက်ဝန်းတွင် မျက်ရည်စများ ပြိုဆင်းလာသည့်ကြားက ရှေ့စားပွဲ ဝိုင်းတွင်ထိုင်နေကြသော ဒီပဇော်နှင့်ဒုရဲအုပ်ရဲနွယ်တို့ကို ငေးရီကြည့်နေ သည်။

နံဘေးတွင် ထိုင်နေသော စိုးလင်းဦးကိုလည်း မျက်ဝန်းမျက်ရည်စို နှင့် ကြည့်လိုက်သည်။ ပြီးမှ...

"ကျွန်မနာမည် အပြည့်အစုံက မြတ်စန္ဒာပါ။ ဒီကစိုးလင်းနဲ့ အိမ်နီး နားချင်းတွေဖြစ်ပြီး စိုးလင်းအပေါ် သံယောဇဉ်နွယ်ရစ်ခဲ့ပါတယ်။ စိုးလင်းကို တစ်ဖက်သတ်အချစ်နဲ့ ချစ်မြတ်နိုးခဲ့ပါတယ်။ စွဲစွဲလမ်းလမ်းကြီးချစ်ခဲ့တယ်။ စိုးလင်းက မိန်းကလေးတစ်ယောက်နဲ့ တွဲတွဲနေတာ ကျွန်မသိတဲ့နေ့ဟာ ကျွန် နှလုံးသားတွေ တုန်တုန်လှုပ်လှုပ်ချောက်ချားခဲ့တယ်။ ဒါကြောင့် စိုးလင်းကို အဲဒီမိန်းကလေးနဲ့မတွဲဖို့ ပြောခဲ့တယ်။ ဒါပေမယ့် စိုးလင်းက ကျွန်မစကား နားမထောင်ခဲ့ပါဘူး။ ဒါကြောင့် စိုးလင်းနဲ့တွဲတဲ့မိန်းကလေးကို ဒီလော မှာ ကျွန်မအမုန်းဆုံးပဲ။ ဒီနေ့ညနေမိုးချုပ်စမှာ ကျွန်မအိမ်ကို စိုးလင်းရော လာတယ်။ ကျွန်မနဲ့စိုးလင်း အဲဒီမိန်းကလေးကိစ္စနဲ့ စကားများတယ်။ စိုးလင်း အိမ်ပေါ်က ဆင်းသွားတယ်။ အပြင်ဘက်ကို ထွက်သွားတယ်။ စိုးလင်း ကျွန်မမသွားဖို့ တားလိုက်ပါသေးတယ်။ ဒါပေမယ့် စိုးလင်းက ကျွန်






တစ်ချက်လေးတောင် လှည့်မကြည့်ဘူး။ စိုးလင်းနောက်ကို ကျွန်မလိုက်ခဲ့သည် တယ်။ အဲဒီမှာ စိုးလင်းဟာ မိန်းကလေးနဲ့တွဲလျှောက်သွားတာ ကျွန်မတွေ့ လိုက်ရတယ်။ ကျွန်မနှလုံးသားတွေ မခံနိုင်တော့ဘူး။ တုန်လှုပ်ခြောက်ခြား ရတယ်။ အဲဒါနဲ့ ဆိုင်တစ်ဆိုင်မှာ ဓားမြှောင်တစ်ချောင်းနဲ့ ပလပ်စတစ်မျက်နှာ ဖုံးတစ်ခုဝယ်ပြီး စိုးလင်းတို့နောက်ကို ပြေးလိုက်တယ်။ စိုးလင်းနဲ့ မိန်းကလေး အိမ်တစ်အိမ်ထဲကို ဝင်သွားတယ်။ စိုးလင်းက ညေ့ခန်းမှာထိုင်နေတယ်။ မိန်းကလေးက အခန်းထဲ ဝင်သွားတာ တွေ့ရတယ်။ ကျွန်မလည်း မျက်နှာဖုံး တပ်ပြီး တရှိန်ထိုးပြေးဝင်ပြီး မိန်းကလေးကိုဓားမြှောင်နဲ့ ထိုးပြီးပြေးထွက် လာတယ်။ နှလုံးသားကို ကြေကွဲအောင်လုပ်တဲ့ စိုးလင်းကိုလည်း ဓားမြှောင်နဲ့ ထိုးဖို့ ပြင်နေတုန်း အိမ်ရှေ့က ကားတွန်းတီးသံကြောင့် အိမ်အပြင်ဘက်ကို ပြေးထွက်ခဲ့တယ်။ အိမ်ရှေ့နားက သစ်ပင်အောက်မှာ မျက်နှာဖုံးကို လွှင့်ပစ်ခဲ့ တယ်။ ဓားမြှောင်ကို ခြံထဲကမြေကြီးထဲ မြှုပ်ထားလိုက်မိတယ်။ ပြီးမှ အခန်းထဲ ပြန်ပစ်လိုက်တာပဲ"

မြတ်စန္ဒာ၏ရှိုက်သံက ထွက်ပေါ်လာသည်။ နံဘေးတွင်ထိုင်နေသော စိုးလင်းဦးသည် မြတ်စန္ဒာ၏ လက်ကို ဖွဖွညင်ညင်ဆုပ်ကိုင်ထားလိုက်သည်။ မြတ်စန္ဒာ၏မျက်ဝန်းမျက်ရည်ရွဲရွဲနှင့် စိုးမင်းဦးပခုံးပေါ်ကို သွဲ့သွဲ့လေးကျ ရောက်လာသည်။

ဒုရဲအုပ်ရဲနွယ်သည် ရဲဘော်တစ်ယောက်ကို ခေါ်လိုက်ပြီး မြတ်စန္ဒာ ကို အချုပ်ခန်းထဲ ထည့်ရန်အမိန့်ပေးလိုက်သည်။ ရဲဘော်သည် မြတ်စန္ဒာကို ခေါ်ဆောင်သွားသည်။

"မမမြတ်ရယ်"

စိုးလင်းဦးနှုတ်ခမ်းပေါ်မှ စကားတစ်ခွန်းကြွေလွင့်လာသည်။ ဒီပဇော်



www.burmeseclassic.com


www.burmeseclassic.com



သည် စိုးလင်းဦးကို လှမ်းကြည့်ရင်း အပြင်ဘက်ကို လှမ်းထွက်ခဲ့သည်။

အပြင်ဘက်၏ ရန်ကုန်ညအခင်းတွင် လပြည့်ဝန်းကြီးသည် မာယာတွေနှင့်မဟုတ်တော့ပဲ အလှအဆင်း ရန်ကုန်ညအခင်းဖြစ်နေတော့သည်။


ဗညားဦး (အိမ်မဲ)







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သတင်းထောက်ဒီပဇော်

နှင့်

# ညကာရက်ထားသော လ

(၁)

ည...
သကြိန်အတက်နေ့၏ည...
ပိတောက်ရနံ့သင်းသင်းမွှေးနေသောည...။
သို့ပေတည့်...
ပိတောက်လသာနေသောညကို
သွေးစွန်းညတစ်ညဖြစ်လာချိမ့်မည်ကို
မည်သူမျှ ကြိုတင်မသိနိုင်ခဲ့ပါ။

xxx





(၂)

ပိတောက်လသာနေသောညသည် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

မြို့ဝန်းတစ်ခုလုံးမှာ လရိပ်ဖျပျရိပ်ထိုးဖြာကျနေ၏။

ဝန်းကျင်တစ်ခုလုံးမှာ အိပ်မောကျနေပြန်သည်။

ထိုစဉ်...

မြို့တံခါးကို တွန်းဖွင့်ပြီး လူတစ်ယောက်ဝင်လာသည်။ ထိုလူမှာ ဦးထုပ်အနက်ရောင်ဆောင်းထားလျက်။ လက်ထဲမှာ အိတ်ကြီးတစ်လုံးဆွဲထားကာ ဘေးဘီဝန်းကျင်ကို လိုက်လံကြည့်နေမိသည်။ ထို့နောက် မြို့ထဲကို လျှောက်လာသည်။ ထိုလူ၏ခြေလှမ်းမှာ သွက်သွက်လက်လက်။

မြို့ဝန်းထဲရှိ အိမ်ရှေ့တွင် ခြေစုံရပ်လိုက်သည်။ နောက်ကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး အိမ်တံခါးကို ခေါက်လိုက်သည်။

"ဒုန်း... ဒုန်း... ဒုန်း..."

အိမ်ထဲမှ ကြားလိုက်ရသောခြေလှမ်းသံသဲ့သဲ့။

"ကျုပ်မှာလိုက်တဲ့ငွေတွေပါလာသလား"

အိမ်ထဲမှ လွင့်ပျံထွက်လာသောအသံမှာ ထန်ထန်မာမာ။

"ငွေတွေပါပါတယ်"

"သေချာတယ်နော်... ကျုပ်ကို ဖုံကျပို့ စိတ်မကူးနဲ့နော်... တား... တား... တား...."

အိမ်ထဲမှ တုန်ဟီးထွက်ပေါ်လာသော အသံဟိန်းဟိန်းကြီးသည် အိမ်အပြင်မှ လူကို တုန်လှုပ်သွားစေသည်။

"သေချာပါတယ်... ကျုပ်မညာတတ်ပါဘူး... တံခါးဖွင့်ပါ"

အိမ်ထဲမှအသံ တိတ်ဆိတ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့... တံခါးဖွင့်"

အိမ်ထဲမှ အသံတိတ်ဆိတ်နေဆဲ။ အတန်ကြာမှ....

"ဟား... ဟား... ဟား.... တံခါးကို တွန်းပြီးဝင်လာခဲ့ပါ"

အိမ်အပြင်မှလူသည် တံခါးကိုတွန်းပြီးအိမ်ထဲကို လှမ်းဝင်သွားသည်။ အိမ်ထဲတွင် အမှောင်တိုက်ကြီးပမာ ရှိနေသည်။ မိုက်မိုက်မှောင်မှောင်။

ထိုစဉ် လျှပ်တစ်ပြက် အိမ်အပြင်မှ ဝင်လာသောလူ၏ဦးခေါင်းကို အိမ်အထဲမှ လူက အရာဝတ္ထုတစ်ခုနှင့် ပြင်းပြင်းထန်ထန်ရိုက်ချလိုက်သည်။

"ဒုန်း"

"အား ..."

"ဝုန်း"

အိမ်အပြင်မှ ဝင်လာသောသူသည် ကြမ်းပြင်ပေါ်ကို လဲကျသွား၏။ အိမ်ထဲမှလူသည် ကြမ်းပြင်ပေါ်တွင် လဲကျနေသောလူ၏ ခေါင်းကို ပြင်းပြင်းထန်ထန်ရိုက်ချက်တစ်ချက်... နှစ်ချက်... သုံးချက်။

အိမ်အပြင်မှ ဝင်လာသောသူသည် လုံးဝငြိမ်သက်သွားလျှက်။ ထိုအခါ အိမ်အတွင်းမှ လူသည် အိတ်နက်ကြီးကို ပြေးကောက်ယူပြီး အခန်းမီးကို ဖွင့်လိုက်သည်။ အခန်းမီးများ လင်းလင်းထိန်ထိန်။

အိတ်အနက်ကြီးကို ကိုင်ထားသောလူသည် လဲကျနေသော လူကို စူးစိုက်ကြည့်လိုက်၏။ ခေါင်းတွင် သွေးများအိုင်ထွန်းလျှက်။

ထိုစဉ်... ကြမ်းပြင်ပေါ်တွင် ပိတောက်တစ်ခက်ကို သွားတွေ့လိုက်၏။ ပိတောက်ခက်ကို စူးစူးရှရှကြည့်လိုက်သည့်အခါ သွေးစများ စွန်းထင်းနေသည်။

ထိုလူသည် သွေးစွန်းနေသော ပိတောက်ခက်ကို ကောက်ယူပြီး အကျီ အိတ်ထဲသို့ ထည့်ကာ အခန်းမီးကိုပြန်ပိတ်ပြီး အိမ်အပြင်ဘက်ကို





ပြေးထွက်သွားသည်။

ပြေးထွက်သွားသောလူ၏ လက်ထဲတွင် အိတ်အနက်ကြီးတစ်လုံးနှင့် သွေးစွန်းနေသော ပိတောက်တစ်ခက်။

အခန်းထဲမှာ မှောင်မှောင်မိုက်မိုက်တွင် သွေးစွန်းထင်းပြီး လောကကြီးကို အပြီးအပိုင်နှုတ်ဆက်သွားသော လူတစ်ယောက်။

×××

(၃)

"ကိုဇေ... သျှားတို့နောက်က လူတစ်ယောက်လိုက်နေတယ်၊ တွေ့လား... ဟိုမှာ ကြည့်စမ်းကိုဇေ"

နွေသျှားနိုင်သည် ဝေမင်းဇေကို တိုးကပ်လျှက် ပြောလိုက်သည်။ ဝေမင်းဇေသည် နောက်ကို လှည့်ကြည့်လိုက်၏။ မလှမ်းမကမ်းတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ ရှပ်အကျီအဖြူ လက်ရှည်၊ စတိုင်ဘောင်းဘီနက်ပြာ ၊ ချာလီကာကီရောင်ကုတ်လက်တိုကို ဝတ်ထား၏။ အပြာနုရောင်ကတ်ဦးထုပ်ကို ဆောင်းထားလျှက်။

ဝေမင်းဇေနှင့် နွေသျှားနိုင်တို့သည် လမ်းတစ်ဖက်ကို ကူးပြီး ဈေးကြီးဘက်သို့ လျှောက်လာသည်။ ဝေမင်းဇေသည် အနောက်ကို တစ်ချက် စောင်းကြည့်လိုက်၏။ အနောက်မှာ ထိုလူကပ်ပါလာသည်။

"သျှားရေ... လက်ဖက်ရည်ဝင်သောက်ရအောင်"

လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ စားပွဲတွင် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလက်ဖက်ရည်နှင့် မုန့်များကို မှာလိုက်သည်။

“ကိုဇေ... ဟိုလူဆိုင်ထဲကို ဝင်လာနေတယ်... တွေ့လား”

ဝေမင်းဇေသည် ဆိုင်ထဲကို လှမ်းဝင်လာသောလူကို သေချာကြည့်လိုက်သည်။ ထိုလူသည် ဝေမင်းဇေတို့ စားပွဲဝိုင်းဆီကို လှမ်းလာသည်။ စားပွဲဝိုင်းတွင် ဝင်ထိုင်ရင်း...

“ခင်ဗျားက ကိုဝေမင်းဇေနော်၊ သူက နွေးသျှားနိုင် မဟုတ်လား”

“ခင်ဗျားဘယ်သူလဲ၊ ကျုပ်တို့နောက်ကို တကောက်ကောက်လိုက်ပြီး အစုနာမည်တွေလာမေးနေတာ ဘာကိစ္စလဲ”

“ကျုပ်က သတင်းထောက်ဒီပဇော်ပါ”

“ဩော်... ကိုဒီပဇော်လား”

“ဟုတ်ပါတယ်”

ဒီပဇော်သည် ဝေမင်းဇေနှင့် နွေးသျှားနိုင်ကို စူးစိုက်ကြည့်နေလိုက်သည်။ ပြီးမှ...

“ကိုဝေမင်းဇေ... ခင်ဗျား ဦးအာကာထက်ကို သိလား”

“သိပါတယ်၊ ဘာဖြစ်လို့လဲ ကိုဒီပဇော်”

ဒီပဇော်သည် နွေးသျှားနိုင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

“နွေးသျှားနိုင်တို့အိမ်မှာ ဦးအာကာထက် အသတ်ခံလိုက်ရတယ်”

“ဗျာ... ဦးအာကာထက် အသတ်ခံလိုက်ရတယ်ဟုတ်လား၊ ကိုဒီပဇော်”

“ရှင်... သျှားတို့အိမ်မှာ ဦးအာကာထက် အသတ်ခံလိုက်ရတယ်၊ ဟုတ်လား... ကိုဒီပဇော်”

ပြိုင်တူအသံထွက်ပေါ်လာသူမှာ ဝေမင်းဇေနှင့် နွေးသျှားနိုင်။

“ဟုတ်ပါတယ် ကိုဝေမင်းဇေ၊ အခု ဦးအာကာထက်ရဲ့ အသတ်ခံရမှု





အမှုနဲ့ပတ်သက်ပြီး ကိုဝေမင်းဇေတို့ကို မေးစရာရှိလို့ လိုက်လာတာပါ”

ဒီပဇော်စကားကြောင့် ဝေမင်းဇေသည် နွေးသျှားနိုင်ကို လှမ်းကြည့်လိုက်သည်။ ဒီပဇော်သည် ဝေမင်းဇေနှင့် နွေးသျှားနိုင်၏မျက်နှာပေါ်မှ အရိပ်များကို အကဲခတ်နေ၏။

“အဲဒီနေ့ညက သင်္ကြန်အတက်နေ့ညဖြစ်တယ် ကိုဝေမင်းဇေ... နွေးသျှားနိုင်တို့အိမ်မှာ ကိုဝေမင်းဇေနှင့် ဦးအာကာထက်တို့ တွေ့ဆုံကြတယ်လို့ သိရတယ်။ ကိုဝေမင်းဇေက ဦးအာကာထက်ကို...”

“ဦးအာကာထက်ကို ကျုပ်မသတ်ဘူး”

“စိတ်ကိုငြိမ်ငြိမ်ထားပါ ကိုဝေမင်းဇေ၊ ဦးအာကာထက်ကို ကိုဝေမင်းဇေသတ်တယ်လို့ မပြောသေးပါဘူး။ အဲဒီနေ့ညက ဦးအာကာထက်နဲ့ နောက်ဆုံးတွေ့တဲ့လူတာ ကိုဝေမင်းဇေပဲဆိုတာ ခိုင်လုံတဲ့သတင်းရရှိထားပါတယ်”

ကိုဝေမင်းဇေ၏ မျက်လုံးသည် တည်ငြိမ်မှုကင်းမဲ့နေလျက်။ နှုတ်ခမ်းတလည်း လှိုင်းထနေလျက်။ နွေးသျှားနိုင်သည် မျက်လွှာချလျက်။

“ကိုဝေမင်းဇေ... အဲဒီညက ဦးအာကာထက်နဲ့ တွေ့ဆုံခဲ့တဲ့အကြောင်းကို ပြောပြနိုင်မလား”

“အင်း... ပြောပြနိုင်ပါတယ် ကိုဒီပဇော်... အဲဒီနေ့ညက သင်္ကြန်အတက်နေ့ည။ သင်္ကြန်အတက်နေ့မှာ သူငယ်ချင်းတွေနဲ့ အပျော်ကျူးပြီး ညဘက်မှာ သျှားတို့အိမ်ကို သွားတယ်။ အဲဒီမှာအခန်းထဲ သျှားနဲ့ ဦးအာကာထက်ကို သွားတွေ့တယ်။ ကျုပ်သင်္ကြန်မှာအပျော်ကျူးတာတွေ ပျောက်တဲ့ပြီး ဒေါသတွေပေါက်ကွဲလာတယ်။ ဒီတော့ ဦးအာကာထက်ကို ကျုပ်ပြောလိုက်တယ်။ တော့လူ... သျှားဟာ ကျုပ်ရဲ့တရားဝင်မိန်းမပါ။ ဒီတော့ ကျုပ်မိန်းမကို ကျူးကျော်တော်ကားမှုနဲ့ ခင်ဗျားကြီးကို တရားစွဲမယ်လို့။ အဲဒီမှာ ဦးအာကာထက်ပျာသွားတယ်။ မလုပ်ပါနဲ့ ဝေမင်းဇေရေ... ငါတောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



*ပါတယ်။ မင်းကျော့နပ်အောင် ဒီဘာလုပ်ပေးရမလဲလို့ ဦးအာကာထက်က* ပြောပါတယ်။ ကျုပ် လည်း ခပ်တည်တည်နဲ့ ဒီလိုဆိုရင် ခင်ဗျားအခု ငွေသိန်း သုံးဆယ်ချက်ချင်း လာပို့။ ငွေလာမပို့ရင် ကျုပ်ကတော့ တရားစွဲမှာပဲ လို့ပြော လိုက်တယ်။ ဦးအာကာ ထက်က မလုပ်ပါနဲ့ ဝေမင်းဇေရယ်။ ငါအခု ချက်ချင်း ငွေလာပို့ပါမယ် ဆိုပြီး ဦးအာကာထက် ထွက်သွားတယ်။ ကျုပ်က ငွေမလို ချင်ဘူး။ ကျုပ်လို ချင်တာ သျှားရဲ့အချစ်ပဲ။ အဲကြောင့် ဒီညသျှားကို ကျုပ်ခိုးပြေး မယ်။ ကဲ သျှား... ဈေးဘက်ကစောင့်နေ... အခုပဲ ကိုဇေလိုက်လာမယ် ပြောလိုက်လို့ သျှားက ထွက်သွားတယ်။ ကျုပ်လည်း သျှားတို့အိမ်က ဦးပိုးထောင်ကို အိမ်ကိုသေချာ ကြည့်ထားဖို့မှာပြီး သျှားဆီကို အပြေးထွက်ခဲ့ တာပဲ''

ဒီပဇော်သည် ဝေမင်းဇေ၏ပြောပြချက်များကို စူးစိုက်နားထောင်ရင်း မေးစေ့ကို ပွတ်သပ်နေလျက်။

xxx

(၄)

အသံဖမ်းစက် ကက်ဆက်လေးကို ပိတ်လိုက်သည်။

ဒုရဲအုပ်ဝင်းဆောင်းသည် ဒီပဇော်အသံဖမ်းထားသော ဝေမင်းဇေ၏ ပြောပြချက်တွေကို စူးစိုက်နားထောင်ခဲ့သည်။

''ကိုဒီပဇော်... ဝေမင်းဇေပြောပြချက်အရဆိုရင် သူဟာ ဦးအာကာ ထက်ကို မသတ်ဘူးဆိုတဲ့အချက်ပါနေတယ်''





''ဟုတ်တယ် ကိုဝင်းဆောင်း... ဒါပေမယ့် ဝေမင်းဇေရဲ့ ပြောပြချက် တွေကို အမှန်ယူလို့မဖြစ်သေးဘူး''

''ကိုဒီပဇော်ရဲ့ ထင်မြင်ချက်က မှန်ပါတယ်။ ကျွန်တော်တို့က တရားခံ အမှန်ကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားရမှာပဲ ကိုဒီပဇော်''

ဒီပဇော်သည် မျက်မှောင်ကြုတ်စဉ်းစားတွေးတောနေသည်။

''ကိုဝင်းဆောင်း... ကျွန်တော်တို့ နွေးသျှားနိုင်တို့အိမ်ကိုသွားပြီး ထပ်စုံစမ်းကြည့်ရင်ကောင်းမယ်''

''ကောင်းတယ်... ကိုဒီပဇော်... သွားမယ်''

ဒီပဇော်နှင့် ဒုရဲအုပ်ဝင်းဆောင်တို့သည် နွေးသျှားနိုင်တို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။

''လာ... ကိုဒီပဇော်''

ဝေမင်းဇေသည်အိမ်ထဲမှ ပြေးထွက်လာပြီး ဒီပဇော်တို့ကို ကြိုဆို လိုက်သည်။ အိမ်ခန်းထဲတွင် ဝင်ထိုင်ကြ၏။ အခန်းပတ်လည်ကို လိုက်လံ ကြည့်နေသူမှာ ဒီပဇော်။

''ကိုဒီပဇော်ကို တစ်ခုမေးစရာရှိတယ်''

နွေးသျှားနိုင်သည် ဒီပဇော်ကို မျက်မှောင်ကြုတ်လျက် ဝင်မေးလိုက် သည်။

''မေးနိုင်ပါတယ် နွေးသျှားနိုင်''

''ကိုဒီပဇော်တို့ မှုခင်းဖြစ်ချိန်စစ်ဆေးတုန်းက ဒီကြမ်းပြင်နေရာမှာ ဒီတောက်တစ်ခက်ကို မတွေ့ဖူးလား''

''ပိတောက်တစ်ခက်ဟုတ်လား နွေးသျှားနိုင်''

''ဟုတ်ပါတယ်။ အဲဒီညက သျှား ဒီအခန်းထဲက ပြေးထွက်သွား တော့ ခေါင်းပေါ်က ပိတောက်တစ်ခက်ပြုတ်ကျ ကျန်ခဲ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော်သည် ခုရဲအုပ်ဝင်းဆောင်းကို လှမ်းကြည့်ရင်းပြောလိုက်သည်။

"ကျွန်တော်တို့ သဲလွန်စခြေရာကို ရှာဖွေတုန်းက ပိတောက်တစ်ခက်ကို လုံးဝမတွေ့ရဘူး နွေးသျှားနိုင်"

"အဲဒီ လူသတ်တရားခံက ပိတောက်တစ်ခက်ကို အစဖျောက်လိုက်သလား မသိဘူးနော်ကိုဇေ။"

နွေးသျှားနိုင်သည် ဝေမင်းဇေကိုကြည့်ရင်းပြောလိုက်သည်။ ခုရဲအုပ်ဝင်းဆောင်းသည် ဝေမင်းဇေကို လှမ်းကြည့်လိုက်သည်။

"ကိုဝေမင်းဇေ... အဲဒီညက ကိုဝေမင်းဇေ ဒီအိမ်က ဦးဖိုးထောင်ကို အိမ်ကြည့်ထားဖို့မှာပြီးမှ ထွက်သွားတာနော်"

"ဟုတ်ပါတယ် ကိုဝင်းဆောင်း"

"အဲ့ဒီဆိုရင် ကျွန်တော်တို့ ဦးဖိုးထောင်နဲ့တွေ့ချင်ပါတယ်"

"ရပါတယ်... ဦးဖိုးထောင်ကို ကျွန်တော်သွားခေါ်လိုက်ပါ့မယ်"

ဝေမင်းဇေသည် အိမ်အနောက်ဘက်ကို ပြေးထွက်သွားသည်။ အတန်ကြာတော့ ဝေမင်းဇေ အနောက်ဘက်မှာပါလာသူမှာ ဦးဖိုးထောင်။ ခုရဲအုပ်ဝင်းဆောင်းသည် ဦးဖိုးထောင်ကို သေချာစိုက်ကြည့်ပြီးမေးလိုက်၏။

"ဦးဖိုးထောင် အဲဒီညက ဦးဖိုးထောင်ဘယ်မှာရှိသလဲ"

ဦးဖိုးထောင်သည် ဝေမင်းဇေကို တစ်ချက်လှမ်းကြည့်ပြီး ပြောလိုက်သည်။

"အဲဒီညက ဦးအစေခံကြီးဝင်အိပ်နေတယ်"

ဦးဖိုးထောင်၏အပြောစကားကြောင့် ခုရဲအုပ်ဝင်းဆောင်းသည် ဝေမင်းဇေကို လှမ်းကြည့်သည်။ ပြီးမှ...

"ဦးဖိုးထောင်... ဒီအခန်းထဲက အသံတွေ ဘာမှမကြားရဘူးလား"

"ဦးအိပ်နေရင်း ဒီအိမ်ဘက်က အသံတွေကြားရလို့ လန့်နိုးခဲ့တယ်





အိမ်အပြင်ကိုထွက်ပြီး ခြံထဲကို လှမ်းကြည့်မိတယ်"

"ခြံထဲမှာ ဘာတွေတွေ့ရသလဲ ဦးဖိုးထောင်"

"လူတစ်ယောက်ပြေးထွက်သွားတာတွေ့ရတယ်"

"ပြေးထွက်သွားတဲ့လူကို သေချာမြင်လိုက်သလား"

"ထွက်သွားတဲ့လူကိုတော့ မြင်လိုက်ပါတယ်။ အဲပေမယ့် ဘယ်သူ ဘယ်ဝါဆိုတာတော့ မသဲကွဲပါဘူး"

"အဲ့ဒီဆိုရင် ဘယ်သူဖြစ်နိုင်သလဲ"

"အင်း... အဲဒီညက လမိုက်ညဆိုတော့ ပြေးထွက်သွားတဲ့လူကို သဲသဲကွဲကွဲမမြင်လိုက်ရတဲ့အတွက် ဘယ်သူဆိုတာ မထင်တတ်ပါဘူးကွယ်"

"အဲဒီညက လမိုက်ညတုတ်လား ဦးဖိုးထောင်"

"ဟုတ်ပါတယ် ကိုဒီပဇော်၊ လဖျောက်တဲ့ညပဲ"

ဒီပဇော်သည် ဦးဖိုးထောင်၏ပြောဆိုချက်များကို နားထောင်ရင်း ဝေမင်းဇေကို လှမ်းကြည့်လိုက်၏။ ပြီးမှ...

"ကိုဝင်းဆောင်း... ကျွန်တော်တို့ ဦးဖိုးထောင်အိမ်ဘက်ကို သွားကြည့်ကြရအောင်"

ခုရဲအုပ်ဝင်းဆောင်းက ခေါင်းညိတ်ပြလိုက်၏။ ဦးဖိုးထောင်အိမ်ဘက်ကို ထွက်လာကြသည်။ ဦးဖိုးထောင်အိမ်ပတ်ဝန်းကျင်ကို စူးစိုက်ကြည့်လိုက်၏။ အိမ်အောက်တွင် ထင်းများပုံထားသည်။ ထင်းများကို စူးစိုက်ကြည့်နေသူမှာ ဒီပဇော်...။

အိမ်နောက်ဘက်တွင် ပိတောက်ပင်တစ်ပင်ကိုတွေ့၏။ ပိတောက်ပင်အောက်ကို လှမ်းသွားသူမှာ ဒီပဇော်။ ပိတောက်ပင်အောက်မှ ပိတောက်ခက်... တစ်ခက်... နှစ်ခက်... သုံးခက်... လေးခက်... ငါးခက်။



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပင်များမှာတွေ့ရသော ပိတောက်ခက်များကို စူးစိုက်ကြည့်ရင်းပိတောက်တစ်ခက်ကို ကောက်ယူလိုက်သည်။ ပြီး... ဂျာကင်အင်္ကျီအိတ်ထဲကိုထည့်လိုက်သည်။

"ကဲ... ကိုဝင်းဆောင်း.... ကျွန်တော်တို့ပြန်ကြမယ်... ကိုဝေမင်းဧ ကျွန်တော်တို့ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့.... ကိုဒီပဇော်"

ဒီပဇော်နှင့်နုရဲအုပ်ဝင်းဆောင်းတို့၏ ဆိုင်ကယ်ပြေးလမ်းသည် လေထုများကို ခွဲလျက် ပြေးလွှားနေသည်။

ရဲစခန်းရောက်သည့်အခါ ရုံးခန်းထဲတွင် ဝင်ထိုင်လိုက်ကြသည်။

"လူသတ်တရားခံကိုတော့ တွေ့နေရပြီ ကိုဝင်းဆောင်း"

"လူသတ်တရားခံတာ ပြေးမလွတ်ပါဘူး ကိုဒီပဇော်"

"ဟုတ်ပါတယ် ကိုဝင်းဆောင်း ဒါပေမယ့် ခိုင်လုံတဲ့ အလီဘိုင်ပြနိုင်ဖို့ ကျွန်တော်တို့ဖော်ထုတ်ရမယ်"

နုရဲအုပ်ဝင်းဆောင်းသည် မှတ်တမ်းစာအုပ်ကို ဖွင့်ပြီး မှတ်တမ်းရေးလိုက်သည်။ ပြီးမှ ဒီပဇော်ကို ပြောလိုက်သည်။

"ကျွန်တော်တို့ တရားခံပြေးလမ်းကို မြန်မြန်ပိတ်ဆို့ဖို့ လိုပါတယ် ကိုဒီပဇော်။"

"ဟုတ်ပါတယ် ကိုဝင်းဆောင်း ဒီညတရားခံကို ဖော်ထုတ်မယ်..."

ဒီပဇော်သည် နုရဲအုပ်ဝင်းဆောင်းကို နှုတ်ဆက်ပြီး ရဲစခန်းအပြင်ဘက်သို့ လှမ်းထွက်ခဲ့သည်။

xxx





(၅)

ည....

လဝန်းကြီးသည် မာယာတွေကို အနိုင်ယူပြီး အလင်းနုနုဖြာကျနေလျက်....

ခြံဝင်းထဲသို့ လူတစ်ယောက်လှမ်းဝင်လာသည်။

"နှန်း... နှန်း... နှန်း..."

အိမ်တံခါးခေါက်လိုက်သည်။

တံခါးဖွင့်လာပေးသူမှာ ဝေမင်းဧ။

အိမ်တံခါးဝတွင် ခြေစုံရပ်နေသူကိုကြည့်ရင်း...

"ခင်ဗျား... ဦးအာကာထက်မဟုတ်လား"

"ဟား... ဟား... ဟား...ဟုတ်တယ် ၊ ကျုပ်က ဦးအာကာထက်ပါ မင်းအံ့ဩသွားသလား"

"မအံ့ဩပါဘူး... ဦးအာကာထက် ၊ ဦးအာကာထက်ကို ကျုပ်တမှ မသတ်တာပဲ"

"ဖိုးထောင်ဆီကိုသွားလိုက်ဦးမယ်"

"ဦးဖိုးထောင်ဆီကို ဘာသွားလုပ်မလို့တုန်း။ ဦးအာကာထက်နဲ့ ဦးဖိုးထောင်က ဘာအဆက်အသွယ်ရှိလို့လဲ"

"အကြောင်းရှိလို့တော့... ကဲ ဦးဖိုးထောင်ဆီကို သွားလိုက်ဦးမယ်"

ဦးအာကာထက်သည် ဦးဖိုးထောင်အိမ်ဘက်ကို လျှောက်သွားသည်

"ဖိုးထောင်... ဖိုးထောင်... ဖိုးထောင်"

အိမ်ရှေ့အပြင်ဘက်မှ လှမ်းခေါ်လိုက်သည်။ ခေါ်သံကြောင့် အိမ်အတွင်



www.burmeseclassic.com

www.burmeseclassic.com



မှပြေးထွက်လာသူမှာ ဦးဖိုးထောင်။

ဦးဖိုးထောင်သည် လရိပ်အောက်မှလူကို စူးစိုက်ကြည့်နေသည်။

"ဖိုးထောင်... ဘာကြည့်နေတာလဲ... ငါ ဦးအာကာထက်ပါ"

ဦးဖိုးထောင်သည် နွေးသျှားနိုင်တို့အိမ်ဘက်ကို ပြေးထွက်သွားသည်။ အိမ်ထဲကိုပြေးဝင်ရင်း...

"ဝေမင်းဇေ... လုပ်ပါဦး... သရဲ... သရဲ... သရဲကွ"

"ဘယ်လိုဖြစ်လာတာလဲ ဦးဖိုးထောင်... ဘယ်မှာလဲသရဲ"

အိမ်ပေါက်ဝတွင် ရပ်နေသူမှာ ဦးအာကာထက်။

"ဖိုးထောင်... ငါ့ကို သေချာကြည့်စမ်းပါ။ ငါသရဲမဟုတ်ပါဘူး... ငါ ဦးအာကာထက်ပါ"

"မဖြစ်နိုင်ဘူး ဝေမင်းဇေ... ဦးအာကာထက်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ သရဲ... သရဲ... သရဲပဲဖြစ်မယ်"

ဦးဖိုးထောင်သည် ဝေမင်းဇေကို ဖက်တွယ်ရင်း အော်ပြောနေသည်။ ထိုအခါ အခန်းထဲကို ဒုရဲအုပ်ဝင်းဆောင်းနှင့် ဒီပဇော်တို့ ပြေးဝင်လာသည်။ ဒုရဲအုပ်ဝင်းဆောင်းသည် ဦးဖိုးထောင်ကို လက်ထိတ်ခတ်လိုက်၏။ ပြီးမှ ဝေမင်းဇေကို လှမ်းပြောလိုက်၏။

"ဝေမင်းဇေ... သူ့ကိုသေချာကြည့်စမ်း ၊ သူ... ဘယ်သူလဲ"

"ဦးအာကာထက်ပါကိုဝင်းဆောင်း"

"ဟုတ်ပါတယ် ကိုဝေမင်းဇေ ဦးအာကာထက်ပါ။ အမှန်တော့ ဦးအာကာထက်မသေပါဘူး"

"ဗျာ... ဘယ်လို... ဦးအာကာထက် မသေဘူးဟုတ်လား... ဒါဆို ဦးဖိုးထောင်ကို ဘာလို့ဖမ်းလိုက်ရတာလဲ"

ဒုရဲအုပ်ဝင်းဆောင်းသည် ပြုံးလျက် ဒီပဇော်ဘက်ကို ကြည့်ကာ ပြော





လိုက်သည်။

"ကဲ... ကိုဒီပဇော်... ရှင်းပြလိုက်ပါဦး"

"ဒီလိုပါ ကိုဝေမင်းဇေ... အဲဒီညက ခင်ဗျားက ဦးအာကာထက်ကို ငွေပြန်ယူခိုင်းလို့ ဦးအာကာထက်ပြန်သွားတယ်နော် ကိုဝေမင်းဇေ"

"ဟုတ်ပါတယ် ကိုဒီပဇော်"

"ဦးအာကာထက်ဟာ အိမ်ပြန်သွားပြီး ငွေကို ဦးအာကာထက်ကိုယ်တိုင်လာမပို့ပါဘူး။ သူ့အိမ်ကဝန်ထမ်းတစ်ဦးဖြစ်တဲ့ ဦးကြည်မိုးကို ခိုင်းလိုက်တယ်။ အသတ်ခံလိုက်ရတာတာ ဦးကြည်မိုးပါ"

ဒီပဇော်သည် စကားကိုရပ်လိုက်သည်။ ပြီးမှ ဦးဖိုးထောင်ဘက်ကို လှမ်းကြည့်ရင်း...

"ဒီအမှုကို ခြေရာခံလိုက်တော့ ဦးဖိုးထောင်ဟာ ကျွန်တော်တို့ရဲ့ ပစ်မှတ်ဖြစ်လာပါတယ်။ ဘာလို့လဲဆိုတော့ ကိုဝေမင်းဇေပြောတာက အဲဒီညက ဦးဖိုးထောင်ကိုမှာပြီးမှ ထွက်သွားတယ်လို့ပြောတယ်။ ဦးဖိုးထောင်ပြောတာကတော့ အစောကြီးအိပ်နေတယ်လို့ပြောတယ်။ ဒီမှာကိုဝေမင်းဇေပြောတာနဲ့ ဦးဖိုးထောင်ပြောတာ ကွဲလွဲနေတာတွေ့ရတယ်။ နောက်တစ်ချက်က အဲဒီ ညက ဦးဖိုးထောင်ပြောတာက လမိုက်ညလို့ပြောတယ်။ အမှန်တော့ အဲဒီညဟာ လသာနေတဲ့ည။ လမပျောက်ပါဘူး။ လကိုဝှက်ထားတဲ့လူက ဦးဖိုးထောင်ပါ။ နောက်တစ်ချက်က လူသတ်တရားခံ အသုံးပြုထားတဲ့ သစ်စတာ ဦးဖိုးထောင်အိမ်အောက်မှာ စုပုံထားတဲ့ ထင်းစဖြစ်နေပါတယ်။ နောက်တစ်ချက်က ဦးဖိုးထောင်အိမ်နောက်က ပိတောက်ပင်ကြီး အောက်မှာတွေ့လိုက်ရတဲ့ ပိတောက်တစ်ခက်တာ သွေးစွန်းနေတာတွေ့လိုက်ရသည်။ ဒါကြောင့် လူသတ်တရားခံဟာ ဦးဖိုးထောင်ပဲဖြစ်ရမယ်လို့ ကျွန်တော် ကောက်ချက်ဆွဲမိပြီး ခုလိုဖော်ထုတ်လိုက်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော်သည် စကားကိုရပ်လိုက်ပြီး ခုရဲအုပ်ဝင်းဆောင်ဘက်ကို လှမ်းကြည့်လိုက်သည်။ ခုရဲအုပ်ဝင်းဆောင်းက ဦးဖိုးထောင်ကို မေးလိုက်သည်။

"ကဲ... ဦးဖိုးထောင်အဖြစ်မှန်ကိုပြောပါဦး"

ဦးဖိုးထောင်သည် ခေါင်းငိုက်စိုက်နေရာမှ ခေါင်းမော့လိုက်ပြီး နှုတ်ခမ်းကိုလှုပ်လိုက်သည်။

"ဒီလိုပါ... အဲဒီညက ကျုပ်အစောကြီး မအိပ်ရပါဘူး။ မြို့ထဲကို လျှောက်လာတုန်း နွေးသျှားနိုင်တို့ အိမ်ဘက်က အသံတွေကြားရတော့ အိမ်တံခါးကနေ ကပ်နားထောင်မိတယ်။ အဲဒီမှာ ဝေမင်းဇေက ဦးအာကာထက်ကို ငွေသိန်းသုံးဆယ်လာပို့ဖို့ ပြောတာကြားရတယ်။ အိမ်ထဲက ဦးအာကာထက် ထွက်လာတော့ ကျုပ်သစ်ပင်နောက်မှာကပ်နေလိုက်တယ်။ ဝေမင်းဇေက ကျုပ် ကိုလှမ်းခေါ်ပြီး အိမ်ကိုသေချာကြည့်ထားဖို့ပြောပြီး ထွက်သွားတယ်။ ဒီမှာ ငွေသိန်းသုံးဆယ်ကို ကျုပ်မြင်လိုက်တယ်။ အဲနဲ့ ကျုပ်လည်း အိမ်ဘက်ကိုပြေးသွား ပြီး အိမ်အောက်က ထင်းစကြီးတစ်စကို ဆွဲပြီး နွေးသျှားနိုင်ရဲ့ အိမ်ထဲကို ဝင်နေလိုက်တယ်။ အိမ်ထဲကမီးတွေကို အားလုံးပိတ်ထားလိုက်တယ်။ နာရီဝက်လောက်ကြာတော့ ငွေလာပို့တဲ့လူကို ထင်းစကြီးနဲ့ လော့ခြောက်ချက်ရိုက်ချပြီး ငွေတွေကိုယူလိုက်တယ်။ ဒီမှာကြမ်းပြင်ပေါ်မှာ တောက် တစ်ခက် ကို သွားတွေ့တယ်။ ပိတောက်ခက်ဟာ သွေးစွန်းနေတယ်။ သဲလွန်စဖြစ် နေမှာစိုးလို့ ပိတောက်ခက်ကိုယူလာတယ်။ ငွေလာပို့တဲ့ လူကို ဦးအာကာ ထက်ပဲလို့ ကျုပ်ကထင်နေတာ"

ဦးဖိုးထောင်သည် ပြောရင်းအသံတွေ တုန်ရီလာခဲ့သည်။

ဒီပဇော်သည် ဦးဖိုးထောင်၏မျက်နှာကို သေချာစိုက်ကြည့်ရင်း

"ဒီမှာဦးဖိုးထောင်... ညဟာ လအပေါ် သစ္စာမဖောက်ဘူး





လကလည်း ညအပေါ် သစ္စာမဖောက်ဘူး။ ညနဲ့လဟာမာယာမရှိဘူး။ ခင်များ ကသာလောဘရမ္မက်ဇောတွေကြောင့် လကို ညကဝှက်ထားတဲ့ အတ္တဇာတ်ကို အမှောင်တိုက်ထဲမှာ ဖန်တီးခဲ့တာမဟုတ်လား... ကျုပ်နဲ့တွေ့ရင် ဘယ်ရမလဲ ဗျာ... ကျုပ်က ခင်ဗျားရဲ့ မာယာတိုက်ထဲက အတ္တဇာတ်ကို အမှန်တရားနဲ့ ဇာတ်သိမ်းပေးချင်တာပါ။ ခုကြမြစ်ထဲက လူတွေကို မုန်တိုင်းနဲ့ဝေးရာ တမ်းပါးပေါ်ကို ကျုပ်က ဆွဲတင်ပေးချင်တာပါ။ ဒါ... ကျုပ်ရဲ့သစ္စာစကားပဲ ဦးဖိုးထောင်..."

ဦးဖိုးထောင်သည် ဒီပဇော်၏တည်ကြည်ခိုင်မာသော စကားလုံးများကို နားထောင်ရင်း ခေါင်းငိုက်စိုက်ကျသွားလျှက်။

ထိုစဉ် ...

ခုရဲအုပ်ဝင်းဆောင်းသည် ရဲဘော်တစ်ဦးကို လှမ်းခေါ်လိုက်သည်။

"ဦးဖိုးထောင်ကို စခန်းကိုခေါ်သွားလိုက်ပါရဲဘော်"

ရဲဘော်များသည် ဦးဖိုးထောင်ကို ခေါ်သွားကြသည်။

ဒီပဇော်နှင့်ရဲအုပ်ဝင်းဆောင်းတို့သည် ဝေမင်းဇေနှင့်နွေးသျှားနိုင်ကို နှုတ်ဆက်ပြီးအပြင်ဘက်ကို ထွက်လာကြသည်။

ဒီပဇော်နှင့်ခုရဲအုပ်ဝင်းဆောင်းတို့၏ ပြေးလွှားနေသော ဆိုင်ကယ်သည် ငှက်အသွင်တောင်ပံမြူးကြွတန်ချီလျှက်...

ဗညားဦး (အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com

# မျှားဦး

အိမ်မဲ့

သတင်းထောက်ဒီပဇော်

နှင့်

ဝက်ပါည

ပန်းချီ မင်းထက်နိုင်






www.burmeseclassic.com

www.burmeseclassic.com




# သတင်းထောက်ဒီပဇော်

နှင့်

# ဝဂ်ပိညာ

(၁)

"မင်း ဘယ်ပြေးမလဲ၊ မင်း... ဘယ်ပြေးမလဲ၊ အို... ကြောက်တယ် ကြောက်တယ်.... ငါမလုပ်ရဲဘူး.... မလုပ်ရဲဘူးကွာ... အား... အား... အား... ဝူး... ဝူး... ဝူး... ကြောက်တယ်... ကြောက်တယ်..."

စူးစူးရှရှအော်လိုက်သော အသံနက်နက်ကြီးသည် အိပ်မောကျနေသည့်ညကို လှုပ်လှုပ်နိုးနိုး ၊ တိတ်ဆိတ်ငြိမ်သက်နေသည့်ညကို ချောက်ချောက်ချားချား။

တစ်တိုက်လုံး အိပ်မောကျနေသောအချိန်လည်းဖြစ်သည်။ တိုက်အတွင်း၌ တိုင်ကပ်နာရီမှ နာရီလက်တံရွေ့လျားသံများ တချက်ချက် မြည်သံကသာ ရိုက်ခတ်ပဲ့တင်ထပ်နေလျက်။






တိုက်အတွင်းမှ တုန်ခါထွက်ပေါ်လာသည့် အသံနက်နက်ကြီးကြောင့် ထိတ်ထိတ်ပျာပျာလန့်နိုးလာသူမှာ စည်သူမိုးဖြစ်သည်။ အိပ်ရာပေါ်မှ ရုတ်ခနဲ ထထိုင်ပြီး အခန်းတံခါးဆီကို သွက်သွက်လက်လက် ပြေးသွားသူမှာ စည်သူမိုး။ တံခါးကိုဖွင့်ပြီး အခန်းအပြင်ဘက်ကို ထွက်လာမိသည်။

စည်သူမိုးသည် ဦးပီတာ၏အခန်းဘက်သို့လျှောက်လာသည်။ ဦးပီတာ၏အခန်းတံခါးကို ကပ်ပြီးနားထောင်လိုက်သူမှာ စည်သူမိုး။

အခန်းတွင်းမှ ဦးပီတာ၏မောဟိုက်တုန်ရီသံများ ၊ သက်ပြင်းချသံများကို ကြားလိုက်ရ၏။ စည်သူမိုးသည် အခန်းတံခါးကို ခေါက်လိုက်သည်။

"ခေါက်... ခေါက်... ခေါက်"

"ဦးပီတာ... ဦးပီတာ"

အတန်ကြာအောင် အခန်းတွင်းမှာ ငြိမ်သက်နေသည်။ ပြီးမှ ဦးပီတာ၏အသံထွက်ပေါ်လာသည်။

"ဘယ်သူလဲဟေ့"

"ကျွန်တော်စည်သူပါ... တံခါးဖွင့်ပါဦး"

"ဩော်.... မောင်စည်သူလား"

အခန်းတံခါးပွင့်လာသည်။ အခန်းဝတွင်ရပ်နေသော ဦးပီတာကို စည်သူမိုးက စူးစိုက်စွာကြည့်လိုက်မိသည်။ ဦးပီတာ၏မျက်လုံးသည် ထိတ်ထိတ်ပျာပျာ၊ကြောက်ကြောက်ရွံ့ရွံ့။ မျက်နှာပြင်ပေါ်တွင်လည်း ချွေးများ ရွှဲစိုင်းနေလျက်။

"ဘယ်လိုဖြစ်တာလဲ ဦးပီတာ"

"ဟို... ဟို... ဝိညာဉ်တွေ"

"ဘာတွေဖြစ်နေကြတာလဲ စည်သူ၊ ခေါ်လေးလည်းအသံတွေကြားလို့ ထလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောမြသည် စည်သူမိုး၏ နံဘေးကိုရောက်လာပြီးပြောလိုက်သည်။ မျက်နှာပေါ်တွင်လည်း ထိတ်လန့်ချောက်ချားအရိပ်အငွေ့နှင့်။

"ဦးပီတာအခန်းထဲက အော်လိုက်တဲ့အသံတွေကြားလို့ ကျွန်တော်လည်းထွက်လာတာ ဒေါ်လေး"

ဒေါ်စောမြသည် စည်သူမိုး၏အဒေါ်ဖြစ်သည်။ ဦးပီတာသည် စည်သူမိုးတို့တိုက်တွင် အလုပ်လုပ်နေသူဖြစ်၏။

ဒေါ်စောမြသည်ဦးပီတာကို ငေးရီကြည့်နေမိသည်။

"ကဲ... ဒေါ်လေး ဘာမှမဖြစ်ပါဘူး ၊ ဘာကိုမှလည်း ကြောက်မနေနဲ့ အေးအေးဆေးဆေးပြန်အိပ်လိုက်ပါ"

ဒေါ်စောမြသည် စည်သူမိုးစကားကြောင့် ခေါင်းညိတ်ပြပြီး

"အေး... အေး... ဒါဆို ဒေါ်လေးပြန်အိပ်လိုက်ဦးမယ်နော်စည်သူ"

"ဟုတ်ကဲ့ပါဒေါ်လေး"

ဦးပီတာသည် ထွက်သွားသော ဒေါ်စောမြကို လှမ်းကြည့်ပြီး စည်သူ့ပခုံးကို ကိုင်ရင်း...

"လာကွာ ဦးလည်း ပြန်အိပ်လို့ရမှာမဟုတ်ဘူး စည်သူ ၊ ဝရန်တာ ထွက်ပြီး စကားပြောကြရအောင်"

"ကောင်းတာပေါ့ ၊ ကျွန်တော်လည်း ပြန်အိပ်လို့ရမှာမဟုတ်သေး ဘူး"

ဝရန်တာဘက်သို့ ထွက်လာသည်။ဝရန်တာပေါ်တွင် လရိပ်ကဖြာ လျက်။ ညလေညင်းကလည်း သွေးဆောင်နေပြန်သည်။ ဝရန်တာပေါ် စီးပြီးလှမ်းမြင်နေရသော ခြံဝင်းထဲမှ သစ်ခက်သစ်နွယ် ပန်းမာလာတို့သည် လေအဝှေ့ယိမ်းယိမ်းနွဲ့နွဲ့။

"ကဲ... ပြောပါဦး ဦးပီတာ ဘာလို့ ညအချိန်မတော် အော်လိုက် ရတာလဲ"





ဦးပီတာသည် ခြံဝင်းထဲသို့ အတန်ကြာအောင် လှမ်းကြည့်နေသည်။ ပြီးမှ...

"အင်း... ပြောရမယ်ဆိုရင်တော့ ဒီတိုက်ကြီးမှာ မင်းအဖေနဲ့အမေ ဝိညာဉ်တွေ သွားလာနေတာ ဦးမြင်ရတယ်။ တစ်ခါတစ်ရံ အဲဒီဝိညာဉ်တွေက ဦးကို လာကပ်နေတာပဲ"

"ကျွန်တော်ဝိညာဉ်တွေကို သိပ်အယုံအကြည်မရှိဘူး ဦးပီတာတုတ် ပါ့မလားဗျာ"

"ဝိညာဉ်တွေကို မယုံလို့မရဘူး စည်သူ ဖပြောပြမယ်။ မင်းအဖေတာ ဝရန်တာပေါ်ကနေ အောက်ကို ပြုတ်ကျပြီးသေဆုံးတယ်မဟုတ်လား မင်းအမေကျတော့ လှေကားပေါ်ကနေလိမ့်ကျပြီး သေဆုံးသွားခဲ့တယ် ဟုတ်လားစည်သူ ၊ မင်းအဖေနဲ့အမေက သားတစ်ယောက်တည်းဖြစ်တဲ့ မင်းကို စွဲလမ်းတဲ့ သံယောဇဉ်ကြိုးအခိုင်အမာနဲ့ ဒီတိုက်ကြီးမှာရှိနေတယ်လို့ ဦးထင်တယ်"

စည်သူမိုးသည် ဦးပီတာပြောပြနေသော မိဘနှစ်ပါး၏အကြောင်းကို နားထောင်နေရင်း ရင်ထဲဆွေးမြေ့လွမ်းနေမိသည်။

"စည်သူ... စည်သူ"

စည်သူမိုးသည် ကောင်းကင်ယံပေါ်မှ လပြည့်ဝန်းကြီးကို ငေးငိုင် ကာကြည့်နေလျက်။

"စည်သူ ဘာတွေဒီလောက်တောင် တွေးနေတာလဲကွာ"

"ဩော်... ရင်ထဲ အဖေနဲ့အမေကို လွမ်းဆွေးနေမိသလိုပဲ"

"ကဲပါကွာ... သွားအိပ်ကြစို့ စည်သူ"

စည်သူမိုးနှင့် ဦးပီတာတို့ အိပ်ခန်းထဲကို ပြန်ဝင်လာကြသည်။ အခန်း ပြင်ဘက်တွင် လပြည့်ဝန်းကြီးက ထိန်ထိန်သာနေလျက်။

×××



www.burmeseclassic.com

(၂)

ဦးကြည်ခင်သည် တိုက်အတွင်းကို မဝင်ခင် ခြံဝင်းအပြင်ဘက်ကို မျက်လုံးဝေ့ဝိုက်ကြည့်လိုက်သည်။ ပြီးမှ တိုက်အတွင်းကိုဝင်လိုက်သည်။

"စည်သူ... စည်သူ"

ဦးကြည်ခင်က အော်ခေါ်လိုက်သည်။ အခန်းထဲက ဒေါ်စောမြထွက်လာသည်။

"အစ်ကိုကြီးပါလား"

"စည်သူကော ညီမလေး"

"ရှိပါတယ်... အပေါ်ထပ်မှာပါ"

ဦးကြည်ခင်သည် ဒေါ်စောမြ၏ အစ်ကိုဝမ်းကွဲတော်သည်။ စည်သူမိုး၏ ဖခင်၏ညီအရင်း ၊ ဒေါ်စောမြသည် ဦးကြည်ခင်ရှေ့တွင် ထိုင်နေသော လူငယ်ကို လှမ်းကြည့်နေမိသည်။ လူငယ်မှာ ဆံပင်ရှည်ရှည်၊ဒီဂရီမျက်မှန်နှင့် နှုတ်ခမ်းမွေးစစနှင့်။

"အစ်ကိုကြီး... သူက ဘယ်သူလဲ"

"သူက မောင်ဖြူသီး ၊ ဒီတိုက်မှာနေဖို့ အစ်ကိုကြီးခေါ်လာတာ စည်သူနဲ့ ညီမလေးတို့အတွက် အဖော်တစ်ယောက်တိုးတာပေါ့"

"ကောင်းပါတယ် အစ်ကိုကြီး"

"အခု ဘာတွေထူးထူးခြားခြားဖြစ်သေးသလဲ"

"ညကတော့ ဦးဗိတာလန့်ပြီး ထအော်တာပဲ"

"ဟုတ်လား... အခု ဦးဗိတာဘယ်မှာလဲ... သွားခေါ်စမ်း"

ထိုစဉ် လှေကားပေါ်မှ ဆင်းလာသူမှာစည်သူမိုး။





စည်သူမိုးနောက်မှာ ဦးဗိတာ။

ည်သူမိုးသည် ဦးကြည်ခင်နံဘေးတွင် ဝင်ထိုင်လိုက်သည်။ မောင်ဖြူသီးကို လှမ်းကြည့်ရင်း...

"ဦးလေး သူက ဘယ်သူလဲ"

"ဒီတိုက်မှာ မင်းတို့နဲ့အဖော်ရအောင် ဦးခေါ်လာတာ ၊ သူ့နာမည်ကတော့ မောင်ဖြူသီး ၊ ကဲ.. မောင်ဖြူသီး သူက ဦးရဲ့အချစ်ဆုံး တူတော်မောင်စည်သူမိုး ၊ သူကတော့ ဦးရဲ့ညီမစောမြ ၊ သူက ဦးဗိတာ ၊ ဒီနေ့ကစပြီး မောင်ဖြူသီး သူတို့နဲ့ ရင်းရင်းနှီးနှီးနေထိုင်သွားပေါ့"

"ဟုတ်ကဲ့ ဦးလေးစိတ်ချပါ"

မောင်ဖြူသီးသည် စည်သူမိုး၊ဒေါ်စောမြ၊ဦးဗိတာတို့ကို လိုက်လံ ကြည့်နေမိသည်။

"အထူးသဖြင့် မောင်ဖြူသီးကို မှာချင်တာကတော့ ဦးရဲ့တူနဲ့ နီးနီးကပ်ကပ်နေပေးဖို့ပါပဲ"

"စိတ်ချပါဦးလေး ၊ ကျွန်တော်လည်း လူငယ်ပဲ ၊ ဒီကကိုစည်သူမိုးကလည်း လူငယ်ပဲ၊ ပေါင်းလို့သင်းလို့ရပါတယ်"

ဦးကြည်ခင်သည် မောင်ဖြူသီး၏ စကားကို နားထောင်ရင်း ဦးဗိတာကို တစ်ချက်ကြည့်လိုက်သည်။

"ဦးဗိတာ ညတုန်းက ဘာလို့လန့်ပြီး ထအော်ရတာလဲ"

"ဟို... ဟို ဝိညာဉ်တွေ"

"တော်စမ်း... ဦးဗိတာ ၊ မဟုတ်တာတွေ လျှောက်မပြောနဲ့ ကျုပ်တူနဲ့ ဒီတိုက်မှာနေတဲ့လူတွေ ကြောက်လန့်အောင်မပြောပါနဲ့"

ဦးကြည်ခင်၏ အသံလှိုင်းသည် မာမာထန်ထန်။

မျက်လုံးကလည်း နီမြန်းလျက် ဦးဗိတာကို စိုက်ကြည့်နေ၏။

www.burmeseclassic.com



ဦးကြည်ခင်သည် စည်သူ့မိုးပခုံးကို လှမ်းဖက်ထားလိုက်သည်။ စည်သူ့မိုး၏ခေါင်းပေါ်မှ ဆံနွယ်စများကို ပွတ်သပ်ပေးရင်း...

"စည်သူ ဘာမှမကြောက်နဲ့၊ အခုဆိုရင် မောင်ဖြူသီးလည်း စည်သူနဲ့ အဖော်ရပြီးနော်..."

"ဟုတ်ကဲ့ပါဦးလေး"

"ကဲ... ဦးလေးပြန်လိုက်ဦးမယ် စည်သူ၊ စောမြ ဝို့ကို ခြံဝအထိလိုက်ပို့ပေးစမ်း"

"ဟုတ်ကဲ့... အစ်ကိုကြီး"

ဦးကြည်ခင် ထွက်သွားရာနောက်ကို ဒေါ်စောမြလိုက်သွားသည်။ ခြံနားရောက်သည့်အခါ ဦးကြည်ခင်က ဒေါ်စောမြကို အသံတိုးတိတ်စွာပြောလိုက်သည်။

"ညီမလေး စည်သူ့ကို ဂရုစိုက်ပေးပါရက္ခာအကြောင်းထူးရှိရင် အစ်ကိုကြီးဆီကို အမြန်ဆုံးအကြောင်းကြားပါ"

"စိတ်ချပါအစ်ကိုကြီး"

ခြံဝမှထွက်ခွာသွားသော ဦးကြည်ခင်ကို လှမ်းကြည့်ပြီးတိုက်ထဲသို့ ပြန်ဝင်သွားသူမှာ ဒေါ်စောမြ။

တိုက်အတွင်း ဧည့်ခန်းထဲတွင် စကားလက်ဆုံကြနေသူမှာ စည်သူမိုးနှင့် မောင်ဖြူသီး။

စည်သူမိုးနောက်တွင် ရပ်ကြည့်နေသူမှာ ဦးပိတာ။

xxx





(၃)

"ချက်... ချက်... ချက်..."

တိတ်ဆိတ်ငြိမ်သက်အိပ်မောကျနေသော တိုက်အတွင်းမှာ တိုင်ကပ်နာရီလက်တံ ရွေ့လျားသံများက ကျယ်ကျယ်လောင်လောင်။

အိပ်မပျော်နိုင်သောသူမှာ မောင်ဖြူသီး၊ အခန်းအပြင်ဘက် ကိုထွက်လာပြီး အောက်ထပ်ရှိတိုက်အတွင်းကို လိုက်လံကြည့်နေမိသည်။ ပြီးမှ လှေကားအတိုင်းအပေါ်ထပ်ကို တက်လာခဲ့သည်။ အပေါ်ထပ်တွင်လည်း မီးရောင်ဖြာလဲ့လဲ့သာ ပျပျလင်းဖြာနေလျက်။

မောင်ဖြူသီးသည် လှေကားထပ်မှ အောက်ဘက်ကို စေ့စေ့ကြည့်လိုက်သည်။ ဝရန်တာဘက်ကို လျှောက်လာပြီး ဝရန်တာပေါ်မှ ခြံဝင်းထဲကို လှမ်းကြည့်နေမိသည်။ ခြံဝင်းထဲတွင် လမိုက်ည၏ အမှောင်ရဲတိုက်ကြီးဖြစ်နေ၏

ထိုစဉ်...

ခြံဝင်းတံခါးဝတွင် လူရိပ်ကိုဝိုးတဝါးတွေ့လိုက်ရ၏။ မောင်ဖြူသီးသည် သေချာကြည့်လိုက်ပြီး ခြံဝင်းထဲကို ဆင်းခဲ့သည်။ ခြံဝင်းတံခါးဝဆီသို့ ပြေးပြေးလွှားလွှား၊ ခြံဝင်းတံခါးဝ ဝန်းကျင်ကို လိုက်လံကြည့်နေမိသည်။ လူရိပ်ကိုမတွေ့။

တိုက်ဘက်ကိုပြန်လျှောက်လာခဲ့သည်။ တိုက်တံခါးဝတွင် ရပ်နေသူမှာ ဒေါ်စောမြ။ ဒေါ်စောမြသည် မောင်ဖြူသီးကို စူးစိုက်ကြည့်နေလျက်။

"မောင်ဖြူသီး... မင်းညအချိန်မတော် ခြံထဲဘာဆင်းလုပ်တာလဲ"

"ဟို... ဟို... လူရိပ်ကိုတွေ့လိုက်လို့ပါ"

"လူရိပ်ဟုတ်လား မောင်ဖြူသီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဒေါ်စောမြ"

"မောင်ဖြူသီး မင်းတွေ့လိုက်တာ ဝိညာဉ်တွေပေါ့"

ဦးပီတာရောက်လာပြီး မောင်ဖြူသီးကိုပြောလိုက်သည်။ ဒေါ်စောမြသည် ဦးပီတာကို လှမ်းကြည့်ပြီး

"ဝိညာဉ်တွေဆိုတာ မဖြစ်နိုင်ဘူး ဦးပီတာ"

"ဟား... ဟား... ဟား.... ဒေါ်စောမြကလည်း ဝိညာဉ်တွေ မဟုတ်လို့ ဒေါ်စောမြ ဘာထင်နေလို့လဲ"

စည်သူမိုးသည် အပေါ်ထပ်လှေကားမှ ဆင်းလာပြီး ရောက်လာသည်။

"ဒေါ်လေး ဘာဖြစ်နေကြတာလဲ"

"မောင်ဖြူသီး ခြံဝင်းထဲမှာ လူရိပ်တွေ့လို့တဲ့"

"ဟုတ်လား ကိုဖြူသီး"

"ဟုတ်တယ်ကိုစည်သူ"

စည်သူမိုးသည် ခြံဝင်းထဲကို လှမ်းကြည့်နေမိသည်။ ဦးပီတာသည် စည်သူမိုးပခုံးကို လှမ်းကိုင်ရင်း

"ကဲပါ စည်သူ ဘာမှ တွေးမနေနဲ့။ ဘာမှကြောက်စရာလည်း မလိုပါဘူးကွာ။ ပြန်အိပ်ကြတော့"

တိုက်ထဲကို ဝင်လိုက်ကြသည်။ တိုက်အပြင်ဘက်တွင် မဟုရာည။

ဒေါ်စောမြသည် နံနက်အိပ်ရာထပြီး ဈေးသို့ထွက်ခဲ့သည်။ ဈေးသို့သွားရင်း ဦးကြည်ခင်ဆီကို ဝင်လိုက်သည်။

"အစ်ကိုကြီး... အစ်ကိုကြီးခေါ်လာတဲ့ မောင်ဖြူသီးကို စိတ်ချရသလား"

"ဘာဖြစ်လို့လဲ ညီမလေး"

"ကျွန်မတော့ မောင်ဖြူသီးကို မသင်္ကာဘူး။ ညကမအိပ်ဘဲ လူရိပ်တွေ့လို့ဆိုပြီး ခြံထဲဆင်းသွားတယ် အစ်ကိုကြီး"





ဦးကြည်ခင်သည် ဒေါ်စောမြစကားကြောင့် အကြောင်းအရာတစ်ခုကို တွေးတောနေမိသည်။

"အင်း... မောင်ဖြူသီးကိုတော့ စိတ်ချရပါတယ်။ စိတ်ချလို့လည်း အစ်ကိုကြီး ခေါ်လာတာပေါ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် စည်သူကိုတော့ ဂရုစိုက်ပါညီမလေးရာ"

"စိတ်ချပါ အစ်ကိုကြီး"

"ဪ စည်သူရဲ့အသက် (၂၅)နှစ်မြောက်မွေးနေ့ပွဲလည်း နီးလာပြီနော်။ အစ်ကိုကြီးတော့ အဲဒီပွဲကို အထူးစည်စည်ကားကားဖြစ် အောင်လုပ်ဖို့ စီစဉ်ထားတယ်"

"ကောင်းတာပေါ့ အစ်ကိုကြီးရာ ကျွန်မပြန်လိုက်ဦးမယ်"

ဒေါ်စောမြသည် အိမ်ပေါ်မှဆင်းလာခဲ့သည်။ ဦးကြည်ခင်သည် ဒေါ်စောမြကို လှမ်းကြည့်ပြီး စည်သူမိုး အသက်(၂၅)နှစ်မြောက် မွေးနေ့ပွဲ အစီအစဉ်များကို တွေးနေမိသည်။

×××

(၄)

တိုက်အတွင်းမှာ ခုံများစီပြီးအခမ်းအနားကို ပြင်ဆင်နေသည်။

မောင်ဖြူသီးသည် ခုံများကိုနေရာချနေရင်း ဦးပီတာကို ကြည့်လိုက်သည်။ မောင်ဖြူသီး၏အကြည့်မှာ စူးစူးထက်ထက်။

တိုက်ထဲကို ဝင်လာကြသူမှာ ဦးကြည်ခင် စည်သူမိုးနှင့် အသက်ကြီးကြီးဆောင် ကိုသက်ဦးဌေးတို့ဖြစ်သည်။ ဦးကြည်ခင်သည် ဦးပီတာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ဦးပီတာ ဘာလိုသေးလဲ"

"ဘာမှမလိုသေးပါဘူး။ ပွဲက ဘယ်အချိန်စပြီး ဘယ်အချိန် ပြီးမလဲ ဦးကြည်ခင်"

"အင်း... ည(၇)နာရီစပြီး (၁၁)နာရီလောက် သိမ်းမယ်။ ဘာဖြစ်လို့လဲဦးပီတာ"

"ဘာမှမဖြစ်ပါဘူး ဦးကြည်ခင်"

ဦးကြည်ခင်သည် စားပွဲဝိုင်းများ ပြင်ဆင်ထားသော အခမ်းအနား ကို လိုက်လံကြည့်ပြီး မောင်ဖြူသီးကို လှမ်းပြောလိုက်သည်။

"ကဲ... ဦးပြန်လိုက်ဦးမယ်။ ခြံတံခါးလိုက်ပိတ်လိုက်ဦး မောင်ဖြူသီး ရေ"

"ဟုတ်ကဲ့... ဦးလေး"

မောင်ဖြူသီးသည် ဦးကြည်ခင်နောက်သို့ လိုက်သွားသည်။ ခြံတံခါးပိတ်ပြီးတိုက်ထဲကို ပြန်ဝင်လာသူမှာ မောင်ဖြူသီး။

"ဦးပီတာ ကျွန်တော်တို့အလုပ် ခဏနားပြီး ထမင်းစားကြ ရအောင်"

"အေး...အေး... ကောင်းတယ် မောင်ဖြူသီး"

ထမင်းဝိုင်းပြင်ပြီး ထမင်းစားကြရင်း မောင်ဖြူသီးသည် ဦးပီတာ ကို ပြောလိုက်သည်။

"ဦးပီတာ... ဦးပီတာ ပြောပြောနေတဲ့ ဝိညာဉ်ဆိုတာ ဒီတိုက် ထဲမှာ တကယ်တွေ့လို့လား"

ဦးပီတာသည် ထမင်းတစ်လုတ်စားပြီး မောင်ဖြူသီးကို ကြည့်လိုက် သည်။

"မင်းကဝိညာဉ်တွေကို စိတ်ဝင်စားနေလို့လား"





မောင်ဖြူသီးသည် ခေါင်းညိတ်ပြလိုက်သည်။

"ဒီတိုက်ထဲမှာ မောစ်စည်သူမိဘနှစ်ပါးရဲ့ ဝိညာဉ်တွေလွင့်မျောနေတာ သေချာတယ်"

"ကျွန်တော်တစ်ခုမေးချင်တယ်"

"ဘာသိချင်လို့လဲမောင်ဖြူသီး"

မောင်ဖြူသီးသည် ဦးပီတာ၏ မျက်နှာကို သေချာကြည့်လိုက်သည်။

"ကိုစည်သူ့အဖေ ဝရန်တာပေါ်က ပြုတ်ကျပြီးသေတာ ဦးပီတာကိုယ်တိုင် မြင်ရလို့လား။ ကိုစည်သူ့အမေ လှေကားပေါ်က လိမ့်ကျပြီး သေဆုံးသွားတာ ဦးပီတာ ကိုယ်တိုင်မြင်ရလို့လား"

"အင်း... ဒါတော့ ဦးကိုယ်တိုင်မမြင်ရပါဘူး"

"ဒါဆိုရင် အကြောင်းအရာ တစ်ခုကို သေသေချာချာ မသိဘဲ ဦးပီတာက ဘာလို့ပြောနေရတာလဲ"

ဦးပီတာ၏မျက်နှာပေါ်တွင် နီမြန်းသွားသည်။ ပျာပျာသလဲနှင့်...

"ဒီကိစ္စကို မင်းဘာမှပြောစရာမလိုဘူး။ ဒါစည်သူတို့ မိသားစုကိစ္စ ကိုယ်နဲ့မဆိုင်ရင် ဘာမှစပ်စပ်စုစု မစူးစမ်းပါနဲ့ သိလား၊ မောင်ဖြူသီး စပ်စပ် စုစု လုပ်ရင် စည်သူတို့ ဦးကြည်ခင်တို့က မကြိုက်ဘူး"

"ဟုတ်လားဦးပီတာ"

မောင်ဖြူသီးသည် ဦးပီတာကို တစ်ချက်လှမ်းကြည့်ပြီး ထမင်းစား ခွဲမှထွက်သွားသည်။

ညဝိုင်းရောက်သည့်အခါ တိုက်အတွင်းမှာ ရောင်စုံမီးများ ညီညာ ထွန်းလင်းတောက်ပနေလျက်။ ချစ်ဆုတီးဝိုင်းမှ ညှော့ခံတီးလုံးကာ ညင်း ငြိမ့်ငြိမ့်ညောင်းညောင်း လွင့်ပျံ့ဝေဝေချို့ချို့၊ ဧည့်သည်များလည်း တဖွဲဖွဲရောက် လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ည(၇)နာရီတွင် ရောင်စုံမီးများ လင်းလဲ့ဝင်းပနေသော လှေကားအတိုင်းအပေါ်ထပ်မှ ဆင်းလာသူမှာ မွေးနေ့ရှင်စည်သူမိုး။ စည်သူမိုးနံဘေးတွင် ဦးကြည်ခင်နှင့်ဒေါ်စောမြ။

စည်သူမိုးမှာ အဖြူရောင် စတိုင်ဘောင်းဘီရှည် ၊ အင်္ကျီအနီရောင်လက်ရှည် ၊ ကုတ်အင်္ကျီအဖြူလက်ရှည်နှင့် မီးရောင်စုံအောက်တွင် လှပမြူးကြွနေလျက်။

"ဖျောင်း... ဖျောင်း... ဖျောင်း"

ဧည့်ပရိသတ်များ၏ အားပေးလက်ခုပ်သံကလည်း ဝေဝေညံညံ။ ဦးပီတာနှင့် မောင်ဖြူသီးတို့က ပရိသတ်များကို နေရာချထားပေးနေသည်။

ဧည့်ခန်းမရှေ့တွင် စည်သူမိုး ၊ ဦးကြည်ခင် ၊ ဒေါ်စောမြတို့နေရာယူလိုက်ကြသည်။ ဦးကြည်ခင်သည် ရှေ့ကို ထွက်ရပ်လိုက်သည်။

"ခုလို ကျွန်တော်တို့တော်မောင် စည်သူမိုးရဲ့ ၂၅နှစ်မြောက် မွေးနေ့မင်္ဂလာပွဲကို တက်ရောက်လာကြတဲ့ဧည့်ပရိသတ်များကို အထူးကျေးဇူးတင်ကြောင်း ပြောလိုပါတယ်ခင်ဗျား"

ဦးကြည်ခင်သည် ပြုံးပြုံးရွှင်ရွှင်စကားပြောပြီးနောက် စည်သူမိုးက ရှေ့ကို ထွက်ရပ်လိုက်သည်။ စည်သူမိုး၏မျက်နှာတွင် အပြုံးရွှန်းရွှန်းဝေဝေ။

"ကျွန်တော်ရဲ့ (၂၅)နှစ်မြောက်မွေးနေ့ပွဲကို အားပေးတက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံးကို ကျေးဇူးတင်မှာပါပဲ။ ခုချိန်ကစပြီး စားသောက်ဖွယ်ရာများကို အေးအေးချမ်းချမ်းစားသောက်ကြပါခင်ဗျား အားလုံးမင်္ဂလာပါခင်ဗျာ"

"ဖျောင်း... ဖျောင်း... ဖျောင်း"

အားပေးလက်ခုပ်သံများ လှိုင်းခတ်ပျံ့လွှံ့ဝေဝေ ထွက်ပေါ်လာသည်။ စည်သူမိုး ၊ ဦးကြည်ခင်နှင့် ဒေါ်စောမြတို့သည် စားပွဲဝိုင်းများဆီသို့ သွားကြပြီးပရိသတ်များကို လိုက်လံနှုတ်ဆက်နေကြသည်။ ပရိသတ်များထံမှလည်း





စည်သူမိုးအတွက် မေတ္တာဆုတောင်းသံများ ဝေညံနေလျက်။

ည(၁၂)နာရီမထိုးခင်မှာ အခမ်းအနားကို ရုတ်သိမ်းလိုက်သည်။ ဧည့်ပရိသတ်များလည်း ပြန်ကြကုန်၏။

"ဖိုးတုတော်မောင် စည်သူ(၂၅)နှစ်မှသည် နှစ်(၁၀၀)တိုင် အသက်ရှည်ကျန်းမာချမ်းသာပါစေကွယ်"

ဦးကြည်ခင်သည် စည်သူမိုးကို မေတ္တာဆုတောင်းပေးလိုက်သည်။

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ ဦးလေး"

စည်သူမိုးသည် ဦးကြည်ခင်ရင်ခွင်လို့ ပြေးဝင်ခိုလှုံလိုက်သည်။ ဦးကြည်ခင်က စည်သူမိုးကို ဖက်တွယ်ထားပြီး တယုတယပွတ်သပ်ပေးလိုက်သည်။

"ကဲ... စည်သူဦးလေးလည်း ပြန်လိုက်ဦးမယ် ၊ ညီမလေးရေ အစ်ကိုပြန်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ဦးလေး"

"ဟုတ်ကဲ့အစ်ကိုကြီး"

ဦးကြည်ခင်သည် တိုက်ပေါ်မှထွက်လာသည်။ ခြံတံခါးဝအထိ လိုက်ပို့ပေးသူမှာ မောင်ဖြူသီး။

"မောင်ဖြူသီး စည်သူ့ကို ဂရုစိုက်ပေးပါနော်... စိတ်ချပါရစေ"

"စိတ်ချပါ ဦးကြည်ခင်"

မောင်ဖြူသီး၏မျက်နှာပေါ်တွင် ရဲဝံ့တည်ကြည်နေလျက်။

×××



www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဦးပီတာ မောင်ဖြူသီးနဲ့ သိမ်းစရာပစ္စည်းတွေ ဝိုင်းကူပြီး သိမ်းလိုက်ပါ။ ကျွန်မသွားအိပ်လိုက်ဦးမယ်"

ဒေါ်စောမြသည် ဦးပီတာကိုပြောလိုက်ပြီး အိမ်ပေါ်ထပ်ကို တက်သွားသည်။ စည်သူမိုးသည် အခန်းထဲတွင် အကျီလဲနေသည်။

ပစ္စည်းများ သိမ်းနေရင်း ဦးပီတာက မောင်ဖြူသီးကို ပြောလိုက်သည်။

"မောင်ဖြူသီးရေ... ဒီမှာသိမ်းစရာတွေသိမ်းထားလိုက်ပါ။ ဦး နောက်ဖေးက သိမ်းစရာတွေ သွားသိမ်းလိုက်ဦးမယ်"

ဦးပီတာနောက်ဖေးအခန်းထဲကို ထွက်သွားသည်။ မောင်ဖြူသီးလည်း သိမ်းစရာများကို သိမ်းနေလိုက်သည်။ ခဏနားပြီး တိုက်အပေါ်ထပ်ကို တက်သွားပြီး ဝရန်တာဘက်ကို ထွက်ခဲ့သည်။ ခြံဝင်းထဲကိုကြည့်လိုက်ေ

လရောင်ပျပျလေးအောက်မှ လူရိပ်ကိုတွေ့လိုက်ရသည်။ မောင်ဖြူသီးသည် ခြံဝင်းထဲကို ပြေးဆင်းလိုက်သည်။ လူရိပ်ကိုမတွေ့လိုက်ရ။ ရုတ်ချည်းတိုက်အပေါ်ကို ပြန်ပြီးပြေးတက်သွားသူမှာ မောင်ဖြူသီး။

"မင်း ဘယ်သွားနေတာလဲ"

နောက်ဘက်အခန်းထဲမှ ဦးပီတာထွက်လာပြီး မောင်ဖြူသီးကို ပြောလိုက်သည်။ မောင်ဖြူသီးသည် ဦးပီတာကို စူးစူးရှရှကြည့်လိုက်သည်။

"ကဲ... မင်းသွားအိပ်နိုင်ပြီ"

မောင်ဖြူသီးသည် ဦးပီတာကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး အခန်းထဲကို ဝင်လိုက်သည်။ ပြီးမှအခန်းတံခါးကို ဖြည်းညင်းစွာဟပြီး အပြင်ဘက်ကိုကြည့်လိုက်သည်။

ဦးပီတာနှင့်စည်သူမိုးတို့သည် ဝရန်တာဘက်ကို ထွက်သွားကြသည်





ကိုတွေ့လိုက်သည်။ မောင်ဖြူသီးသည် အခန်းအပြင်သို့ ထွက်လာပြီး ဦးပီတာတို့နောက်က ကပ်လိုက်လာသည်။

ဝရန်တာပေါ်တွင် ဦးပီတာက မြို့အပြင်ဘက်ကို လက်ညှိုးထိုးပြပြီး စည်သူမိုးနောက်တွင် ရပ်လိုက်သည်။ ခြံဝင်းထဲကို ငေးငိုင်ကြည့်နေသူမှာ စည်သူမိုး။

ထိုအခါ ဦးပီတာက စည်သူမိုးလက်ကို ဆုပ်ကိုင်ပြီး ဝရန်တာပေါ်မှ တွန်းချဟန်ပြုနေစဉ်။ လျှပ်တစ်ပြက်ခုန်ပျံပြီး ဦးပီတာ၏လည်ပင်းကို ညှစ်ထားလိုက်သူမှာ မောင်ဖြူသီး။

မောင်ဖြူသီးသည် ဦးပီတာကို ညာခြေထောက်နှင့် တအားကန်ထည့်လိုက်သည်။ ဦးပီတာသည် ဝရန်တာပေါ်သို့ လဲကျသွားသည်မှာ အရှိန်ပြင်းပြင်း။

ထိုစဉ် ရဲတပ်ဖွဲ့ဝင်များ ရောက်လာပြီး ဦးပီတာကို လက်ထိတ်ခတ်လိုက်သည်။

"ဦးပီတာ ခင်ဗျားအကြံပက်စက်လှချည်လား ခင်ဗျားဘာလုပ်တာလဲ"

"ကိုစည်သူ ဒီလူဟာ ဦးပီတာမဟုတ်ဘူး"

"ဗျာ... ဦးပီတာ မဟုတ်ဘူးဆိုတာကို ခင်ဗျားဘယ်လိုလုပ်သိတာလဲ"

"ဒီလူကို ဦးပီတာမဟုတ်ဘူးလို့ ဘာလို့ပြောနိုင်တာလဲဆိုတော့ ဒီလူ့လက်မှာ ငွေရောင်လက်စွပ်ချွန်ချွန်ကြီးကို ဝတ်ထားတာတွေ့ရတယ် ဦးပီတာမှာ ဒီလိုလက်စွပ်မျိုး မဝတ်ထားဘူး။ ဒီနေ့ညမှာ ဦးပီတာဝတ်သွားတဲ့ ဖိနပ်က အသစ်သရေဖိနပ်။ ဒီလူဝတ်ထားတဲ့ ဖိနပ်က ဂျပန်ဖိနပ် ဒီလူ့ခြေဘက်မှာ ဘောင်းဘီအနက်ရောင်စက ထွက်နေတာ သတိပြုမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



စည်သူမိုးသည် လဲကျနေသော လူကို စူးစိုက်ကြည့်နေသည်။

''ဘယ်လိုဖြစ်ကြတာလဲကွယ်၊ စည်သူဘာမှမဖြစ်ဘူးနော်''

ဒေါ်စောမြသည် ကတိုက်ကရိုက် ရောက်လာပြီး စည်သူမိုးကို ဖက်တွယ်ထားသည်။

ထိုစဉ် ဒုရဲအုပ်ဝင်းသူရောက်လာသည်။

''တုတ်ပါတယ် ကိုဒီပဇော် ဒီလူဟာ ဦးပီတာ မဟုတ်ပါဘူး။ ဦးပီတာကို ကျွန်တော်တို့ မြို့အပြင်ဘက်မှာတွေ့လို့ ခေါ်လာပါတယ် ကိုဒီပဇော်''

စည်သူမိုးနှင့် ဒေါ်စောမြသည် ဒုရဲအုပ်ဝင်းသူ စကားကြောင့် မောင်ဖြူသီးကို သေချာကြည့်နေသည်။

''ကိုစည်သူကျွန်တော်ဟာ သတင်းထောက် ဒီပဇော်ပါ''

ဒီပဇော်သည် ဒီဂရီမျက်မှန်၊ ခေါင်းပေါ်မှ ဆံပင်အတု၊ နှုတ်ခမ်းမွှေးအတုများကို ချွတ်လိုက်သည်။

ဦးကြည်ခင်ပျာပျာသလဲရောက်လာသည်။

''စည်သူ... စည်သူဘာဖြစ်သွားသေးလဲ''

''စည်သူ... ဘာမှမဖြစ်ပါဘူး ဦးကြည်ခင်''

''ဒီပဇော်ရှိလို့သာပေါ့... ဒီပဇော်ကို ဦးအရမ်းကျေးဇူးတင်ပါတယ်''

''အစ်ကိုကြီး ကျွန်မတို့တော့ ဘာမှနားမလည်နိုင်တော့ဘူး''

ဒေါ်စောမြသည် ဦးကြည်ခင်ပြောရင်း ဒီပဇော်ကို သေချာ ကြည့်နေပြန်သည်။

''ဒီလိုပါ ညီမလေး... အစ်ကိုကြီးဝရန်တာပေါ်က ပြုတ်ကျပြီး ဆုံးသွားတာရယ် အစ်မကြီးလှေကားပေါ်က လိမ့်ကျပြီး ဆုံးသွားတာရယ် သွေးမိုးသားရိုးမဟုတ်နိုင်ဘူး။ တစ်ယောက်ယောက်ရဲ့ လုပ်ကြံချက်ပဲဖြစ်မယ်လို့ အစ်ကိုကြီးယူဆခဲ့တယ်။ အဲကြောင့် ဒီလုပ်ကြံတဲ့လူကို ဖော်ထုတ်နိုင်အောင်





သတင်းထောက်ဒီပဇော်ကို အစ်ကိုကြီးအကူအညီတောင်းခဲ့တယ်။ ဒီပဇော်ကို မောင်ဖြူသီးဟန်ဆောင်ပြီး အမှန်တရားကို ဖော်ထုတ်ခိုင်း လိုက်တာပဲ ညီမလေး''

ဦးကြည်ခင်သည် ဦးပီတာကို စိမ်းစိမ်းစူးစူးစိုက်ကြည့်ပြီး လဲကျနေသော လူကို သေချာသွားကြည့်လိုက်သည်။

''ဒီလူက ဦးပီတာရဲ့အစ်ကို ဦးတာတီးပဲ။ ဘယ်လိုဖြစ်တာလဲ ဦးပီတာ''

ဦးကြည်ခင်၏အမေးကို ပြန်မဖြေသေးဘဲ နှုတ်ဆိတ်နေသူမှာ ဦးပီတာ။ ဒုရဲအုပ်ဝင်းသူသည် ဦးပီတာကို ခပ်ထန်ထန်ပြောလိုက်သည်။

''ဦးပီတာ ခင်ဗျားအမှန်အတိုင်းပြောပါ''

ဦးပီတာသည် ဒေးဒေးပိုင်ပိုင်ဖြစ်နေသည့် လဲကျနေသော ဦးတာတီးကို လှမ်းကြည့်ရင်း...

''ဦးအမှန်အတိုင်း ပြောပါ့မယ်။ ကိုတာတီးဟာ ညီအစ်ကိုရင်းတော့ မဟုတ်ပါဘူး။ အမေတူအဖေကွဲပါ။ ဒီလိုပါ ကိုတာတီး ၆နှစ်အရွယ်မှာ ကိုတာတီးတို့အိမ်ကို ဓားပြဝင်တိုက်တယ်။ အဲဒီတုန်းက အမေအိမ်မှာမရှိဘူး။ ဈေးသွားနေတယ်။ ဓားပြတွေဟာ ကိုတာတီးအဖေကိုသတ်ပြီး ရွှေတွေ ငွေတွေ ယူသွားကြတယ်။ အဖေ့ကို ဓားပြက ရက်ရက်စက်စက် သတ်သွားတာကို ကိုတာတီးမြင်တွေ့လိုက်ခဲ့ရပြီး ရင်ထဲနာကျင်ခဲ့ရတယ်။ ကိုတာတီးအဖေဆုံးသွားပြီးတော့ အမေဟာ နောက်အိမ်ထောင်ပြုတယ်။ ဦးတာ နောက်အိမ်ထောင်နဲ့ရခဲ့တာ။ စည်သူမိုးတို့တိုက်မှာ အလုပ်ဝင်လုပ်တုန်း ကိုတာတီးက ဦးဆီရောက်လာတယ်။ စည်သူမိုးရဲ့ အဘိုးဟာ သူ့အဖေကို ရက်ရက်စက်စက်သတ်သွားတဲ့ ဓားပြမိုလ်ကြီးဖြစ်ကြောင်း သိသွားသယ်။ ဓားပြမိုလ်ရဲ့ မျိုးဆက်သစ်တွေအားလုံးကို ပြန်ပြီးကလဲ့စားချေရမယ် ခင်းဝါခိုင်းတာလုပ်ပါ။ မင်း... စည်သူမိုးရဲ့ အဖေနဲ့အမေကို သတ်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုတာတီးက ဦးကို ခိုင်းတယ်။ ဦးက မသတ်နိုင်ဘူးလို့ ငြင်းတယ်။ အဲဆိုရင် ကိုတာတီးက သူကိုယ်တိုင်သတ်မယ်လို့ပြောတယ်။ ဦးနဲ့နေရာချင်း လဲပေးဖို့ ပြောတယ်။ ဦးက ကိုတာတီးကို ကြောက်ရတော့ နေရာချင်းလဲဖို့ လက်ခံ လိုက်ရတယ်။ စည်သူမိုးရဲ့အဖေနဲ့ အမေကို ကိုတာတီးသတ်ခဲ့တာပဲ။ ညဘက်မှာ ကိုတာတီးနဲ့ဦးတို့ခြံဝမှာ စကားတိုးတိုးတိတ်တိတ်ပြောခဲ့တယ်။ အဲဒါကို ရိပ်မိမှာစိုးလို့ ဦးကဝိညာဉ်ဆိုပြီး သတင်းလွှင့်ခဲ့တာ။ ဒီနေ့စည်သူမိုး မွေးနေ့ပွဲသိမ်းပြီးတဲ့အချိန် ခြံအပြင်ဘက်မှာ စောင့်နေတဲ့ ကိုတာတီးနှင့် ဦးလူချင်းလဲလိုက်တယ်။ ကိုတာတီးက ဦးအဖြစ်ဟန်ဆောင်ပြီး တိုက်ထဲဝင် သွားတယ်။ စည်သူမိုးကို လုပ်ကြံဖို့ ကြိုးစားခဲ့တာပဲ''

ဦးပီတာသည် ပြောရင်းကတုန်ကယင်ဖြစ်နေသည်။ နုရဲအုပ်ဝင်းသူ သည် ရဲဘော်တစ်ဦးကို လှမ်းခေါ်လိုက်သည်။

''ကဲ... ရဲဘော်၊ဦးပီတာနဲ့ ဦးတာတီးကို ရဲစခန်းကိုခေါ်သွားလိုက်ပါ''

ရဲဘော်တို့သည် ဦးပီတာနှင့် ဦးတာတီးကို ခေါ်ဆောင်သွားတော့ သည်။ ဒီပဇော်သည် ဦးပီတာနှင့် ဦးတာတီးကို လှမ်းကြည့်ရင်း...

''အင်း... လောကမှာ အဖြူအတေးထားတာဟာ အမှောင်ရဲလမ်းကို သွားဖို့ ပန်တီးလိုက်တာပဲ ကိုဝင်းသူ''

''ဟုတ်ပါတယ် ကိုဒီပဇော်... အဖြူအတေးတို့၊ ကလဲ့စားချေတာတို့ ဆိုတာဟာ လောကရဲ့လောင်မြိုက်နေတဲ့မီးပဲ''

ဦးကြည်ခင်သည် စည်သူမိုး ပခုံးကိုဖက်နှောင်ထားရင်း....

''စည်သူ... ဒီပဇော်ကို ကျေးဇူးတင်စကားပြောလိုက်ပါ။ ဒီပဇော်ဟာ စည်သူမိုးရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့သူပဲ''

စည်သူမိုးသည် ဒီပဇော်ကိုဝင်းလဲပြုံးချိုစွာကြည့်လိုက်သည်။

''ကိုဒီပဇော် ကျေးဇူးအများကြီးတင်ပါတယ်''

ဟုပြောပြီး ဒီပဇော်ကိုဖက်တွယ်ထားလိုက်ပါသည်။





ဒီပဇော်၏နှလုံးသားနှင့်စည်သူမိုး၏နှလုံးသား...

သည်နှလုံးသားနှစ်ခုမေတ္တာရောင်ကူးသင်းထုံမွှေးပျံ့နေလျက်...။

စည်သူမိုး၏အပြုံးသည် ဖြူနုနေလျက်။

လပြည့်ဝန်းကြီးသည် ဝန်းဝန်းဝိုင်းဝိုင်း ထွန်းပနေသော လ၏မျက်နှာ

''ကျေးဇူးတင်စရာမလိုပါဘူး စည်သူမိုး ၊ စည်သူမိုးအပေါ် လွှမ်း ထားတဲ့ တိမ်မည်းတွေ ၊ မာယာတွေ လွင့်ပြယ်သွားတာကို ကျေနပ်ပါ တယ်။ လူတွေဟာ အမှန်တရားကို မာယာတွေနဲ့ ဘယ်တော့မှ ဖုံးကွယ် ထားလို့မရပါဘူး။''


ဒီပဇော်နှင့်စည်သူမိုးတို့ကို လှမ်းကြည့်နေသူမှာ ဦးကြည်ခင်ဖြစ်သည်။ သူတို့မျက်နှာပေါ်တွင် အပြုံးလိုင်းနှင့်....။

ဗညားဦး (အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



# သတင်းထောက်ဒီပဇော်

နှင့်

# မာယာ

(၁)

''ကိုဒီပဇော် ဟို...မိန်းကလေးက ကိုဒီပဇော်ကိုကြည့်လှချည်လား''

''ဟုတ်တယ် ကိုနေစိုးသော်၊ သူ့အကြည့်က စူးရှုးရှရှဗျ''

ဒီပဇော်သည် ဆရာနေစိုးသော်နှင့်အတူ စုံထောက်မဂ္ဂဇင်းရုံးခန်းမှ ပန်းဆိုးတန်းလမ်းရှိ လက်ဖက်ရည်တစ်ဆိုင်သို့ထွက်ခဲ့သည်။ ကော်ဖီသောက်ရင်း စကားဖွဲ့သီနေလျက်။

ဒီပဇော်တို့ဝိုင်းနှင့်အနီးကပ်ဆုံးရှိသော စားပွဲဝိုင်းမှာ ကော်ဖီသောက်နေကြသူမှာ မိန်းကလေးသုံးယောက်။

မိန်းကလေးသုံးယောက်အနက် အဝါရောင်စပို့ရှပ်နှင့် ဂျင်းဘောင်းဘီအနက် ဝတ်ဆင်ထားသော မိန်းကလေးသည် ဒီပဇော်ကို လှမ်းကြည့်နေ





လျက်။

ဒီပဇော်ကလည်း မိန်းကလေးအကြည့်မျက်ဝန်းတို့ သတိပြုမိ၏

''ကိုဒီပဇော်... အသိမိတ်ဆွေထဲကလား မသိဘာ''

''အင်း... ကျွန်တော်အသိ မိန်းကလေးတော့ မဖြစ်နိုင်ဘူး ထင်ရပါသော်''

ဒီပဇော်သည် ဆရာနေစိုးသော်ကို ပြောပြီး မိန်းကလေးဝိုင်းကို လှမ်းကြည့်လိုက်၏။ မိန်းကလေးသုံးယောက်၏ မျက်နှာသွင်ပြင်များကိုလည်း စေ့စိုက်မှတ်ထားလိုက်၏။

ဒီပဇော်ကို လှမ်းကြည့်နေသော အဝါရောင်စပို့ရှပ် ဝတ်ဆင်ထားသည့် မိန်းကလေးသည် အလှဆုံးပေါ်လွင်လျက်။ တောက်တောက်ပပ ဝင်းကြွားနေလျက်။ အကြည့်မျက်ဝန်းကတော့ ဒီပဇော်ထံရောက်နေဆဲ။ မျက်ဝန်းအကြည့်တွေကား စိမ်းစိမ်းစူးစူး။

''ကိုဒီပဇော်... မိန်းကလေးက လှတယ်ဗျ''

''မလုပ်ပါနဲ့ ကိုနေစိုးသော်ရယ် အလှက ကျားဖြစ်သွားဦးမယ်''

ဒီပဇော်၏စကားကို ရယ်ရွှင်ပြုံးတုံ့တုံ့လုပ်နေသူမှာ ဆရာနေစိုးသော်။

''ကိုနေစိုးသော် မိန်းကလေးအကြည့်က ဧည်သရမ္မက်အရိပ်လွှမ်းနေတယ် ထင်တယ်''

''ဟုတ်တယ် ကိုဒီပဇော်။ တစ်စုံတစ်ခုကို နာကျည်းပြီး ပေါက်ကွဲတဲ့ အခန့်ပေါ်နေတယ်။ ကိုဒီပဇော်ကို လူမှားနေပြီထင်တယ်''

''ဖြစ်နိုင်တယ်။ ဖြစ်နိုင်တယ် ကိုနေစိုးသော်။ ဒီမိန်းကလေးတို့ ကျွန်တော်စိတ်ဝင်စားသွားပြီ''

''ဟား... ဟား... ဟား... ကိုဒီပဇော်ကတော့ လုပ်ပြီ အစောတော



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ အလုကကျားဖြစ်သွားဦးမယ်ဆိုကိုဒီပဇော်"

"မဟုတ်ပါဘူး ကိုနေမိုးသော် ကျွန်တော်ပြောတာက မိန်းကလေး မှာ ပုံးကွယ်ထားတဲ့ ဇာတ်လမ်းတော့ရှိမယ်။ ဒီဇာတ်လမ်း ကို ထောက်လှမ်း စိတ်ဝင်စားတယ်ဆိုတာပါ"

"ကဲ... ကိုဒီပဇော် ကျွန်တော်တို့သွားကြမယ်။ တိုက်မှာ စာမူခ ထုတ်မယ့်စာရေးဆရာတွေနဲ့ ချိန်းထားသေးတယ်"

ဒီပဇော်သည် စားပွဲဝိုင်းမှ ထရင်း မိန်းကလေးဝိုင်းကို တစ်ချက် ငဲ့စောင်းကြည့်လိုက်၏။ မိန်းကလေး၏မျက်ဝန်းအကြည့်ကား ဒီပဇော် ထံ စူးစူးရှရှ။

ဆိုင်အတွင်းမှ ထွက်ခဲ့ပြီး ပန်ဆိုးတန်းလမ်းထိပ်မှာ ဆရာမိုးနေသော် နှင့် လမ်းခွဲပြီး မဟာဗန္ဓုလပန်းခြံလမ်း (ယခင်ဘားလမ်း)ရှိ တည်းခိုခန်း သို့ လျှောက်လာခဲ့သည်။

(၃၅)လမ်းထိပ်အရောက် နောက်ဘက်သို့တစ်ချက်လှည့် ကြည့်လိုက် ၏။ အနောက်မှအရိပ်နှယ်ပါလာသည်မှာ မိန်းကလေးသုံးယောက်။ ဒီပဇော် သည် ဆက်လျှောက်လာသည်။ မဟာဗန္ဓုလပန်းခြံထိပ်ရောက်တော့ တစ်ချက်လှည့်ကြည့်ဖြစ်သည်။ မိန်းကလေးသုံးယောက် ကပ်ပါလာသည်။ ဒီပဇော်သည် မဟာဗန္ဓုလပန်းခြံတွင်းသို့ ချိုးကွေ့ဝင်လိုက်ပြီး တည်းခိုခန်း လှမ်းဝင်လိုက်သည်။

တည်းခိုခန်းအတွင်းကို မဝင်မီ ခြေတစ်လှမ်းအလို နောက်ဘက် လှည့်အကြည့်။ တည်းခိုခန်းအနီးတွင် ရပ်ကြည့်နေသူမှာ မိန်းကလေး သုံးယောက်။

xxxx





(၂)

ရန်ကုန်ည...

မီးရောင်စုံတွေ ဝင်းလက်နေသည့် ရန်ကုန်ညက ဒီပဇော်ကို ကြိုဆို နေသည်။ ဒီပဇော်သည် နီပြာဝါစိမ်းခေတ်မီဆိုင်ဘုတ်များကို ကြည့်ရင်း ရွှေဆောင်ရုပ်ရှင်ဘက်သို့ လျှောက်လာသည်။

ရုပ်ရှင်ရုံရှေ့တွင် လူများပြည့်နက်နေလျက်။ ဒီပဇော်သည် ရုပ်ရှင်ရုံရှေ့ တွင် ရပ်လိုက်သည်။ လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ (၈)နာရီထိုးရန် နှစ်မိနစ်အလို။

ဒီပဇော်သည် ရုပ်ရှင်ဝန်းကျင်ကို ငေးမောကြည့်နေမိ၏။ ရုတ်ခြည်း မီးရောင်အလင်းတန်းကြောင့် ဒီပဇော်မျက်လုံးပြာသွားသည်။ လျှပ်တစ် ပြက် ဒီပဇော်ထံ အရှိန်ပြင်းပြင်းဝင်ရောက် တိုက်ခိုက်လာသည်မှာ ကားတစ်စီး။

ဒီပဇော်သည် သတိမူလျက် လျှင်မြန်စွာတစ်ဖက်သို့ လှည့်ချလိုက် သည်။ ဒီပဇော်သည် လူးလူးလိမ့်လိမ့်။ ကားသည် အရှိန်ပြင်းစွာ မောင်းထွက် သွားသည်။

ဒီပဇော်သည် ကားကိုလှမ်းကြည့်လိုက်သည်။ မီးရောင်ပျပျအောက် တွင် မသဲကွဲ ၊ ဝိုးတဝါးပျောက်ကွယ်သွားသည်။

"ဘယ်သူတွေပါလိမ့်။ အဝါရောင် စပို့ရှပ်နဲ့မိန်းကလေးလား ငါ့ကို ဘာကြောင့်များ တိုက်ခိုက်နေရတာလဲ"

အတွေးစက်ဝိုင်းများ ချာချာလည်။ အဖြေထုတ်မရသည့် မေးခွန်း တော်ပါထဲလျှောက်ရင်း တည်းခိုခန်းဘက်ကို ပြန်လာသည်။

တစ်ညလုံးအိပ်မပျော်။ ဘယ်သူလဲ။ အဝါရောင်စပို့ရှပ်နှင့် မိန်းကလေး သည် ဘာကြောင့်စိမ်းစိမ်းစူးစူးကြည့်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခွန်းတွေနှင့်ည။

အမြေရှာရေသည့်ည။

ရင်သိမ့်သိမ့်နှင့်ညကို ဖြတ်သန်းရင်း မိုးစင်စင်လင်းခဲ့ သည်။

ဒီပဇော်သည် ပန်းဆိုးတန်းလမ်းဘက်သို့ လျှောက်လာရင်း လက်ဖက်ရည်ဆိုင်ထဲသို့ဝင်ပြီး ကော်ဖီထိုင်သောက်နေလိုက်သည်။ ထိုစဉ်ဆိုင်ထဲသို့ မိန်းကလေးနှစ်ယောက်ဝင်လာသည်။ ဒီပဇော်သည် မိန်းကလေးနှစ်ယောက်ကို စူးစိုက်ကြည့်လိုက်၏။ အဝါရောင်စပို့ရှပ် ဝတ်ထားသည့် မိန်းလေးနှင့်အတူပါလာသည့်မိန်းကလေးနှစ်ဦး။

မိန်းကလေးနှစ်ဦးသည် ကော်ဖီသောက်ရင်း ဂျာနယ်တစ်စောင်ကို ဖတ်နေသည်ကို တွေ့လိုက်ရ၏။ အသားညိုညိုနှင့် မိန်းကလေးသည် ဂျာနယ်ကို ဖတ်နေရင်းရုတ်တရက် ပြေးထွက်သွားသည်။ ကျန်တစ်ယောက် နောက်မှပါသွားသည်။

ဒီပဇော်သည် မိမိကိုင်ထားသော မှုခင်းဂျာနယ်ကို လှန်လှော ဖတ်ကြည့်ရာ

"တွေ့ရင်အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်"

စာကြောင်း နှင့် မိန်းကလေးတစ်ဦး၏ ဓာတ်ပုံကိုတွေ့လိုက်ရသည်။ ဓာတ်ပုံထဲမှ မိန်းကလေးသည် အသားညိုညိုမိန်းကလေးနှင့်တူနေ၏။ ဒီပဇော်သည် သဘောပေါက်သွားလျှက်။

ဆိုင်အတွင်းမှ ပြေးထွက်သွားသူမှာ ဒီပဇော်။ ပန်းဆိုးတန်းလမ်း... တွင် လူများ ဝိုင်းအုံကြည့်နေ၏။ ဒီပဇော်ပြေးကြည့်လိုက်သောအခါ ရဲ... အသားညိုညို မိန်းကလေးကို လက်ထိတ်ခတ်ဖမ်းထားသည်ကို တွေ့... ရ၏။

ဒီပဇော်သည် လူကြားထဲပြေးဝင်ပြီး ရပ်နေသော ဒုရဲအုပ်ကို ...





မှုခင်း သတင်းကတ်ထုတ်ပြလိုက်သည်။

"ဪ... ကိုဒီပဇော်ပါလား။ ကျွန်တော်က ကျောက်တံတားရဲစခန်းက ဒုရဲအုပ်သက်ဖြိုးပါ"

"ဟုတ်ကဲ့တွေ့ရတာ ဝမ်းသာပါတယ် ကိုသက်ဖြိုး"

"ကိုဒီပဇော်က ဒီမိန်းကလေးကို သိလို့လာ...

"ဒီမိန်းကလေးကို ကျွန်တော်သိချင်တဲ့ ...ကြောင်းအရာတစ်ခု မေးမြန်းချင်လို့ပါ"

"ရပါတယ် ကိုဒီပဇော် စခန်းကျမှမေးပါ"

စခန်းရောက်တော့ ဒီပဇော်က မိန်းကလေးကို မေးလိုက်၏။

"မအေးနန်း"

"ရှင်... ကျွန်မနာမည်ကို ဘယ်လိုသိခဲ့တာလဲ"

"မှုခင်းသတင်းဂျာနယ်ကိုဖတ်ပြီးပါပြီ။ မအေးနန်းနဲ့တွဲပူးတဲ့ စပို့ရှပ် ...ဝါရောင်နဲ့ မိန်းကလေးက ဘယ်သူလဲ"

"မမမာယာပါ"

"ရုပ်ရှင်ရုံရှေ့မှာ ကားနဲ့ဝင်တိုက်တာ မာယာပဲလား"

"ဟုတ်ပါတယ်... မာယာနဲ့ကျွန်မတို့ပါ"

"ဘာလို့ဒီလိုတိုက်ခိုက်ရတာလဲ"

"ကျွန်မရှင်းပြပါ့မယ်။ မနှစ်က နယ်မှာ ရွှေတုတွေ သွားရောင်းသို့...ခံလိုက်ရတဲ့ မခင်သူဟာ မမမာယာခိုင်းလိုက်တဲ့သူပါ။ မခင်သူကို ...ခုတ်ပြီး ထောက်လှမ်းပေးခဲ့တဲ့ ကိုဒီပဇော်ကို မမမာယာက ... ...ပြီး ပြန်တိုက်ခိုက်တာပါ။ မမမာယာတာ မိန်းကလေးတို့ ... ...ခင်း တဲ့လုပ်ငန်းတွေကို ခိုင်းတယ်။ ကျွန်မကိုလည်း ...

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွင်းပေးပြီး အဲဒီကုမ္ပဏီပိုင်ငွေတွေကို အလွဲသုံးစားလုပ်ခိုင်းတယ်"

မအေးနန်းသည် ပြောရင်းခေါင်းငုံ့နေ၏။ ဒုရဲအုပ် သက်ဖြိုးနှင့်ဒီပဇော်သည် မအေးနန်းကို စိုက်ကြည့်လျက်။ ဒုရဲအုပ်သက်ဖြိုးက မအေးနန်းကို မေးလိုက်၏။

"မာယာနဲ့ပတ်သက်ပြီး မင်း ဘာတွေသိထားသေးလဲ"

မအေးနန်းသည် ဒီပဇော်နှင့် ဒုရဲအုပ်သက်ဖြိုးကို မော့ကြည့်ရင်း ဖြေလိုက်သည်။

"မမမာယာဟာ ယောက်ျားနဲ့ကွဲနေတယ်။ မမမာယာရဲ့ ခြေလှမ်း ဆောင်ရွက်ချက်ကို မကြိုက်လို့ လမ်းခွဲသွားတဲ့ မမမာယာ ယောက်ျားဟာ သူ့သားလေးကိုခေါ်ထားတယ်၊ မမမာယာကို သားလေးနဲ့ တွေ့ခွင့်မပေးဘူး။ မမမာယာကလည်း သားလေးကို တွေ့ရအောင် အမြဲ ကြိုးစားတယ်။ နောက် မမမာယာ ယောက်ျားဟာ နောက်အိမ်ထောင် ပြုသွားတယ်"

ဒီပဇော်သည် မအေးနန်းပြောပြချက်တွေကို မျက်မှောင်ကြုတ်နားထောင်နေရင်း ဝင်မေးလိုက်သည်။

"မာယာ ဘယ်မှာနေလဲ"

××××

(၃)

သဃ်န်းကျွန်းဈေးသည် စည်ပင်နေသည်။

လူပင်လယ်ကြီးကလည်း တိုးတိုးဝှေ့ဝှေ့။ ဈေးသည်များကလည်း ဈေးဝယ်သူ အသံများကလည်း ဝဲဝဲပျံ့ပျံ့။





ကျောက်မြောင်းဈေးကို ကျော်ဖြတ်ရင်း လမ်းတစ်လမ်းထဲသို့ ချိုးကွေ့ ဝင်လိုက်သည်။ ရှာဖွေနေသော ခြံနံပါတ်ကို သွားတွေ့သည်။

"ကိုဒီပဇော် ဒီခြံပဲဖြစ်မှာ"

ဒုရဲအုပ်သက်ဖြိုးသည် ဒီပဇော်လှမ်းပြောလိုက်၏။ ဒီပဇော်သည် ခြံကို သေချာကြည့်ကာ...

"ဟုတ်တယ်... ကိုသက်ဖြိုး"

"အိမ်ရှင်တို့... အိမ်ရှင်တို့"

ဒုရဲအုပ်သက်ဖြိုးသည် ခေါ်လိုက်သည်။ ခြံထဲမှ မိန်းမကြီးတစ်ယောက် ထွက်လာ၏။

"ဘယ်သူ့နဲ့ တွေ့ချင်လို့လဲ"

"မာယာနဲ့တွေ့ချင်လို့ပါ"

မိန်းမကြီးသည် ဒီပဇော်ကို စူးစိုက်ကြည့်နေသည်။ ဒုရဲအုပ် သက်ဖြိုးသည် မိန်းမကို စူးစိုက်ကြည့်နေ၏။

"မာယာအပြင်သွားနေတယ်"

"ဘယ်ကိုသွားနေတာလဲ"

"အဒေါ်မသိဘူး"

"အဒေါ်နဲ့ဘယ်လိုပတ်သက်နေလဲ"

"မာယာအဒေါ်ပါ။ မင်းတို့ဘယ်သူတွေလဲ"

"ကျွန်တော်တို့က မာယာမိတ်ဆွေပါ"

"ဪ... မာယာရဲ့ မိတ်ဆွေလား။ အိမ်ထဲကို ဝင်ကြပါ"

ဒီပဇော်တို့သည် အိမ်ထဲကိုလိုက်ဝင်သွားကြသည်၊ အိမ်အတွင်း တို- မှာ ထိုးဝှေ့ဝိုက်ကစားလိုက်သူမှာ ဒီပဇော်နှင့် ဒုရဲအုပ်သက်ဖြိုး နှင့်ကြော



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတစ်ပုံကို မျက်လုံးရောက်သွားသည်။

“အဒေါ် တို့... ဓာတ်ပုံက ဘယ်သူတွေလဲ”

“မာယာနဲ့ သူ့ယောက်ျား ၊ သူ့သားပုံပါ”

ဒီပဇော်တို့ ဓာတ်ပုံပေါ်မှ မိန်းကလေးသည် အဝါရောင် စပို့ရှပ်ဝတ်ထားသည့် မိန်းကလေးဟု ယုံကြည်လိုက်၏။

“ကျွန်တော်တို့တာ မာယာရဲ့ မိတ်ဆွေတွေပါ။ မာယာနဲ့ တိုင်ပင်စရာ အရေးကြီးတဲ့ကိစ္စရှိလို့ပါ။ မာယာဘယ်မှာ ရှိနိုင်မလဲဆိုတာ ပြောပြပါ အဒေါ်”

မိန်းမကြီးသည် အတန်ကြာငေးငိုင်သွားလျှက်။

“အင်း... မာယာအပြင်သွားရင် အဒေါ့်ကို ဘယ်တော့မှ ဘယ်သွားမယ် ဆိုတာ မပြောဘူး။ ဒါပေမယ့် အပြင်ကပြန်လာရင်တော့ သူ့သားကို တွေ့ခဲ့တဲ့ အကြောင်း အမြဲပြောတယ်။ ဒါကြောင့် သူ့သားကျောင်း ကို အမြဲသွားလိမ့် မယ်။ အဲဒီကျောင်းကို လိုက်သွားကြပါလား”

“ကျေးဇူးပါပဲ အဒေါ်... ကျောင်းက ဘယ်ကျောင်းလဲ”

မိန်းမကြီးက ကျောင်းအမှတ်ကို ပြောပြသည်။

တာမွေဘက်သို့ ထွက်လာခဲ့သည်။ တာမွေကျောင်းဝန်းကျင်တွင် စုံစမ်းကြည့်၏။

“ကျောင်းဆင်းပြီဆိုရင် မာယာကျောင်းရှေ့ကို အမြဲတမ်းရောက်လာ တတ်တယ်။ ဒါပေမယ့် မာယာမလာတာ နှစ်ရက်လောက်ရှိသွားပြီ”

မာယာပျောက်နေသည်။

မာယာကိုတွေ့အောင်ရှာကြမည့်သူများက ဒီပဇော်နှင့် ဒုရဲအုပ် သက်ဖြိုး။

မာယာဘယ်ထိပြေးနိုင်မလဲ။





×××

(၄)

ကျောင်းရှေ့ရောက်တော့ ကျောင်းမဆင်းသေး။

ကျောင်းရှေ့တွင် ကျောင်[redacted]များ စီစီရီရီ။

ဒီပဇော်တို့သည် ကျောင်းကြိုကားများကို လိုက်လံကြည့်ရင်း အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ လှမ်းဝင်လိုက်သည်။ လက်ဖက်ရည်ဆိုင် အတွင်းကို မျက်လုံး ဝေ့ဝေ့ ဝိုက်ဝိုက်။

“ကိုလှိုင်ကြည်ဆိုတာ ခင်ဗျားလား”

“ဟုတ်ပါတယ်”

ဒုရဲအုပ်သက်ဖြိုးအမေးကို ဖြေလိုက်ပြီး ငေးကြည့်နေသူမှာ မာယာ သားလေးကို လာကြိုသည့်ကားကို မောင်းသည့်ဒရိုင်ဘာ ကိုလှိုင်ကြည်။ မာယာအိမ်တွင် တွေ့ခဲ့ရသော ဓာတ်ပုံအရ မာယာသားကို တွေ့ခဲ့ပြီး ဖြစ်ရာ မာယာ့သားကို လာကြိုသော ကားဒရိုင်ဘာကို စောင့်နေပြီး သိခဲ့ရသည်။

ဒီပဇော်သည် ကိုလှိုင်ကြည်ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

“ကျွန်တော်က ကျောက်တံတားမြို့နယ်ရဲစခန်းက ဒုရဲအုပ်သက်ဖြိုးပါ။ ဒါက သတင်းထောက် ကိုဒီပဇော်”

“သြော်... ဟုတ်ကဲ့... တွေ့ရတာဝမ်းသာပါတယ်”

“ကိုလှိုင်ကြည်ဆီက မာယာနဲ့ပတ်သက်တာလေးတွေ သိချင်လို့ပါ”

ကိုလှိုင်ကြည် မျက်နှာပျက်သွားသည်။ ခေါင်းကုတ်နေလျက်။

“သူ့အကြောင်း ကျွန်တော်မသိပါဘူး။ ကျွန်တော်သိတာ ဆရာ့ သူ့သားကို မာယာနဲ့တွေ့ခွင့်မပေးရဘူးလို့ ကျွန်တော့်ဆရာက မှာထားတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော်သည် ကိုလှိုင်ကြည်၏စကားလုံးတွေကို နားထောင်ရင်း ဖျတ်ခနဲဝင်မေးလိုက်သည်။

''မာယာက သူ့သားကို လာတွေ့လို့လား ကိုလှိုင်ကြည်''

''အစောပိုင်းက ပေါ်ပေါ်ထင်ထင်ကျောင်းဆင်းချိန်နမှာ လာတွေ့တယ်။ နောက်ပိုင်းမှာ ဦးမောင်မောင်ကိုရဲ့ တားမြစ်မှုကြောင့် တိုးတိုး တိတ်တိတ်လာတွေ့တယ်။ ကျောင်းဆင်းချိန်ရောက်လာပြီဆိုရင် လက်ဖက်ရည်ဆိုင်ထဲကဖြစ်ဖြစ် ၊ သစ်ပင်အနောက်ကဖြစ်ဖြစ် ၊ ခပ်ဝေးဝေးကဖြစ်ဖြစ် ခိုးခိုးပြီးလာကြည့်တတ်တယ်။ ထူးခြားနေတာက ဒီရက်ပိုင်းမှာတော့ မာယာကို မတွေ့ရဘူး''

''ဟုတ်လား... ကိုလှိုင်ကြည်''

ဒီပဇော်သည် ဒုရဲအုပ်သက်ဖြိုးကို လှမ်းကြည့်ပြီး ကိုလှိုင်ကြည်ကိုပြောလိုက်သည်။

''အခု ကျွန်တော်တို့ဆောင်ရွက်စရာလေးတွေ ရှိပါတယ်။ အဲဒါကို ကိုလှိုင်ကြည်ကူညီပါ''

''ဟုတ်ကဲ့ ရပါတယ်။ ကူညီပါ့မယ်''

ဒီပဇော်သည် ကိုလှိုင်ကြည်ကို ဆောင်ရွက်ရမည့် အကြောင်းအရာကို တိုးတိုးတိတ်တိတ်လျှို့ဝှက်စွာပြောလိုက်၏ ကိုလှိုင်ကြည်သည် ခေါင်းညိတ်ပြီး ကားဆီသို့ ပြန်သွားသည်။

ကျောင်းဆင်းချိန်ရောက်တော့ ကျောင်းဝင်းထဲမှ ပြုံဆင်းလာသည့် ကျောင်းသား ၊ ကျောင်းသူများ ၊ ကျောင်းသားတစ်ဦးသည် လမ်းကို ကူးစဉ်...

''ကျို...''





''ဝုန်း... အား''

အရှိန်ပြင်းပြင်းမောင်းနှင်လာသည့် ကားတစ်စီးသည် ကျောင်းသားလေးကို တိုက်ဟန်ပြုနေစဉ် ဖျတ်ခနဲ မိန်းမတစ်ယောက် ပြေးလာပြီး ကျောင်းသားလေးကို ပြေးတွန်းပြီး ကားရှေ့ လဲကျသွားသည်။

အရှိန်ပြင်းပြင်း မောင်းနှင်လာသော ကားပေါ်မှ ဒီပဇော်နှင့် ဒုရဲအုပ်သက်ဖြိုးပြေးဆင်းလာပြီး လဲကျနေသော မိန်းကလေးမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

''ကိုသက်ဖြိုး... မာယာပဲ''

''မာယာ... တုတ်လာ... ကိုဒီပဇော်''

×××

(၅)

''ထိုင်ပါ မာယာ''

ဒုရဲအုပ် သက်ဖြိုးက မာယာကို ထိုင်ခိုင်းလိုက်သည်။ စားပွဲရှေ့တွင် မာယာဝင်ထိုင်ပြီး ဒီပဇော်ကို လှမ်းကြည့်နေ၏။ မာယာအကြည့်ကား ဝိုင်းစိုင်းရှုစုး နှုတ်ခမ်းနှစ်လွှာကို ကိုက်ထားလျက်။

''ကုမ္ပဏီတစ်ခုက ငွေတွေအလွဲသုံးစားမှုနဲ့ မအေးနန်းကို ကျွန်တော်တို့ ဖမ်းလိုက်နိုင်တယ်။ မအေးနန်း ဖြောင့်ချက်အရ သူ့ကို ကုမ္ပဏီမှာ အလုပ်ခန့်ပေးပြီး ကုမ္ပဏီပိုင်ငွေတွေကို အလွဲသုံးစားလုပ်ခိုင်းတာ ... ဖြစ်တယ်လို့ ထွက်ဆိုတယ်။ နောက်ပြီး မိန်းကလေးတွေ ကို အလုပ်ပေးမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားပြီး မကောင်းတဲ့အလုပ်တွေကို ခိုင်းနေတာ မာယာပဲမဟုတ်လား။ နောက်တစ်ချက်က ဒီပဇော်ကို တိုက်ခိုက်လုပ်ကြံတာလဲ မာယာပဲ။ မာယာကို ဖမ်းမယ်ဆိုတာသိတော့ မာယာက ထွက်ပြေးနေတယ်။ ဒါကို ကိုဒီပဇော်နဲ့ ကျွန်တော်တို့က ရှာဖွေဖော်ထုတ်ခဲ့ရတာ"

မာယာသည် အုံ့အုပ်သက်ပြီးပြောနေသည့် စကားလုံးများကို ငေးငေးရီရီ နားထောင်ရင်း မျက်ဝန်းအိမ်ထဲမှာ မျက်ရည်စို့စို့မို့ မို့စီးလာနေသည်။

"ကဲ... ကိုဒီပဇော် ထောက်လှမ်းဖော်ထုတ်ချက်ကို ပြောလိုက်ပါဦး"

ဒီပဇော်သည် မာယာကို တစ်ချက်ကြည့်ရင်း ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့နယ်ကို ရွှေအတုလာရောင်းတဲ့ မိန်းကလေးတစ်ဦးကို ဖမ်းလိုက်တဲ့ အမှုနှင့်ပတ်သက်ပြီး နောက်ကွယ်က ကြိုးကိုင်သူရှိနေတယ်ဆိုတာသိနေတယ်။ ဒါကြောင့် သူ့ကို စုံစမ်းဖော်ထုတ်ဖို့ ကျွန်တော် ရန်ကုန်ရောက်နေတာပါ။ မာယာက ကျွန်တော့်ကို ပြန်တိုက်ခိုက်ခဲ့တယ် မဟုတ်လား။ မာယာနဲ့ ပတ်သက်ပြီး မအေးနန္ဒီက အကုန်လုံးသိခဲ့ရတယ်။ ကျွန်တော်တို့ သိသွားတော့ မာယာကပြေးတယ်၊ ကျွန်တော်တို့ကလိုက်တယ်။ မာယာမပြေးနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မာယာ့သားလေးကြောင့်ပဲ ဒီအချက်ကို ကျွန်တော်တို့ အသုံးချလိုက်တာပဲ။ ကားဒရိုင်ဘာ ကိုလှိုင်ကြည်နဲ့ ဇာတ်တိုက်ပြီး ဖော်ထုတ်ခဲ့ရတာ။ မာယာဟာကျောင်းဆင်းချိန်တိုင်း သားဆီကို လူတွေမသိအောင် တစ်နည်းနည်းလာမှာပဲ။ သားလေးတစ်ခုခု ဖြစ်ရင် မာယာထွက်လာမှာပဲ မဟုတ်လား။ ဒါကြောင့် မာယာသားလေးကို ကားတိုက်ချင်ဟန်ပြုပြီး ကားကို ကျွန်တော်မောင်းခဲ့တယ်။ သားလေးကို ကားတိုက်မိမှာစိုးလို့ မာယာထွက်လာတယ်။ မာယာကို ကားမတိုက်မိပါဘူး။ မာယာလဲပြီးလဲသွားတာပါ။ ဒါကို ဇာတ်တိုက်ထားပြီး မောင်းလာတဲ့ ကျွန်တော်တို့ အသိဆုံးပါ။ ခုတော့ မာယာမပြေးနိုင်တော့ပါဘူး"





မာယာသည် ဒီပဇော်၏စကားလုံးများကို နားထောင်ရင်း မျက်လုံးမှိတ်ပြီးမှ မျက်ရည်တစ်စက်ကြွေကျလာသည်။ မျက်ရည်များလိမ်းကျံထားသော နုတ်ခမ်းနှစ်လွှာပွင့်သီလာခဲ့သည်။

"အားလုံး မာယာအမှားတွေပါပဲ"

ခေါင်းငုံ့နေသော မာယာကို အုံ့အုပ် သက်ပြီးကလှမ်းပြောလိုက် သည်။

"ကဲ... မာယာ အချုပ်ခန်းထဲလိုက်သွားတော့"

ရဲဘော်တစ်ဦးက မာယာကို အချုပ်ခန်းဘက်သို့ ခေါ်ဆောင်သွားသည်။ ဒီပဇော်သည် မာယာကို လှမ်းကြည့်ရင်း...

"မာယာဟာ လိမ်တယ်၊ကောက်တယ်၊ မုသားပလီတွေနဲ့ မကောင်းတာတွေလုပ်ခဲ့ပေမယ့် မာယာမှာ မိခင်စိတ်ရှိခဲ့တာကိုတော့ ကျွန်တော်တို့ လေးစားမိပါ တယ်။ ကဲ... ကိုသက်ပြီး ကျွန်တော်ပြန်လိုက်ဦးမယ်"

အုံ့အုပ်သက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ဒီပဇော်သည် ရန်ကုန်ညနေပျိုပျိုထဲ လျှောက်လာမိတော့သည်။


ရန်ကုန်ညကား မာယာကင်းပြီး ရောင်စုံမီးများ ဖြာကျစပြုနေသည်။ ရန်ကုန်ညသည် အေးချမ်းလှပနေတော့သည်။

ဗညားဦး (အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



# သတင်းထောက်ဒီပဇော်

# နှင့်

# မင်းလည်းယောက်ျား ငါလည်းယောက်ျား

(၁)

နှင်းမကွဲသေး။

နှင်းဇာပွင့်များသည် ဝန်းကျင်တစ်ခိုတွင် ယှက်ဖြာ သိုင်းဖြုံ

ခင်မောင်ချိုသည် နံနက်(၅)နာရီထပြီး နှင်းထူထူထပ်ထပ် ဝေ

မှိုင်းနေသော နှင်းတောထဲတွင် ပြေးလွှားခဲ့သည်။ ခင်မောင်ချိုသည် ကျ

ရေးကိုလိုက်စားသူ။ အားကစားကို ဝါသနာထုံသူ။

မြို့တစ်ပတ်ပြေးပြီး တံတားကြီးပေါ် ကိုယ်လက်ကြံ့ခိုင်အား

လှုပ်ရှားမှုပြုပြီး အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်တော့ (၇)နာရီထိုး

နာရီဝက်အနားယူပြီး ရေချိုးလိုက်သည်။ ကိုယ်လက်လှုပ်ရှားခြင်း

ခန္ဓာကိုယ်သွေးပူနေသော ခင်မောင်ချိုသည် နှင်းစက်နှင်းပေါက်အေး





ရေချိုးသော်လည်း မချမ်း။ နွေးနွေးထွေးထွေးရှိနေ၏။

ရေချိုးပြီး အိမ်ရှေ့ကွပ်ပျစ်တွင် ကော်ဖီသောက်ရင်း ကျန်းမာရေးဈာ နယ်တစ်စောင်ကို ဖတ်ရှုနေသည်။

ထိုစဉ်ဖတ်နေသော ဂျာနယ်ပေါ်သို့ စာခေါက်လေးတစ်ခု လွင့်ကျ လာသည်။ ရုတ်ချည်းစာခေါက်လေးကို ကောက်ကိုင်ပြီး အိမ်ရှေ့သို့ မျှော် ကြည့်မိလိုက်သည်။ မည်သူ့မျှမတွေ့။ စာခေါက်ကို ဖွင့်ဖတ်လိုက်သည်။

ခင်မောင်ချို

ပါးစပ်ပိတ်ထားပါ။

ပါးစပ်ကို ဖွင့်မယ်ဆိုရင် သေမင်းဆီပို့ပစ်မယ်။

နှုတ်ပိတ်သူ

အိမ်ရှေ့သို့ပြေးထွက်သူမှာ ခင်မောင်ချို၊ အိမ်ရှေ့လမ်းမပေါ်ကို လှမ်း ကြည့်သည်။ လမ်းမပေါ်တွင် လူများသွားလာလှုပ်ရှားနေလျက်၊ သွားလာလှုပ် ရှားနေသော လူအများကို လိုက်လံကြည့်ရှုနေမိသည်။ မသင်္ကာဖွယ်ရာ သူစိမ်းကို မတွေ့ရ။

''ဘယ်သူဘာလိမ့်''ဟု ခင်မောင်ချိုတွေးလိုက်သည်။

ခင်မောင်ချိုသည် လမ်းမပေါ်ကို လှမ်းကြည့်ရင်း အိမ်ထဲသို့ ပြန်ဝင် လိုက်သည်။ စာခေါက်လေးကို ဒုတိယအကြိမ်ဖွင့်ဖတ်ရင်း....

''ဒီစာက ငါ့ကို ခြိမ်းခြောက်တဲ့စာပဲ။ ဘယ်သူရေးလိုက်ပါလိမ့်။ ရန် ရန်သူမရှိ။ အငြိုးအတေးထားတဲ့လူလည်း မရှိ။ ဒီစာကိုရေးတဲ့သူ သူလဲ ဘယ်သူဖြစ်နိုင်မလဲ''



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ချိုသည် စာကိုဖတ်ရင်း နှုတ်များမှာ ရေရွတ်နေလိုက်သည်။ ရင်ထဲတွင်လည်း အထိတ်တလန့်၊ မျက်လုံးကလည်း လမ်းမပေါ်သို့ ရောက်နေပြန်တယ်။ ခင်မောင်ချိုသည် စာကို ကိုင်ထားရင်း စဉ်းစားနေ၏။ တွေးတော၍မရ။

စာ၏အသွားအလာအတိမ်အနက်ကို တွေးတောနေ၏။ အဖြေမရ။

ခင်မောင်ချိုသည် စာခေါက်ကို ဂျာကင်အကျႌအိတ်ထဲကို ထည့်လိုက်သည်။ လမ်းမကို ပြန်ကြည့်ရင်း....

"ကိုဒီပဇော်ဆီ သွားဦးမှပဲ"

×××

-(၂)

မြို့နယ်ရဲစခန်း၏ ရုံးခန်းထဲ ဝင်လိုက်တော့ ရုံးခန်းထဲတွင် ဒီပဇော်နှင့် ဒုရဲအုပ် စိုးမြိုင်ကိုတွေ့လိုက်ရ၏။

"ထိုင်လေ.. ကိုခင်မောင်ချို ဘာကိစ္စလဲဗျ"

ဒီပဇော်သည် ခင်မောင်ချိုကို မေးလိုက်သည်။ ခင်မောင်ချိုသည် ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဂျာကင်အကျႌအိတ်ထဲမှ စာခေါက်လေးကို ထုတ်ယူရင်း...

"ဒီမနက် အိမ်ရှေ့မှာကော်ဖီသောက်နေတုန်း ဒီစာခေါက်ကို ခြံဝထဲ နေပြီး ပစ်သွားတယ် ကိုဒီပဇော်"

ဒီပဇော်သည် ခင်မောင်ချိုလက်ထဲမှ စာခေါက်ကိုလှမ်းယူလိုက်သည်။ စာခေါက်ကို ဒုရဲအုပ်စိုးမြိုင်လက်ထဲသို့ ပေးလိုက်သည်။ ဒုရဲအုပ်စိုးမြိုင်သည်





စာခေါက်ကို ဖွင့်ဖတ်လိုက်၏။

"ဒီစာကို ဘယ်သူလာပစ်သွားတာလဲ သိလိုက်သလား ကိုခင်မောင်ချို"

"ကျွန်တော် ဂျာနယ်ကိုစူးစိုက်ဖတ်နေတာ မသိလိုက်ဘူး"

ဒုရဲအုပ်စိုးမြိုင်အမေးကို ပြန်ဖြေလိုက်သူမှာ ခင်မောင်ချို။

"ဒီရက်ပိုင်းမှာ ကိုခင်မောင်ချိုနဲ့ ရန်ဖြစ်တဲ့လူတွေ ရှိသေးလား"

"အင်း... မရှိပါဘူး"

"နေဦးဗျ။ ကိုခင်မောင်ချိုက မနက်စောစောထပြေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ကိုစိုးမြိုင် ကျွန်တော်က မနက်တိုင်းစောစော ထပြီးပြေးတယ်"

"ဒါဆိုရင် တံတားကြီးဖက်ကို ရောက်ခဲ့သလား"

"ရောက်ခဲ့ပါတယ်... ဘာဖြစ်လို့လဲ"

"မနက်ကတံတားကြီးပေါ်မှာ မိန်းကလေးတစ်ယောက် အသတ်ခံလိုက်ရတယ်။"

"ဗျာ... မိန်းကလေးတစ်ယောက် အသတ်ခံရတယ်ဟုတ်လား"

ခင်မောင်ချို၏မျက်နှာသည် တုန်လှုပ်ရိပ်ယှက်သန်းသွားခဲ့သည်။

"ကိုခင်မောင်ချို... တံတားကြီးပေါ်မှာ ဘာတွေတွေ့ခဲ့လဲ"

"နှင်းတွေပိန်း ပိန်းနေတယ်။ မြင်ကွင်းတွေဟာ ဘာမှမသဲကွဲဘူး။ ဒါကြောင့် ကျွန်တော် ဘာမှမတွေ့ခဲ့ပါဘူး။"

ဒီပဇော်သည် စကားများကို စူးစိုက်နားထောင်နေရင်း [illegible] ဝင်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ... ဟုတ်ပြီ ကိုစိုးမြိုင် လူသတ်တရားခံက ကိုခင်မောင်ချိုကို မြင်သွားတာဖြစ်လိမ့်မယ်။ လူသတ်တရားခံဟာ သူကျူးလွန်တာကို ကိုခင်မောင်ချိုမြင်သွားပြီး စခန်းမှာ ဖော်ထုတ်လိမ့်မယ်လို့ စိုးရိမ်ပြီး ဒီခြိမ်းခြောက်စာကို ရေးလိုက်တာဖြစ်နိုင်တယ်"

"ဟုတ်တယ် ကိုဒီပဇော်... ကဲ..., ကိုခင်မောင်ချို ဟန်မပျက်ဘဲ အိမ်မှာပြန်နေလိုက်ပါ။ ဘာမှမစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ရှိပါတယ်။ ထူးခြားတဲ့ သတင်းတွေရှိရင် အကြောင်းကြားပါ"

ဒုရဲအုပ်စိုးမြိုင်သည် ခင်မောင်ချိုကို ပြောရင်းစာခေါက် ကို ဒီပဇော်ထံ လှမ်းပေးလိုက်သည်။

"ဟုတ်ကဲ့ ကိုစိုးမြိုင် ကျွန်တော်ပြန်လိုက်ပါဦးမယ်၊ ကိုဒီပဇော် ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့... သတင်းထူးရင်းအကြောင်းကြားပါ။ ကျွန်တော်တို့လည်း သတင်းကို အမြဲတမ်းနားစွင့်နေပါမယ်"

ခင်မောင်ချိုသည် ရုံးခန်းထဲမှ အပြင်ဖက်သို့ ထွက်သွားသည်။

ဒီပဇော်သည် စာခေါက်ကို ပြန်ဖတ်ရင်း ဒုရဲအုပ်စိုးမြိုင်ကို ပြောလိုက်သည်။

"ဒီစာရဲ့ ထူးခြားချက်ဟာ မင်စိမ်းနဲ့ရေးထားတာပဲ ကိုစိုးမြိုင်"

xxx





(၃)

မိန်းကလေးနှစ်ယောက်သည် စခန်းထဲသို့ လှမ်းဝင်လိုက်သည်။ အခန်းဝရှိ ခန်းဆီးလိုက်ကာကို အသာဖယ်ရှားရင်း ရုံးခန်းထဲကို ဝင်လိုက်ကြသည်။

မိန်းကလေးတစ်ယောက်သည် ဒီပဇော်နံဘေးခုံလွတ်တွင် ဝင်ထိုင်လိုက်၏။ ထိုမိန်းကလေးမှာ ခင်ခင်ခိုင် ၊ အခြားမိန်းကလေးတစ်ယောက်သည် စားပွဲဝိုင်းရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ခင်ခင်ခိုင် တဆိုမိန်းကလေးကို ဒီပဇော်နှင့် ဒုရဲအုပ်စိုးမြိုင်တို့နှင့် မိတ်ဆက်ပေးသည်။

"ကိုဇော်... သူက မနှင်းမွှန်ရဲ့ အခင်ဆုံးသူငယ်ချင်း နွယ်နွယ်ပါ"

ဒီပဇော်နှင့် ဒုရဲအုပ်စိုးမြိုင်တို့သည် မနွယ်နွယ်ကို ကြည့်လိုက်သည်။ ဒုရဲအုပ်စိုးမြိုင်က မနွယ်နွယ်ကို စပြောလိုက်သည်။

"မနွယ်နွယ်ဟာ မနှင်းမွှန်ရဲ့ အခင်ဆုံးသူငယ်ချင်းနော်"

"ဟုတ်ပါတယ်ရှင့်"

"မနှင်းမွှန်ရဲ့အကြောင်းကိုသိပါရစေ"

"မနှင်းမွှန်မှာ ရည်းစားနှစ်ယောက်ရှိတယ်ဆိုတာ ကျွန်မ သိတယ်။ တစ်ယောက်က ပြည့်စိုး။ တစ်ယောက်က ဘထွန်း"

"ဟုတ်ပြီး... မနှင်းမွှန်အသတ်ခံရတဲ့နေရာမှာ မီးခြစ်တစ်လုံး ဆေးလိပ်တစ်တိုကို တွေ့ရတယ်။ အဲဒီမီးခြစ်နဲ့ ဆေးလိပ်တို့ကို မနွယ်နွယ် မြင်ဖူးသလား။ ရော့... ဒီမှာကြည့်"

မနွယ်နွယ်သည် ဒုရဲအုပ်စိုးမြိုင်လှမ်းပေးသော မီးခြစ်နှင့် ဆေးလိပ်



www.burmeseclassic.com

www.burmeseclassic.com



တိုကို လှမ်းယူပြီး စူးစိုက်ကြည့်နေသည်။ သေသေချာချာကြည့်ပြီးမှ...

"အင်း... ဒီစိးခြစ်ကို ကျွန်မမြင်ဖူးပါတယ်။ ပြည့်စိုးကိုင်တာ တွေ့ဖူးပါတယ်။ ဘထွန်းကိုင်တာလည်း မြင်ဖူးပါတယ်။ ပြည့်စိုးဟာ ခြူးနဂါးဆေးလိပ်ကိုကြိုက်နှစ်သက်စွာ သောက်တတ်ပါတယ်"

ဒီပဇော်သည် မနွယ်နွယ်၏စကားကို စူးစိုက်နားထောင်ရင်း မေးစေ့ကို ပွတ်သပ်နေသည်။ ဒုရဲအုပ်စိုးမြိုင်က မနွယ်နွယ်ကို ဆက်မေးသည်။

"ပြည့်စိုးနဲ့ ဘထွန်းတို့ ဆက်ဆံရေးဟာ ဘယ်လိုရှိသလဲ"

"ပြည့်စိုးနဲ့ ဘထွန်းတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ရန်သူလို ဆက်ဆံကြတာ ကျွန်မတွေ့တာပဲ"

"မနွယ်နွယ်အနေနဲ့ မနှင်းမွှန်ကို သတ်တဲ့တရားခံဟာ အဲဒီနှစ်ယောက်ထဲက ဘယ်သူဖြစ်နိုင်မယ် ထင်သလဲ"

မနွယ်နွယ်သည် ဖေးငိုင်နှုတ်ဆိတ်သွား၏။ အတန်ကြာစဉ်းစားတွေးဆပြီးမှ...

"ကျွန်မတော့ ဘယ်သူရယ်လို့ မထင်တတ်ပါဘူး"

ဒီပဇော်သည် အကျႌအိတ်ထဲမှ စာခေါက်ကို ထုတ်ပြီး မနွယ်နွယ်ကို ပေးလိုက်သည်။

"မနွယ်နွယ်ဒီစာခေါက်က လက်ရေးကို တွေ့ဖူးသလား"

မနွယ်နွယ်သည် စာခေါက်ကို ဖွင့်ပြီးကြည့်လိုက်သည်။

"ဒီလက်ရေးက ပြည့်စိုးလက်ရေးနဲ့ တူသလို ဘထွန်းလက်ရေးနဲ့လည်း တူနေတယ်ကိုဒီပဇော်"

ဒီပဇော်သည် မျက်မှောင်ကြုတ်ကြည့်လိုက်သည်။ မေးစေ့ကို ပွတ်သပ်ရင်း...

"ဒီစာမှာ မင်စိမ်းနဲ့ ရေးထားတာ တွေ့ရတယ်။ ဘယ်သူက မင်စိမ်း





ရေးတတ်သလဲ မနွယ်နွယ်"

"ကျွန်မတွေ့တာတော့ ပြည့်စိုးဟာ မင်စိမ်းကို သုံးတတ်သလို ဘထွန်းဟာလည်း မင်စိမ်းကို သုံးလေ့ရှိတယ်"

ဒီပဇော်သည် ဒုရဲအုပ်စိုးမြိုင်ကို လှမ်းကြည့်လိုက်သည်။ ဒုရဲအုပ်စိုးမြိုင်သည် မနွယ်နွယ်ကို တစ်ချက်ကြည့်လိုက်သည်။

"ကဲ ခုလို ကူညီတာ ကျေးဇူးတင်ပါတယ် မနွယ်နွယ်။ မနွယ်နွယ်လည်းပြန်နိုင်ပါပြီ"

"ဟုတ်ကဲ့ရှင့်..."

ခင်ခင်နိုင်သည် ဒီပဇော်ကို ငုံ့သွတ်ကြည့်ရင်းပြောသည်။

"ကိုဇော်... နိုင်တို့ ပြန်လိုက်ဦးမယ်နော်"

"ကိုဇော်တော့ ကိုစိုးမြိုင်နဲ့ ဆောင်ရွက်စရာလေးတွေရှိလို့ နေခဲ့ဦးမယ်နော်"

"ရပါတယ်ကိုဇော်"

ခင်ခင်နိုင်နှင့် မနွယ်နွယ်တို့သည် စခန်းတွင်းမှ ထွက်သွားသည်။ ရုံးခန်းထဲတွင် ထိုင်နေကြသော ဒုရဲအုပ်စိုးမြိုင်သည် ဒီပဇော်ကို ပြောလိုက်၏။

"ကျွန်တော်တို့ ပြည့်စိုးနဲ့ ဘထွန်းကို ရှာပြီး တရားခံကို ဖော်ထုတ်ရမှာပဲကိုဒီပဇော်"

"ကောင်းပါတယ် ကိုစိုးမြိုင်"

ဒီပဇော်နှင့်ဒုရဲအုပ်စိုးမြိုင်တို့သည် ဈေးပိုင်းသို့ ထွက်လာခဲ့ကြသည်။

xxx



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဈေးဝန်းကျင်တစ်ဝိုက်တွင် ဈေးဝယ်သူ ၊ ဈေးရောင်းသူများနှင့် စည်ဝေနေလျှက်။ ဒီပဇော်နှင့် ဒုရဲအုပ်စိုးမြိုင်တို့သည်ဈေးဝန်းကျင်တစ်ဝိုက်ကို လိုက်လံကြည့်နေမိသည်။

ထိုစဉ်...

ပြည့်စိုးသည် သူငယ်ချင်းများနှင့် ဆိုင်ကယ်သုံးစီး ဈေးကိုဖြတ်သန်း မောင်းနှင်သွားသည်ကို တွေ့လိုက်ရသည်။

"ကိုစိုးမြိုင်... ဟိုမှာ ပြည့်စိုးတွေ့လား... လာ ကိုစိုးမြိုင်... ကျွန်တော် တို့ သူတို့နောက်ကို လိုက်ကြည့်ကြမယ်။

ဒီပဇော်သည် ဒုရဲအုပ်စိုးမြိုင် ပြောလိုက်သည်။ ဆိုင်ကယ်ကို ပြည့်စိုး နောက်ဘက်သို့ ဦးတည်လျှက်။

ပြည့်စိုးတို့သည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ပြီး ဆိုင်ထဲတို့ လှမ်းဝင်သွားသည်။ ဆိုင်အတွင်း နံဘေးကျကျ စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက် ကြသည်။

"ကဲ... မင်းတို့ ဘာစားကြမလဲ ၊ ဘာသောက်ကြမလဲ"

နိုင်လင်းက ပြောလိုက်ပြီး စားပွဲထိုးကို ခေါ်လိုက်သည်။

"အစ်ကိုတို့ ဘာမှာကြမလဲ"

စားပွဲထိုးချာတိတ်သည် နိုင်လင်းကို ပြောလိုက်သည်။ အားလုံးမှာ ကြ။ ပြည့်စိုးတစ်ယောက်သာ မမှာသေး။

"ဟေ့ကောင်...ပြည့်စိုး မင်းဘာစားမလဲ... မင်းက မသောက်တတ် တော့ သောက်ဖို့ကိစ္စကို မင်းကိုမမေးတော့ဘူး"

"ဟာ... နိုင်လင်းရေ... ဒီနေ့ သောက်မယ် ၊ ငါ့အတွက် ရမ်မှာလိုက်





တွာ"

နိုင်လင်းသည် ရယ်မောရင်း ပြည့်စိုးကို သေချာကြည့်ရင်း – မြန်ရှင်

"ဟာ... ပြည့်စိုး မင်းဘာတွေဖြစ်နေလို့လဲ"

"စိတ်ညစ်နေလို့ပါ။"

"မင်းက ဘာစိတ်ညစ်စရာတွေရှိလို့လဲ၊ ဘာလဲ မင်းကောင်မလေး အသတ်ခံရတဲ့ကိစ္စလား"

"အေးပေါ့ကွ..."

နိုင်လင်းနံဘေးတွင် ထိုင်နေသော ဇင်မျိုးသည် ပြည့်စိုးကို ပြောလိုက်သည်။

"မင်းကောင်မလေးကို မင်းကိုယ်တိုင်သတ်ခဲ့တာ မတုတ်လား"

"ဇင်မျိုး မင်း... ဘာပြောတာလဲ၊ ငါဘဝထဲက ချစ်သူကို ငါကိုယ်တိုင် သတ်ပါ့မလားကွ..."

ပြည့်စိုးသည် ဒေါသပေါက်ကွဲလျှက် ဇင်မျိုးအင်္ကျီစကို လှမ်းဆွဲလိုက် သည်။

"ပြည့်စိုးဟာ... ငါက နောက်တာပါ"

"ဒါနောက်ရမယ့်ကိစ္စမတုတ်ဘူး ဇင်မျိုး ၊ နောက်တစ်ခါဆိုရင် မင်းကို ငါသတ်မိလိမ့်မယ်"

"ဟေ့... ပြည့်စိုး"

ဒီပဇော်က လှမ်းခေါ်လိုက်သည်။ ပြည့်စိုးအနားကို ရောက်လာတော့ ဒုရဲအုပ် စိုးမြိုင်က ပြည့်စိုးကိုပြောလိုက်သည်။

"ကဲ... ပြည့်စိုးစခန်းကို ခဏလိုက်ခဲ့ပါဦး"

"ကျွန်တော်က ဘာကိစ္စနဲ့လိုက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စိုးသည် မျက်လုံးကလေးကလယ်ကလယ်နှင့် ပြန်ပြောလိုက်၏။

"စခန်းကျမှပဲ ပြောကြတာပေါ့၊ ကဲ... ရဲဘော်သန်းမောင် ဘထွန်းကို ရှာ ပြီးစခန်းကို ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ဆရာ"

ရဲဘော်သန်းမောင်သည် ဒုရဲအုပ်စိုးမြိုင်ကို အလေးပြုပြီး ဈေးဝန်း ကျင်မှ ထွက်သွားသည်။ ပြည့်စိုးကို စခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ စခန်းရုံးခန်းထဲ ရောက်တော့ ဒုရဲအုပ်စိုးမြိုင်သည် စားပွဲပေါ်မှ မီးခြစ်ကို ပြည့်စိုးအား ပြလိုက်သည်။

"ပြည့်စိုး ... ဒီမီးခြစ်က မင်းမီးခြစ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် စောစောပိုင်းက တံတားပေါ်ကို ရောက်ခဲ့တာပေါ့နော်"

"ဟုတ်ပါတယ် တံတားကြီးပေါ် ရောက်ခဲ့ပါတယ်"

"ဘာကိစ္စနဲ့တံတားကြီးပေါ်ရောက်ခဲ့တာလဲ"

"မွန်နဲ့ချိန်းထားလို့ပါ"

"မွန်ဆိုတာမနှင်းမွန်လား"

"ဟုတ်ပါတယ်"

ဒီပဇော်သည် ပြည့်စိုးနှုတ်ဖျားမှ ခုန်ထွက်ကျလာသော စကားလုံးများ ကို အသံဖမ်းစက်နှင့် ဖမ်းနေ၏။ ဒုရဲအုပ်စိုးမြိုင်သည် ပြည့်စိုးကို စူးစိုက် ကြည့်ရင်း...

"မနှင်းမွန်နဲ့တွေ့တော့ ဘာတွေဖြစ်ခဲ့သလဲ... ပြောပါဦး"

"ကျွန်တော်နဲ့ မွန်တံတားကြီးပေါ်မှာ မနက်(၅)နာရီခွဲလောက် ချိန်းတွေ့ ကြတယ်။ တံတားကြီးပေါ် နှင်းဝေဝေအောက်မှာ ကျွန်တော်နဲ့ မွန် စကားပြောကြတယ်။ အဲဒီအချိန်မှာ ခပ်လှမ်းလှမ်းနေရာကနေပြီး မွန့်ကို





ဓားနဲ့ပစ်ပေါက်သွားတယ်။ ဓားက မွန့်ရင်ဝတည့်တည့်ကို စိုက်ဝင်သွားတယ် ကျွန်တော်လည်း အထိတ်တလန့်ချောက်ချားပြီး ထွက်ပြေးလာခဲ့တယ်"

"ဓားနဲ့ပစ်တဲ့လူကို မတွေ့လိုက်ဘူးလား"

"အင်း... နှင်းတွေဝေဆိုင်းနေတာကြောင့် သဲသဲကွဲကွဲမမြင်လိုက် ရဘူး"

ဒီပဇော်သည် ပြည့်စိုးမျက်နှာကို အကဲခတ်နေသည်။

"မနှင်းမွန်ကို ဓားနဲ့ပစ်တဲ့လူဟာ ဘယ်သူဖြစ်နိုင်မယ် ထင်သလဲ"

"ဘထွန်းဖြစ်မှာပါ"

"ဘထွန်းဖြစ်နိုင်တယ်ဆိုတာ ပြည့်စိုး ဘယ်လိုပြောနိုင်တာလဲ"

"ကျွန်တော်နဲ့မွန်တို့ရဲ့ ချစ်ခြင်းကို ဘထွန်းက မနာလိုဖြစ်ပြီး မြှောင်း ချင်တာ"

ဒုရဲအုပ်စိုးမြိုင်သည် ရဲဘော်စိန်ညွန့်ကိုခေါ်လိုက်ပြီး ပြည့်စိုး၏ ဖိနပ် ပုံကို ယူခိုင်းလိုက်သည်။ ဒီပဇော်သည် စာရွက်ဖြူတစ်ရွက်ကို ထုတ်လိုက်ပြီး ပြည့်စိုးကို ပြောလိုက်၏။

"ပြည့်စိုး... ဒီစာရွက်ပေါ်မှာ မင်းရေးချင်တဲ့ စာကြောင်းနှစ်ကြောင်း လောက်ရေးပါ"

ပြည့်စိုးသည် စာရွက်ဖြူကိုလှမ်းယူပြီး အင်္ကျီအိတ်ထဲမှ လေးရောင် ဘော(လ်)ပင်ကို ထုတ်လိုက်သည်။ စာရွက်ပေါ်တွင် မင်စိမ်းနှင့် ရေးပြီး ဒီပဇော် ကို လှမ်းပေးလိုက်သည်။ ဒီပဇော်သည် စာကို ယူကြည့်၏။ သေသေချာချာ ကြည့်ပြီး ဒုရဲအုပ်စိုးမြိုင်လက်ထဲသို့ လှမ်းပေးလိုက်သည်။ ဒုရဲအုပ်စိုးမြိုင် သည် စာကိုကြည့်ရင်း...

"ပြည့်စိုးလက်ရေးဟာ ကိုခင်မောင်ချိုကို ခြိမ်းခြောက်စာထဲက



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးပုံစံအတိုင်းပဲ ကိုဒီပဇော်"

"ဟုတ်တယ် ကိုစိုးမြိုင်"

ထိုစဉ်ရဲဘော်စိန်ညွန့်သည် ရုံးခန်းထဲသို့ဝင်လာခဲ့သည်။

"ဆရာ.. ပြည့်စိုးရဲ့ ဖိနပ်ပုံဟာ တံတားပေါ်မှာ တွေ့ခဲ့တဲ့ ဖိနပ်ပုံစံအတိုင်းပဲ"

"ဟုတ်လား စိန်ညွန့်၊ ဒါဆိုရင်ပြည့်စိုးကို အချုပ်ခန်းထဲသွင်းထားလိုက်ပါ"

"ကျွန်တော်မှန့်ကိုမသတ်ဘူး ၊ မသတ်ဘူး"

ပြည့်စိုးသည် ပျာပျာသလဲအော်ပြောလိုက်သည်။ ရဲဘော်စိန်ညွန့်သည် ပြည့်စိုးကိုခေါ်ဆောင်သွားသည်။ အတန်ကြာတော့ ရုံးခန်းထဲကို ရဲဘော်သန်းမောင်နှင့်အတူ ဘထွန်းရောက်လာသည်။ ဒုရဲအုပ်စိုးမြိုင်သည် ဘထွန်းကို စူးရှရှလှမ်းကြည့်ပြီး...

"ကဲ... ဘထွန်းထိုင်ပါ"

"ကျွန်တော်ကို ဘာကိစ္စနဲ့ခေါ်တာလဲ"

"ထိုင်ပါ... မေးတာကိုဖြေပါ"

ဘထွန်းသည် ဒုရဲအုပ်စိုးမြိုင်နှင့် ဒီပဇော်ကို မျက်လုံးဝေ့လည်လည်ကြည့်လိုက်သည်။ ဒုရဲအုပ်စိုးမြိုင်သည် မီးခြစ်ကို ထုတ်ပြလိုက်သည်။

"ဘထွန်း... ဒီမီးခြစ်ဟာ မင်းမီးခြစ်မဟုတ်လား"

"ဟုတ်ပါတယ်..."

"ဒီနေ့မနက် တံတားကြီးပေါ်ရောက်ခဲ့သလား"

"ရောက်ခဲ့ပါတယ်"

"တံတားကြီးပေါ် ဘာကိစ္စနဲ့ရောက်ခဲ့တာလဲ"

ဘထွန်းသည် အတန်ကြာတွေဝေဝေဆိုင်းသွားသည်။ ပြီးမှ...





"ကျွန်တော် မနက်စောစောထပြေးပါတယ်။ မြို့ကိုပတ်ပြေးပြီး တံတားကြီးပေါ်ရောက်တော့ မိန်းကလေးတစ်ယောက်ရဲ့ အော်သံကို ကြားလိုက်ရတယ်။ အသံလာရာကို ကြည့်လိုက်တော့ နှင်းတွေဝေနေတာ ကြောင့် မြင်ကွင်းက မသဲကွဲဘူး။ ဒါကြောင့် အနားကို ပြေးကြည့်လိုက်တော့ နှင်းမှုန်ကို ပြည့်စိုးဓားနဲ့ထိုးပြီး ထွက်ပြေးသွားတာတွေ့ရတယ်။ ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးလာခဲ့တယ်"

ဒီပဇော်သည် ဘထွန်း၏ စကားလုံးများကို စူးစိုက်နားထောင်ရင်း ဆေးစေ့ကို ပွတ်သပ်နေလျက်။ မျက်လုံးကလည်း ဘထွန်း၏မျက်နှာပေါ်ကို သာ အကဲခတ်နေသည်။

ဒုရဲအုပ်စိုးမြိုင်သည် ရဲဘောစိန်ညွန့်ကို ဘထွန်း၏ဖိနပ်ပုံစံကို ယူခိုင်းလိုက်သည်။ ဒီပဇော်သည် စာရွက်ဖြူတစ်ရွက်ကို ထုတ်ပြီး ဘထွန်းကို လှမ်းပေးကာ စာရေးခိုင်းလိုက်သည်။

ဘထွန်းသည် အင်္ကျီအိတ်ထဲမှ ဘောလ်ပင်ကို ထုတ်ကာ စာရေးနေသည်။ ဘထွန်းရေးသော မင်အရောင်မှာ အစိမ်းရောင်။ ဒီပဇော်သည် စာရွက်ကို လှမ်းယူပြီး စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ပြီးမှ ဒုရဲအုပ်စိုးမြိုင်လက်ထဲသို့ လှမ်းပေးလိုက်သည်။ ဒုရဲအုပ်စိုးမြိုင်သည် စာကိုကြည့်ပြီး...

"ဘထွန်းလက်ရေးကလည်း ဟိုခြိမ်းခြောက်စာထဲက လက်ရေးနဲ့ တူနေပြန်တယ်"

"ဟုတ်တယ် ကိုစိုးမြိုင်"

ထိုစဉ်ရဲဘော်စိန်ညွန့်သည် ရုံးခန်းထဲကို ဝင်လာသည်။

"ဆရာ... ဘထွန်းရဲ့ ဖိနပ်ပုံစံဟာ ဟိုတံတားကြီးပေါ်မှာ တွေ့ခဲ့တဲ့ ဖိနပ်ပုံစံပဲ ဖြစ်နေတယ်။ နောက်ပြီး ပြည့်စိုးဖိနပ်ပုံစံနဲ့ ဘထွန်းဖိနပ်ပုံစံတာ တူနေတာကို တွေ့ရတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး... အေး... ဘထွန်းကို အချုပ်ခန်းထဲ ထည့်ထားလိုက်ပါ"

"ကျွန်တော်မလိုက်နိုင်ဘူး၊ ကျွန်တော်မှ နှင်းမွှန်ကို မသတ်တာဘဲ"

"ကဲ.. ဘထွန်းလိုက်သွားပါ"

ဘထွန်းသည် အချုပ်ခန်းဘက်သို့ လျှောက်သွားသည်။

ဒီပဇော်သည် ဘထွန်း၏ ကျောပြင်ကို စူးစူးရှရှလှမ်းကြည့်နေလိုက်သည်။

×××

(၅)

ခန်းဆီးလိုက်ကာလေးလှုပ်ခတ်နွဲ့အိသွားသည်။

ဒီပဇော်နှင့် အုရဲအုပ်စိုးမြိုင်သည် ခန်းဆီးလိုက်ကာဆီသို့ မျက်[...]
ရောက်သွားသည်။ ခန်းဆီးလိုက်ကာကို ဖယ်ရှားရင်းဝင်ရောက်လာသူ[...]
ခင်မောင်ချို။

"လာ.. ကိုခင်မောင်ချို၊ ထိုင်ဗျာ၊ ဘာသတင်းထူးတွေပါလာသ[...]"

"ဒီလိုပါ ကိုဒီပဇော် ကျွန်တော်ကို စာလာပစ်သွားတဲ့ အချိ[...]
ကျွန်တော်အိမ်ရှေ့မှာ ဒီမြူးနဂါးဆေးလိပ်တိုကို တွေ့ရတယ်။ နော[...]
ကျွန်တော်တို့ တစ်အိမ်ကျော်ဒေါ်ပုကပြောတယ်။ သူဈေးက ပြန်လာ[...]
လမ်းမှာဘထွန်းကတိုက်ကရိုက်လျှောက်လာပြီး ဒေါ်ပုကိုတောင် ဝင်တို[...]
သွားတယ်လို့ပြောတယ်"

ဒီပဇော်သည် ခင်မောင်ချို၏ စကားကို စူးစိုက်နားထောင်[...]
မေးစေ့ကို ပွတ်သပ်နေသည်။ ခင်မောင်ချိုသည် ဒီပဇော်ကို မြူးနဂါးဆေး[...]





လှမ်းပေးရင်း...

"ကိုဒီပဇော်... တရားခံပေါ်ပြီးလား"

"အခု လောလောဆယ်တော့ တရားခံက နှစ်ယောက်ဖြစ်နေတယ် ကိုခင်မောင်ချို"

အုရဲအုပ်စိုးမြိုင်သည် စားပွဲပေါ်မှ မြူးနဂါးဆေးလိပ်တိုနှင့် ခင်မောင်ချို လှမ်းပေးသော ဆေးလိပ်တိုကို နှိုင်းဆကြည့်နေသည်။ ပြီးမှ တရားခံများ၏ ခြေရာကို ကောက်ချက်ဆွဲပြနေသည်။

"ကျွန်တော်တို့ဟာ တရားခံနှစ်ယောက်ကိုတော့ တွေ့နေပါပြီ။ အခင်း ဖြစ်ပွားတဲ့ နေရာမှာ တွေ့ရတဲ့ ပြည့်စိုးဖိနပ်ပုံစံနဲ့ ဘထွန်းဖိနပ် ပုံစံဟာအတူ တူ ပဲဖြစ်နေတာတွေ့ရတယ်။ အခင်းဖြစ်ပွားတဲ့ နေရာမှာ ကျကျန်ခဲ့တဲ့ မီးခြစ် ဟာလည်း ပြည့်စိုးမီးခြစ်ဖြစ်နေသလို ဘထွန်းမီးခြစ်လည်း ဖြစ်နေတယ်။ ပြည့်စိုးက မြူးနဂါးဆေးလိပ်တိုသောက်သလို ဘထွန်းလည်း မြူးနဂါးဆေး လိပ်ကို သောက်တတ်တယ်။ ကိုခင်မောင်ချိုကို ခြိမ်းခြောက်တဲ့ စာပေါ်က လက်ရေးဟာ ပြည့်စိုးလက်ရေးနဲ့တူ သလို ဘထွန်းလက်ရေးနဲ့လည်းတူနေ ပြန်တယ်။ ပြည့်စိုးဟာ မင်စိမ်းကို သုံးတတ်သလို ဘထွန်းဟာလည်း မင်စိမ်း ကို သုံးတတ်တယ်။ မနှင်းမွှန်ကို ပြည့်စိုးချစ်ခဲ့သလို ဘထွန်းကလည်း မနှင်း မွှန်ကို ချစ်ခဲ့တာပဲ။ ဒါကြောင့် ပြည့်စိုးနဲ့ ဘထွန်းဟာ ဘယ်သူ လူသတ်သ မားဖြစ်နိုင်သလဲဆိုတာ ကျွန်တော်တို့ကတော့ ဖော်ထုတ်ရမှာပဲ ကိုဒီပဇော်"

ဒီပဇော်သည် အုရဲအုပ်စိုးမြိုင်၏စကားကို နားထောင်နေရင်း မေးစေ့ကို ပွတ်သပ်နေသည်။ ဖြစ်ပွားရာမှုခင်း၏ လှည့်ပတ်မှုကို တွေးဆနေသည်။ စီးကရက်ကိုရှိုက်ဖွာရင်း...

"ဒီလိုလုပ်ပါ ကိုစိုးမြိုင်... ကျွန်တော်ပြည့်စိုးနဲ့ ဘထွန်းကို ထွေ[...]



www.burmeseclassic.com

www.burmeseclassic.com



ခုပဲ မေးချင်တယ်။ ပြည့်စိုးကို အရင်ခေါ်လာပေးပါ"

ဒုရဲအုပ်စိုးမြိုင်သည် ရဲဘောသန်းမောင်ကို လှမ်းခေါ်လိုက်သည်။

"သန်းမောင် ပြည့်စိုးကို ခေါ်လာခဲ့ပါ"

"တုတ်ကဲ့ဆရာ"

ရဲဘော်သန်းမောင်သည် အချုပ်ခန်းဘက်သို့ လျှောက်သွားသည်။ အတန်ကြာတော့ ပြည့်စိုးကိုခေါ်လာပြီး ရုံးခန်းထဲကို ရောက်လာသည်။ ဒီပဇော်သည် ပြည့်စိုးကို စူးစိုက်ကြည့်ရင်း...

"ပြည့်စိုးတံတားကြီးပေါ်ကို မနှင်းမွန်ချိန်းထားလို့ ရောက်ခဲ့တာနော်"

ပြည့်စိုးသည် ဒီပဇော်ကို မျက်လုံးကလယ်ကလယ်နှင့် ကြည့်နေသည်။

"တုတ်ပါတယ် ကိုဒီပဇော် ၊ မွန်နဲ့ချိန်းထားလို့ တံတားကြီးပေါ် ရောက်ခဲ့တာပါ"

ဒီပဇော်သည် ဒုရဲအုပ်စိုးမြိုင်ကိုပြောလိုက်သည်။

"ကိုစိုးမြိုင် ပြည့်စိုးကိုပြန်ခိုင်လိုက်ပါ။ ပြည့်စိုးဟာ တရားခံမဟုတ်ဘူး နောက်ပြီး ဘတွန်းကိုလည်း ရုံးခန်းထဲ ခေါ်လာခိုင်းပေးပါ"

"ကဲ... ပြည့်စိုး မင်းပြန်နိုင်ပြီ ၊ ရဲဘောသန်းမောင်ရေ.. ဘတွန်းကို သွားခေါ်လိုက်ပါဦး"

မကြာမီ ရုံးခန်းထဲကို ဘတွန်းရောက်လာသည်။ ဘတွန်းသည် ဒီပဇော်ကို ဝေ့လည်လည်ငေးကြည့်နေ၏။ ဒီပဇော်သည် ဘတွန်းကို စူးစူးရဲရဲ လှမ်းကြည့်ရင်း...

"ဘတွန်း မနက်စောစောထပြီး မြို့ထဲပြေးရင်း တံတားကြီးပေါ် ရောက်ခဲ့တာနော်"

ဘတွန်းသည် ဒီပဇော်ကို ငေးကြည့်နေသည်မှာ မဝံ့မရဲ။ နှုတ်ဆိတ်နေ လျက်။





"ပြောပါ ဘတွန်း ၊ တံတားကြီးပေါ်ကို ပြေးရင်းနဲ့ ရောက်ခဲ့တာနော်"

"ဟုတ်ပါတယ် ကိုဒီပဇော်"

ဒီပဇော်သည် ဒုရဲအုပ်စိုးမြိုင်ကို လှည့်ကြည့်လိုက်သည်။

"ကိုစိုးမြိုင်... လူသတ်တရားခံဟာ ဘတွန်းပါ"

"မဟုတ်ဘူး... မဟုတ်ဘူး။ ကျွန်တော်ဟာ နှင်းမွန်ကို မသတ်ဘူး။ မသတ်ဘူး"

ဘတွန်းသည် အထိတ်တလန့် အော်ပြောနေသည်။ ဒီပဇော်သည် တစ်ချက် ပြုံးလိုက်ရင်း ဘတွန်းကို ငေးစိုက်ကြည့်နေ၏။

"ဘတွန်း... မင်းခုထိလိမ်နေတုန်းပဲလား။ မင်းဟာအမှန်တရားကို သက်တစ်လုံးခြား လှည့်ပတ်ချင်တဲ့ လူလိမ်ပဲ။ မင်းကို လူသတ်တရားခံလို့ ပြောနိုင်တဲ့အချက်က မင်းဟာ မနက်စောစော ထပြီးပြေးတယ်လို့ပြောတယ်။ မနက်စောစောထပြီး ပြေးတဲ့လူဟာ ကင်းဘတ်ဖိနပ်ပဲစီးပြီးပြေးမှာပါ။ ခုတော့ တံတားကြီးပေါ်မှာ တွေ့တဲ့ မင်းဖိနပ်ပုံစံတာ သားရေဖိနပ်ဖြစ်နေတယ်။ ဒါကြောင့် မင်းက ငါတို့ကို လိမ်နေတာ။ နောက်တစ်ချက်က ပြည့်စိုးတာ နှင်းမွန်ကို ဓားနဲ့ထိုးပြေးပြီးမှ မင်းရောက်သွားတယ်လို့ မင်းပြောတယ်။ ဒါဆိုရင် ပြည့်စိုးထိုးလိုက်တဲ့ဓားဟာ မနှင်းမွန်ရင်ဝမှာ တွေ့ရမှာပါ။ ခုတော့ ဓားကို မတွေ့ဘူး။ နောက်တစ်ချက်က ခင်မောင်ချိုကို ခြိမ်းခြောက် တဲ့စာပေါ်က လက်ရေးဟာ သာမာန်ကြည့်လိုက်ရင်တော့ ပြည့်စိုးလက်ရေးနဲ့လည်း တူသလိုလို မင်းလက်ရေးနဲ့ တူသလိုလိုလို့ ထင်ရတယ်။ သေချာစူးစိုက်ကြည့် ရင် ခြိမ်းခြောက်စာပေါ်က လက်ရေးတာ မင်းလက်ရေးပဲ။ မင်းစိမ်းတာလည်း ပြည့်စိုးရေးတဲ့ မင်စိမ်းက နည်းနည်းပျော့တယ်။ အခု မင်စိမ်းတာ မင်းသုံးတဲ့ မင်စိမ်းနဲ့အတူတူပဲ။ အခုနောက်ဆုံးသိလိုက်ရတဲ့ အချက်က တိုင်ထောင်မျှ



www.burmeseclassic.com

ဆိုကို စလာပစ်တဲ့အချိန်မှာ ဒေါ်ပုနဲ့ ကတိုက်ကရိုက်ဝင်တိုက်သွားတဲ့လူဟာ မင်းပဲ။ ကဲ... ဘထွန်းဆက်ပြီး လိမ်ဦးမှာလား"

ဒုရဲအုပ်စိုးမြိုင်သည် ဒီပဇော်၏ စကားကို နားထောင်နေရင်းမှ ဘထွန်းကို ခက်ထန်ထန်ပြောလိုက်သည်။

"ကဲ... ဘထွန်း ၊ မင်းတာ အမှန်တရားကို လှည့်ဖျားနေတာ ကိုဒီပဇော် ပြောတဲ့အလီဘိုင်ဟာ ခိုင်မာနေပြီ။ မင်းဘာပြောဦးမလဲ"

"ဟုတ်ပါတယ် ကျွန်တော်မနှင်းမွန်ကို ဓားနဲ့ပစ်ပေါက်မိပါတယ်"

ဘထွန်းနှုတ်ဖျားမှ စကားလုံးများသည် ကတုန်ကယင်။ မျက်လုံးများကလည်း ထိတ်ထိတ်လန့်လန့်။

ဒုရဲအုပ်စိုးမြိုင်သည် ဘထွန်းကို စူးစိုက်ကြည့်နေလိုက်သည်။ ဒီပဇော်သည် အသံဖမ်းစက် ကက်ဆက်လေးကို နှိပ်ထားလိုက်သည်။

BURMESE CLASSIC

xxx

(၆)

ဘထွန်း၏မျက်လုံးများသည် လှုပ်ရှားနေလျှက်။

နှုတ်ခမ်းကလည်း တဆတ်ဆတ်တုန်ရီနေသည်။ အသံအက်ကွဲကွဲ...

"ကျွန်တော်နဲ့ ပြည့်စိုးဟာ သူငယ်ချင်းတွေပါ။ နှင်းမွန်ရဲ့အချစ်... ဘယ်သူရမလဲဆိုတာ ကျွန်တော်နဲ့ပြည့်စိုး အလောင်းအစားလုပ်ကြတယ်... နှင်းမွန်ကို ပြိုင်တူချစ်ရေးဆိုကြတယ်။ နှင်းမွန်ကလည်း ကျွန်တော်တို့... ယောက်စလုံးရဲ့ အချစ်ကို လက်ခံလိုက်တယ်။ ကျွန်တော်က ... မကျေပ်နပ်ဘူး။ ကျွန်တော့်ရဲ့ အချစ်ကိုပဲလက်ခံရမယ်။ ပြည့်စိုးရဲ့အချစ်...





လက်မခံရဘူး လို့ နှင်းမွန်ကို ကျွန်တော်အမြဲတမ်းပြောတယ်။ ဒါပေမယ့် နှင်းမွန်ကို ပြောလို့မရပါဘူး။ နှင်းမွန်တာ ကျွန်တော်ထက်ပြည့်စိုးကို ပိုချစ်နေတယ်လို့ ကျွန်တော်ထင်မိပြီး ရင်ထဲမှာ မကျေမနပ်ဖြစ်နေမိတယ်။ ခနက်စောစော တံတားကြီးပေါ်မှာ ပြည့်စိုးနဲ့ နှင်းမွန်တို့ ချိန်းတွေ့ကြမယ်ဆို တာ ကျွန်တော် ညကတည်းက ကြိုတင်သိခဲ့ရတယ်။ ကျွန်တော် အသည်း နှလုံးတွေ ဆတ်ဆတ် တုန်ရီခဲ့တယ်။ ဒေါသလည်းထွက်မိတယ်။ ဒါကြောင့် ပြည့်စိုးနဲ့ နှင်းမွန်တို့ ချိန်းတွေ့တဲ့အချိန် တံတားကြီးပေါ်မှာ ပြည့်စိုးနဲ့နှင်းမွန်တို့ စကားပြောနေကြတုန်း ကျွန်တော်ခပ်လှမ်းလှမ်းကနေ နှင်းမွန်ကို ဓားနဲ့ပစ် ပေါက်လိုက်တယ်။ ပြည့်စိုးလည်း အထိတ်တလန့်ပြေးသွားတယ်။"

ဘထွန်းသည် စကားကိုရပ်လိုက်သည်။ ရီဝေနေသော ဘထွန်း၏ နှုတ်ဝန်းပေါ်တွင် မျက်ရည်စိုနေလျှက်။ ကတုန်ကယင်နှင့် ဆက်ပြောလိုက် သည်။

"ကျွန်တော်က နှင်းမွန်ရင်ဝမှာ စိုက်နေတဲ့ဓားကို ဆွဲနှုတ်ပြီး ချောင်းထဲကို လွှတ်ပစ်လိုက်တယ်။ အဲဒီအချိန်မှာ ကိုခင်မောင်ချိုက ဖြတ်လျှောက် သွားတယ်။ ကျွန်တော်ရဲ့လှုပ်ရှားမှုကို အားလုံး ကိုခင်မောင်ချိုမြင်သွားတယ်လို့ ကျွန်တော် ယူဆပြီး ကိုခင်မောင်ချိုကို နှုတ်ပိတ်နေဖို့ ခြိမ်းခြောက်စာကိုလည်း ကျွန်တော် ရေးလိုက်တာပါပဲ"

ဘထွန်းသည် မျက်လုံးရီဝေမှိုင်းညို့ပြီး တုန်ရီရီဖြစ်နေ၏။ ဒုရဲအုပ် စိုးမြိုင်သည် ရဲဘော်သန်းမောင်ကို ဘထွန်းအား အချုပ်ခန်းထဲသို့ ခေါ်ဆောင် သွားရန် ပြောလိုက်သည်။ ဘထွန်းသည် ကုလားထိုင်မှ လေးလေးတွဲ့တွဲ့ ထပြီး အချုပ်ခန်းဖက်သို့ လျှောက်သွားသည်။

ဒီပဇော်သည် ဒုရဲအုပ်စိုးမြိုင်ကို နှုတ်ဆက်ပြီး စခန်းအပြင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းထွက်ခဲ့သည်။ ထိုစဉ်စခန်းရှေ့ကို နွံနွံ့လေးရောက်လာသူမှာ ခင်ခင်နိုင်။

ခင်ခင်နိုင်သည် ဒီပဇော်အနီးရှေ့တွင် ရပ်လိုက်သည်။

"ကိုဇော်... မနှင်းမွှန်ကို သတ်တဲ့ တရားခံကို ဖော်ထုတ်နိုင်ခဲ့ပြီးလား"

"ဖော်ထုတ်နိုင်ခဲ့ပြီနိုင်"

"ဘယ်သူလဲ ကိုဇော်"

"ဘထွန်း"

"ဟုတ်လား... ကိုဇော်"

"ကဲ... နိုင် ကိုဇော်တို့ သွားကြစို့"

"ဘယ်ကိုလဲ ကိုဇော်"

"ချစ်ကမ္ဘာလေးဆီကိုပေါ့"

"ဟွန်... မုန်းဖို့ကောင်းတာပဲ"

"အဲဒီလိုပြောလိုက်ပုံလေးကိုက ချစ်စရာ"

"သိပ်ကဲတာပဲ... သွားကြစို့ကိုဇော်"


"ချစ်ကမ္ဘာလေးဆီကိုလား နိုင်"

"ဟုတ်"

ခင်ခင်နိုင်သည် ရှက်သွေးလေးမို့မို့မှာ ပြုံးကြည်ရွှန်းစိုပြီး ဒီပဇော်၏ လက်ကိုဆွဲကာ ဆိုင်ကယ်ပေါ်တက်လိုက်ကြသည်။

စခန်းရှေ့မှာ ဒီပဇော်နှင့် ခင်ခင်နိုင်တို့နှစ်ကိုယ်ယှဉ်တွဲ ဆိုင်ကယ် လေးသည် ပြေးလွှားမောင်းနှင်နေပါတော့သည်။

ဗညားဦး (အိမ်မဲ)




ဗညားဦး(အိမ်မဲ)၏ ဒုတိယအကြိမ်ထုတ်ဝေခဲ့ပြီးသော
သည်းထိတ်ဆန်းစုံထောက်ဝတ္ထုများ